## ဒီမိုကရေစီလိုလားသူ (၉၀) နီးပါး မြန်မာစစ်အစိုးရက ဖမ်းဆီးထားခြင်း

*၁၊ မတ်၊ ၂၀၀၅*

မြန်မာ့စစ်အစိုးရရဲ့ လူ့အခွင့်ရေးချိုးဖောက်မှု ပိုမိုဆိုးဝါးလာနေကြောင်း မနေ့က ထုတ်ပြန်တဲ့ အမေရိကန် နိုင်ငံခြားရေးဌာနရဲ့ လူ့အခွင့်အရေးနှစ်ပတ်လည် အစီရင်ခံစာ ဖော်ပြထားပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို ညှင်းပန်းနှိပ်စက်တာတွေ တိုင်းရင်းသူ အမျိုးသမီးတွေအပေါ် အဓမ္မပြုကျင့်တာတွေ ဆက်လက် ကျူးလွန်ဆဲဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီမိုကရေစီလိုလားထောက်ခံအားပေးသူ (၉၀) နီးပါးကို ဖမ်းဆီးခဲ့ပြီး အများစုဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။ ဖမ်းဆီးထိန်းသိမ်းခံရသူတွေ ဘယ်နေရာမှာ ထားတယ်ဆိုတာ မသိရသလို မိသားစုတွေနဲ့လည်း တွေ့ခွင့်မပေးခဲ့ဘူးလို့လည်း အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေး အစီရင်ခံစာက ထောက်ပြထားပါတယ်။ ထိန်းသိမ်းခံရသူ အများစုအနေနဲ့ ဥပဒေကြောင်းအရ ခုခံ ကာကွယ်ချေပခွင့်လည်း မရဘူးလို့ဆိုပါတယ်။ ICRC ကြက်ခြေနီအဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် အကျဉ်းသား အခွင့်အရေးလေးတွေ အနည်းငယ် တိုးတက်လာတယ်ဆိုပေမယ့် ထောင်တွင်းအခြေအနေတွေ ဆိုးဝါးနိမ့်ကျဆဲ ဖြစ်တယ်လို့လည်း မနေ့က ထုတ်ပြန်တဲ့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန အစီရင်ခံစာမှာ ဖော်ပြထားပါတယ်ရှင်။ အစသို့

❖

## ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအမှုကို လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေဦးဉာဏ်ဝင်းနှင့် တွေ့ဆုံမေးမြန်းချက်

*၁၊ မတ်၊ ၂၀၀၅*

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးတို့ရဲ့ အမှုကို လိုက်ပါဆောင်ရွက် ပေးမယ့် အဖွဲ့ချုပ်ရှေ့နေတွေကို ထောင်အာဏာပိုင်တွေက ဒီကနေ့ ဝင်ခွင့်မပေးခဲ့ဘူးလို့ သိရပါတယ်။ ဦးခွန်ထွန်းဦး မိသားစုရဲ့ ပါဝါ အပ်နှင်းချက်အရ အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်းနဲ့ ဦးဉာဏ်ဝင်းတို့ နှစ်ဦး ဒီကနေ့ အင်းစိန်ထောင်ကို သွားရောက်ခဲ့ပေမယ့် အဝင်ဝမှာတင် ငြင်းပယ်ခံခဲ့ရတယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးဉာဏ်ဝင်းကို ဆက်သွယ်မေးမြန်းတဲ့အခါ သူကအခုလို စတင်ရှင်းပြပါတယ်။

" ဟုတ်ပါတယ်။ ကျနော်တို့ကို ဝင်ခွင့်မပြုပါဘူး။ အဲ သူတို့က အထက်အာဏာပိုင်တွေရဲ့ အမိန့်အရ ဝင်ခွင့်မပြုနိုင်ဘူးလို့ အဲဒီလိုပဲ ပြောပါတယ်။ ဦးခွန်ထွန်းဦးတို့အမှုကို လိုက်ပါဆောင်ရွက်ဖို့ လာတာလို့ အန်ကယ်တို့က ပြောပြတယ်။ သူတို့က ခဏစောင့်ပါဆိုရင် (၅) မိနစ်လောက်ကြာတော့ အဲဒီလိုပြောတယ်။ ထောင်အရာရှိပေါ့။ သူက ကျနော်တို့ကို ပြောတဲ့လူက ပခုံးမှာအပွင့်ပါတယ်လေ။ အခေါ်အဝေါ်တော့ အန်ကယ်မသိဘူး။ အရာရှိထဲကပေါ့ တယောက် အန်ကယ်တို့က ဒီနေ့ ရုံးထုတ်မယ်လို့ သတင်းကြားတယ်။ သူတို့ကို မေးတယ် ဦးခွန်ထွန်းဦးတို့အမှု ဒီနေ့ရှိတယ် စစ်နေတယ် ရုံးထုတ်မလားဆိုတော့ သူတို့မသိပါဘူးလို့ ဖြေတယ်။ "

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ရှင့်၊ အန်ကယ်တို့က ဦးခွန်ထွန်းဦးမိသားစုရဲ့ ပါဝါလွှဲချက်အရ သွားတာ မဟုတ်ဘူးလားရှင့်။ ဘာကြောင့်ဝင်ခွင့်မပေးတာလဲ။

" ကျနော်တို့ကို လိုက်ပါဆောင်ရွက်ပေးဖို့ သူတို့က ကိုယ်စားလှယ် လွှဲအပ်တယ်ဆိုတဲ့ စာရှိတယ်။ ဒါပေမယ့်လို့ တရားရုံးမှာကျတော့ ကာယကံရှင်တွေကိုယ်တိုင် လွှဲဖို့လိုတယ်လေ။ သူတို့လွှဲတာနဲ့ ကျနော်တို့က တရားရုံးရှေ့မှာ ကိုယ်စားလှယ်စာ တင်လို့မရဘူး။ ကာယကံရှင် စွပ်စွဲခံရတဲ့ တရားခံတွေပေါ့။ တရားခံတွေ ကိုယ်တိုင်က လွှဲဖို့လို တယ်လေ။ "

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ရှင့် မိသားစုက အန်ကယ်တို့ကို အကူအညီတောင်းထားပြီး ဒါပေမယ့် အခု ဝင်ခွင့်မရဘူးဆိုတော့ အန်ကယ်တို့ ဘာဆက်လုပ်မလဲရှင့်။

" အဲတာ ကတော့လေ အန်ကယ်ပြောချင်တာက အန်ကယ်တို့အနေနဲ့တော့ သူ့မိသားစုက အကူအညီတောင်းပေမယ်လို့ ကာယကံရှင်တွေရဲ့ တရားဝင်လွှဲစာ ကျနော်တို့မှာ မရှိသေးဘူးလေ။ ဒါ သူတို့နဲ့တွေ့မှ ရမယ့်ကိစ္စကိုး။ အဲတော့ ကျနော်တို့ အနေနဲ့တော့ အဖွဲ့ချုပ်အနေနဲ့တော့ သူတို့ကိုယ်စား ဆောင်ရွက်ပေးဖို့တော့ မဖြစ်နိုင် သေးဘူးပေါ့။ "

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့၊ ရုံးထုတ်တယ် သတင်းကြားပြီးတော့ ဟို ရှေ့နေတွေကို ဝင်ခွင့်မပေးဘူးဆိုတော့ တကယ်လို့များ အန်ကယ်တို့ကို ဒီအတိုင်း (၂) လ၊ (၃) ထပ်ပြီးတော့ တားမြစ်ထားဦးမယ် ဆိုရင်ရော၊ ဒါကို ဘယ်လိုယူဆလို့ ရမလဲရှင့်။

" အဲဒီလိုဆိုရင်တော့ ဥပဒေအရ ပေးထားတဲ့ ခုခံချေပခွင့်ကို မပေးဘူးလို့ အန်ကယ်တို့ ဒီလိုပဲ ပြောရမှာပဲ။ "

ဒါကတော့ ရှေ့နေဦးဉာဏ်ဝင်းကို ဆက်သွယ်မေးမြန်းခဲ့တာပါ။ အာဏာပိုင်တွေက ဘာမေးမေး ငြင်းပယ်နေတဲ့ အတွက် ဦးခွန်ထွန်းဦးတို့ကို ဒီကနေ့ အမှု စစ် မစစ် ဆိုတာကိုတောင် အတည်ပြုရ ခက်နေတယ်လို့လည်း သူက ပြောပါ တယ်။ ဒါ့အပြင်

ဦးခွန်ထွန်းဦးတို့နဲ့ ရှေ့ဆင့်နောက်ဆင့် ဖမ်းဆီးခံထားရတဲ့ SSPC ဥက္ကဌ ဗိုလ်ချုပ်ဆေထင် တခြား ရှမ်းခေါင်းဆောင်တွေနဲ့ ဦးသုဝေ၊ ဒေါ်ချိုချိုကျော်ငြိမ်းတို့နဲ့ ပတ်သက်ပြီး သတင်းတစုံတရာ မရသေးဘူးလို့လည်း ဦးဉာဏ်ဝင်းက ပြောကြားသွားပါတယ်။

အစသို့

❖

## နိုင်ငံရေးအကျဉ်းသားကိုမောင်မောင်မြင့်ရဲ့ မျက်စိရောဂါ ခံစားနေရ

*၁၊ မတ်၊ ၂၀၀၅*

အလင်းရောင် ကောင်းကောင်းမရတဲ့ တိုက်ခန်းကျဉ်းထဲမှာ ကာလကြာရှည်နေရတဲ့အတွက် နိုင်ငံရေး အကျဉ်းသား ကိုမောင်မောင်မြင့် မျက်စိရောဂါခံစားနေရကြောင်း သိရပါတယ်။ အသက် (၃၄) နှစ်သာ ရှိသေးတဲ့ ကို မောင်မောင်မြင့်ဟာ အခုအခါ မျက်စိမှုန်စ ပြုနေပြီး စာကောင်းကောင်း မဖတ်နိုင်ဘူးလို့လည်း သိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ သောကြာနေ့ကမှ ထောင်ဝင်စာသွားတွေ့ခဲ့တဲ့ ဖခင် ဦးအောင်မြင့်က အခုလို ပြောပြပါတယ် ရှင်။

" မျက်စိတော်တော်လေးကို ဟိုဒင်းဖြစ်လို့လေ သူက ဒီအုတ်နံရံပဲ ကြည့်နေရတော့ မျက်စိမကောင်းဘူးဖြစ် နေတယ်။ မျက်စိက ဘာလည်းဆိုတော့ အလင်းရောင်မှ သိပ်မကြည့်ရပဲ မိုးကောင်းကင်တို့ ဘာတို့ကို ကြည့်ခွင့် မရဘူးလေ။ နောက်ပြီးတော့ စိမ်းစိမ်းစိုစိုကို သိပ်ကြည့်ခွင့်မရဘူး လှမ်းကြည့်လိုက်ရင်လည်း ရှေ့က မျက်နှာချင်းဆိုင်ကဆိုလည်း တိုက်ပဲ။ ဟို ပတ်ဝန်းကျင်ကြည့်လည်း နံရံလေးဖက်ပဲ ရှိတာကိုး။ ဟို အန်ကယ်လည်း ရောက်ဘူးတော့လေ သိတယ်၊ ဒီဟာ တော်တော်လေး မျက်စိတော့ အဖက်စ် ဖြစ်တယ်။ အဲဒါနဲ့ ဟို မျက်စင်းတွေ ဘာတွေယူ လုပ်ပေးရတာပေါ့လေ။ "

ကိုမောင်မောင်မြင့်ရဲ့ ဖခင် ဦးအောင်မြင့် ဖြစ်ပါတယ်။ လှိုင်တက္ကသိုလ် ဒုတိယနှစ်ကျောင်းသားဖြစ်တဲ့ ကိုမောင်မောင်မြင့်ကို နိုင်ငံတော် ဆူပူမှုဖြစ်အောင် လှုံ့ဆော်တယ်ဆိုတဲ့ စွဲချက်နဲ့ (၁၉၉၀) ခုနှစ်မှာ ပထမအကြိမ် ဖမ်း ဆီးပြီး ထောင် (၅) နှစ်ချမှတ်ခဲ့ပါတယ်။ အဲဒီနောက် (၂၀၀၃) ခု၊ ဖေဖော်ဝါရီလမှာ ဒုတိယအကြိမ် ထပ်မံဖမ်းဆီးပြီး ထောင် (၂၈) နှစ် ချမှတ်ခဲ့တာ ဖြစ်တယ်လို့လည်း ဦးအောင်မြင့်က ဆက်လက်ပြောပြပါတယ်။

" ဟိုတုန်းက (၉၀) ခုနှစ်က တခါကျတယ်လေ (၉၀) ခုနှစ်က ကျတော့ ဟို (၉၄)မှာမှ သူပြန်ထွက်တယ်။ (၅) နှစ်ပေါ့ အဲဒီတုန်းက (၅) နှစ်ချတယ်။ အဲဒါက အခုတခါ ဘိုးတော်ခင်ဝင်းတို့နဲ့ အတူကျတယ်လေ။ ထောင်က အခု (၂၈) နှစ်၊ (၂၈) နှစ်ကလည်း အနှစ် (၂၀) က တသက်တကျွန်းနဲ့ ညီထားတဲ့ ဒဏ်ပေါ့။ နောက်တခါ (၅) နှစ်က တမျိုး၊ နောက် (၃) နှစ်က တမျိုး ပုဒ်မ (၃) ခုတပ် တယ်ပေါ့။ (၅) ညပါတယ်။ နောက် (၁၇) (၁)၊ (၂) ထင်ပါရဲ့ အဲဒီလို လုပ်တယ်။ နောက် ဒါပေမယ့် ဟိုဒင်း သူ့ကိုချတဲ့ပုဒ်မကတော့ ပုဒ်မ (၃) တဲ့၊ နိုင်ငံတော် အစိုးရကကို အကြည်ညိုအောင်လုပ်မှုပေါ့။ အညွန့်ချိုးသွားတာတော့ ဘာမှတော့ ဟုတ်တော့မဟုတ်ပါဘူး။ လုပ်တဲ့ အလုပ်ကလေ အဲ ဒီလောက် ဆူပူ အောင်လည်း လုပ်နိုင်တဲ့ အင်အားလည်း ရှိတာလည်း မဟုတ်ပါဘူး။ ဒါပေမယ့်လို့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးက သိပ်ပြီးတော့ နည်းပါးနေတဲ့အခါကျတော့ အဲဒီ ဖြစ်သွားတာပေါ့။ "

ဦးအောင်မြင့် ကိုယ်တိုင်ကလည်း နိုင်ငံရေးအကျဉ်းသားဟောင်း တဦးဖြစ်ပြီး (၁၉၉၅) ခုနှစ်မှ အကျဉ်း ထောင်က ပြန်လွတ်လာတာ ဖြစ်ပါတယ်။ သူထောင်က ပြန်လွတ်လာချိန်မှာ မြန်မာ့ရေနံလုပ်ငန်းမှာ နှစ်ရှည် လုပ်ကိုင်ခဲ့တဲ့ ပင်စင်ခံစားခွင့်ကို စစ်အစိုးရ ဖြတ်တောက်ပစ်ခဲ့တယ်လို့လည်း အခုလို ဆက်လက် ပြောပြသွားပါတယ်ရှင်။

" အန်ကယ်က ဟိုဒင်းပါ (၉၅) မှာပေါ့လေ။ (၉၅) မှာ အန်ကယ်ပြန်ထွက်လာကာ ထွက်လာတော့ ဟို ဟာ တိုင်းမှူးက ဗိုလ်ချုပ်ခင်မောင်သန်းလေ။ ဗိုလ်ချုပ်ခင်မောင်သန်း လက်ထက်မှာ သူက အလုပ်တွေများလို့ အစည်းအဝေး မတက်နိုင်ဘူးဆိုပြီးတော့ အန်ကယ်က ပင်စင်လေ ရီတာယယ် အဲဒါကို အန်ကယ်ပင်စင်က မရဘူး။ မရ ပေမယ့် အန်ကယ်က နောက်ပိုင်း ဒီဟာကိုလည်း ဘရိုတ် မလုပ်တော့ဘူး။ ဟို အန်ကယ် ပင်စင်နဲ့မှာလေ ပင်စင် စာအုပ်ထဲမှာ ရေးထားတာက တရားရုံးကတောင်မှ ဒီဥစ္စာကို သိမ်းပိုက်ခွင့်မရှိဘူးပေါ့။ ပင်စင်စားတယောက်ရဲ့ စာအုပ်ကိုပေါ့လေ။ ဟိုရပိုင်ခွင့်နဲ့ ပတ်သက်လို့ ငွေကြေးကိုပေါ့။ အဲလိုတွေရှိတယ်။ ရှိတာကို အခု သူတို့လက်ထက်ကတော့ အန်ကယ် အသိမ်းခံရတယ်ပေါ့။ "

အင်းစိန်ထောင်မှာ နှစ်ရှည်ထောင်ချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုမောင်မောင်မြင့်ရဲ့ဖခင် ဦးအောင်မြင့်ရဲ့ ပြောကြားချက်တွေဖြစ်ပါတယ်။

အစသို့

❖

## ဦးခွန်ထွန်းဦးနဲ့ တွေ့ခွင့်မပေးတာဟာ တည်ဆဲဥပဒေကို နအဖက ချိုးဖောက်တာဖြစ်တယ်လို့ အဖွဲ့ချုပ် ရှေ့နေတွေကပြောကြား

*၂၊ မတ်၊ ၂၀၀၅*

ဖမ်းဆီးခံနေရတဲ့ ရှမ်းအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးနဲ့ သူတို့ရှေ့နေတွေကို တွေ့ခွင့်မပေးဖို့ငြင်းဆိုတာဟာ နအဖဘက်က တည်ဆဲဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို ချိုးဖောက်ရာကျတယ်လို့ အဖွဲ့ချုပ်ရှေ့နေတွေက ပြောကြားလိုက်ပါတယ်။ ဦးခွန်ထွန်းဦးနဲ့ ဦးစိုင်းညွန့်လွင်တို့ရဲ့ မိသားစုဝင်တွေက တာဝန်ပေးချက်အရ မနေ့က အင်းစိန်ထောင်ကို သွားခဲ့သူ အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်းနဲ့ ဦးဉာဏ်ဝင်းတို့ကို တွေ့ခွင့်မပေးနိုင်ဘူးလို့ ထောင်အာဏာပိုင်တွေက ငြင်းဆိုလိုက်ပြီးတဲ့နောက် အဖွဲ့ချုပ်ရှေ့နေတွေက အခုလို ပြောဆိုလိုက်ခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းငြိမ်းဥက္ကဌ ဗိုလ်ချုပ် စိန်တင်၊ ဒီမိုကရေစီပါတီ ဥက္ကဌ ဦးသုဝေ အပါအဝင် အခြား ဖမ်းဆီးခံပုဂ္ဂိုလ်တွေကိုလည်း အမြန်ဆုံးရှေ့နေတွေ မိသားစုဝင်တွေနဲ့ တွေ့ခွင်ပေးဖို့ အဖွဲ့ချုပ်ရှေ့နေတွေက တောင်းဆိုလိုက်ပါတယ်။ ဒီလိုတွေ့ခွင့်ရအောင် မနက်ဖြန် ရုံးပြန်ဖွင့်ချိန်မှာ အင်းစိန်ထောင်ကို ထပ်သွားအုံးမယ်လို့လည်း ဒီအမှုကို လိုက်ပါဖို့ တာဝန်အပ်နှင်းခံထားရသူ အဖွဲ့ချုပ်ရှေ့နေတွေကပြောပါတယ်။ ဒီဗွီဘီကနေ စုံစမ်းရရှိထားတဲ့ သတင်းတွေအရ အခုအချိန်အထိ ဖမ်းဆီးခံထားရသူ ဦးရေ အနည်းဆုံး (၁၇) ဦးရှိပြီး အမည်နဲ့ တာဝန်တွေကတော့ ရှမ်းအဖွဲ့ချုပ်ဥက္ကဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်၊ အဖွဲ့ဝင် စိုင်းလှအောင်နဲ့ စိုင်းသာဦးနဲ့ ရှမ်းငြိမ်းဥက္ကဌ ဗိုလ်ချုပ်စိန်တင် UWSA အဖွဲ့ တောင်ကြီးရုံးခွဲတာဝန်ခံ ဝေထင်ကျိုးနဲ့ သူ့ရဲ့လက်ထောက်တဦး ရှမ်းဝါရင့် ဦးရွှေအုံး၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးညွန့်မောင်၊ ဦးဘသင်နဲ့ ဦးထွန်းညို၊ UNLD မှ ဦးစိုင်တောင်းနဲ့ ဦးကျော်ဝင်း၊ တိုင်းရင်းသားဒီမိုကရေစီပါတီဥက္ကဌ ဦးသုဝေ၊ ဖဆပလအဖွဲ့မှ ဒေါ်ချိုချိုကျော်ငြိမ်းနဲ့ သူရဲ့ သမီးမဥမ္မာတို့ဖြစ်ပါတယ်။

မခင်လင်းထက် – ဒါ့အပြင်အတည်မပြုနိုင်သေးတဲ့ သတင်းတွေအရ ဒီဖမ်းဆီးမှုထဲမှာ နအဖသတင်းပေး တက္ကသိုလ်ကျောင်းသားအမည်ခံ အေးလွင်ဆိုသူလည်း ပါဝင်နေပါတယ်။ သူဟာ ဒီမိုကရေစီအင်အားစုတွေကို တိုက်ခိုက်ဝေဖန်သူတဦးဖြစ်တဲ့အတွက် ဒီအမှုမှာ ဘယ်လိုပါဝင်နေတယ်ဆိုတာ မရှင်းမလင်းရှိနေဆဲဖြစ်ပါတယ်။ အစောပိုင်းက ရရှိတဲ့သတင်းတွေအရတော့ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းတုန်းက ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီကနေ နအဖဥက္ကဌနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေဆီတင်ပြခဲ့တဲ့ နိုင်ငံရေး အကြံပေးရေးအဖွဲ့ ဖွဲ့သင့်တယ်ဆိုတဲ့ အချက်ကို အေးလွင်နဲ့ အဖွဲ့က ခိုးယူအသုံးချပြီး ဖေဖော်ဝါရီလ (၇) ရက် ရှမ်းပြည်နယ်နေ့ တောင်ကြီးမြို့ညစာစားပွဲမှာ သူတို့ဖွဲ့ထားတဲ့ လူစာရင်းနဲ့ ကြေငြာချက်တွေကို ချပြခဲ့တာဖြစ်နိုင်တယ်လို့ ရန်ကုန်ရှိ နိုင်ငံရေး သတင်းရပ်ကွက်တွေက ယူဆထားပါတယ်။ အခုရရှိတဲ့ သတင်းတွေအရတော့ အေးလွင်ဆိုသူရေးဆွဲတင်ပြတဲ့ ရှမ်းပြည်အတိုင်ပင်ခံကော်မတီမှာ ဦးရွှေအုံးက နာယက၊ ဦးသုဝေက ဥက္ကဌနဲ့ ဒေါ်ချိုချိုကျော်ငြိမ်းက ဒုဥက္ကဌအဖြစ် နေရာတွေမှာ ဖော်ပြထားတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် တောင်ကြီး အစည်းအဝေး ဖမ်းဆီးမှုနဲ့ ရန်ကုန်က ဦးခွန်ထွန်းဦးတို့ ဖမ်းဆီးမှုဘယ်လိုများ ဆက်စပ်နေသလဲ၊ ဘယ်လိုပုဒ်မတွေနဲ့ စွဲချက်တင်မလဲ၊ အေးလွင်ကိုရော နအဖက ဘယ်လိုအရေးယူမှာလဲ စတဲ့အချက်တွေကိုတော့ အခုအချိန်အထိ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူးရှင်။

အစသို့

❖

## တောင်ကြီးမြို့နယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင် ထပ်မံဖမ်းဆီးခံရ

*၃၊ မတ်၊ ၂၀၀၅*

ဇန်နဝါရီလ (၃)ရက်နေ့ကမှ သရက်ထောင်ကပြန်လွှတ်လာတဲ့ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို စစ်ထောက်လှမ်းရေးတွေက ပြန်လည် ဖမ်းဆီးလိုက်ကြောင်းသိရပါတယ်။ ဖေဖော်ဝါရီလ (၂၅) ရက်နေ့ညနေပိုင်းမှာ နယ်မြေခံ စစ်ထောက်လှမ်းရေးတွေက မေးစရာရှိလို့ ခဏလိုက်ခဲ့ပါဆိုပြီး နေအိမ်ကနေ ခေါ်သွားတာလို့ သိရပါတယ်။ မိသားစုနဲ့ အဖွဲ့ချုပ်ဝင်တွေက လိုက်လံစုံစမ်းပေမယ့် အခုအချိန်အထိ ဦးကျော်ခင်နဲ့ လုံးဝ တွေ့ခွင့်မရသေးတဲ့အတွက် ဘယ်မှာဖမ်းထားတယ်ဆိုတာ အတိအကျမသိရသေးဘူးလို့ တောင်ကြီးမြို့က အဖွဲ့ချုပ် အဖွဲ့ဝင်တွေက ပြောပါတယ်။ အခုလို ဦးကျော်ခင် ထပ်မံဖမ်းဆီးခံရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ပိုမိုသိရှိနိုင်ဖို့ တောင်ကြီးမြို့နယ်အဖွဲ့ချုပ် ဥက္ကဌ ဒေါ်သန်းဝေကို ဆက်သွယ် မေးမြန်းကြည့်တဲ့အခါ အခုလိုစတင်ရှင်းပြထားပါတယ်။

"သူက ၂၃ရက် ၂၄ရက်နေ့ညနေကို ရန်ကုန်ကနေပြည်ထောင်စုအခမ်းအနား NLD ရုံးမှာလုပ်တဲ့ ပြည်ထောင်စုနေ့ အခမ်းအနားကို သွားတက်ပြီး ၂၄ရက်နေ့ညနေမှာပြန်ရောက်တယ်။ ၂၅ရက်နေ့ ညနေကျတော့ သူ့ကိုခေါ်သွားတာ။ ဘယ်သူ ခေါ်သွားမှန်းလည်းမသိဘူး။ ခဏလိုက်ခဲ့ပါဆိုပြီး ခေါ်သွားပြီး အခုအချိန်အထိ ပြန်မရောက်လာဘူး။ အိမ်ပြန်မလာဘူး။

ကျမတို့အဖွဲ့ထဲကလည်း လိုက်တယ်လေ။ ကျမတို့အဖွဲ့ထဲနဲ့ သူ့သားနဲ့ လိုက်ပြီးတော့မှ ဟိုမေး၊ ဒီမေးပေါ့၊ ခေါ်သွားတုန်းကတော့ ရဲစခန်းကနေ လာခေါ်သွားတာလေ။ ရဲစခန်းကနေ SB2 ရုံးရောက်သွားတယ်၊ SB2 ရုံးကနေ အဲ့လိုမျိုးသူတို့က ကောင်းကောင်းမွန်မွန် ဟို… စောင့်ရှောက်ထားပါတယ်တဲ့၊ ဘာမှစိတ်မပူနဲ့လို့ ပြောတယ်။ ကျန်တာ ဘာမှမပြောဘူး။ တွေ့လည်း မတွေ့ရဘူး။ မနေ့ကမှသိတာ အဲ့ဒီ တောင်ကြီးမှာပဲရှိတယ်။ အဲ့ဒီ ထောက်လှမ်းရေးဝန်းထဲမှာပဲ ခေါ်ထားတယ်ဆိုတာ မနေ့ကမှ နည်းနည်း အရိပ်အမွက်လေးသိရတာလေ။ စောစောက စုံစမ်းလို့တောင်မရဘူး။ ” ဒေါ်သန်းဝေဖြစ်ပါတယ်။
သရက်ထောင်က ပြန်လွတ်လာကတည်းက အဖွဲ့ချုပ်လုပ်ငန်းတွေကို အဆက်မပြတ် လုပ်ဆောင်နေတဲ့ ဦးကျော်ခင်ကို တောင်ကြီးမြို့ အစည်းအဝေးနဲ့ တစုံတရာ ပတ်သက်မှုရှိနိုင်တယ်လို့ အထင်မှားပြီး ဖမ်းဆီးတာ ဖြစ်နိုင်တယ်လို့ ဒေါ်သန်းဝေက အခုလို သုံးသပ်ပြောပြထားပါတယ်။ "အင်း… သူကလေ အခုမှ ထွက်လာခါဆိုတော့ အရင် NLD အဖွဲ့ဝင်တွေပေါ့နော် ဒီမြို့နယ်တွေမှာရှိတဲ့ အဖွဲ့ဝင်တွေကို သူလိုက် နှုတ်ဆက်တယ်။ သူလိုက်တွေ့တယ်။ အဲ့ဒါတွေပဲ သူလုပ်တာပဲ။ အဖွဲ့ဝင်တွေကို အားကုန်လုံး သူ လိုက်နှုတ်ဆက်တာပဲ ရှိပါတယ်။ တခုတော့ရှိတယ် အဲ့ဒီ ဦးမြင့်သန်းကိစ္စနဲ့များ ပတ်သက်နေလားမသိဘူး ဆိုပြီးတော့မှ သူ့ကို မသင်္ကာလို့ခေါ်တာဖြစ်ပါလိမ့်မယ်။ အမှန်တော့ သူနဲ့ ဦးမြင့်သန်းနဲ့လည်း ဘာမှ မဆိုင်ပါဘူး။ အဲ့ဒီအထဲမှာတော့ လုံးဝမပါဘူး။ အထင်မှားပြီးခေါ်တယ်လို့ ထင်တာပဲ" တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို အခုလ ၂၅ရက်နေ့က ပြန်လည်ဖမ်းဆီးခံရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ မြို့နယ်အဖွဲ့ချုပ် ဥက္ကဌ ဒေါ်သန်းငွေရဲ့ ပြောပြချက်ဖြစ်ပါတယ်။ ဦးကျော်ခင်ကို လွန်ခဲ့တဲ့ ၁၉၉၆ ခုနှစ်ကတည်းက အဖွဲ့ချုပ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းခဲ့တယ်လို့ဆိုပြီး စစ်ထောက်လှမ်းရေးကပဲ ဖမ်းဆီးထောင်ချခဲ့ဖူးပါတယ်။ စုစုပေါင်းထောင် (၁၀) နှစ်ချမှတ်ခံခဲ့ရတာဖြစ်ပြီး အခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့ကမှ သရက်ထောင်က ပြန်လွတ်လာတာဖြစ်ပါတယ်။

အစသို့

❖

## လားရှိုး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းငွေအား လားရှိုးမှ မန္တလေးထောင်သို့ပြောင်းရွှေ့

*၃၊ မတ်၊ ၂၀၀၅*

ရှမ်းပြည်နယ်လားရှိုးမြို့နယ်ကိုယ်စားလှယ် ဦးသန်းငွေကို လားရှိုးထောင်ကနေ မန္တလေးထောင်ဆီ ပြောင်းရွှေ့လိုက်ကြောင်းသိရပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့ကပြောင်းရွှေ့လိုက်တာဖြစ်ပြီး၊ ဘာကြောင့် အခုလို ထောင်ပြောင်းလိုက်တယ်ဆိုတာကိုတော့ မသိရသေးဘူးလို့ မိသားစုဝင်တွေက ပြောပါတယ်။ ဦးသန်းငွေထောင် ပြောင်းခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဦးသန်းငွေအမှုကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ရှေ့နေ ဦးစိုင်းမြင့်မောင်ကို ကျမတို့ ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ သူကအခုလိုပြောပြထားပါတယ်။

"၂၅ရက်နေ့က ဦးသန်းငွေကို လားရှိုးကနေပြီးတော့မှ မန္တလေးကိုခေါ်သွားတယ်လို့ ကျနော်တို့သိရပါတယ်။ အကြောင်းကြားလို့သိတာမဟုတ်ပါဘူး။ ဘူတာရုံမှာ ဦးသန်းငွေကို တွေ့လိုက်ရတဲ့ ဦးသန်းငွေသားရဲ့ သူငယ်ချင်းတွေ က တွေ့လိုက်တာပါ။ တွေ့လိုက်ရလို့ ကျနော်တို့ကိုပြောပါတယ်။ ပြောတဲ့အခါကျတော့ သူတို့မိသားစု သိပါတယ်။ သူတို့ မိသားစု စုံစမ်းကြည့်တယ်။ စုံစမ်းကြည့်ပြီးတော့မှ သိရတာ ဘာလဲဆိုလို့ရှိရင် မန္တလေးကိုခေါ်သွားတယ်လို့ ကျနော်တို့က သိရတယ်။ မိသားစုကိုအကြောင်းကြားတာ မဟုတ်ပါဘူး။ ဒီလိုပဲ ထောင်းပြောင်းသွားတာသိရတာ။ အခုတော့ မန္တလေးမှာရှိတုန်းပဲလို့ သိရတယ်။ မန္တလေးမှာပဲ ထားမလား။ နောက်ထပ် တခုထပ်ပို့မလားဆိုတာကတော့ သူတို့ဘက်က အာဏာပိုင်တွေရဲ့ သဘောပါပဲ။ " ဦးစိုင်းမြင့်မောင်ပြောပြခဲ့တာပါ။

ဦးသန်းငွေအမှုကို ပြန်လည်ပြင်ဆင်ပေးဖို့ တင်ပြထားတဲ့ကိစ္စကိုလည်း ရှမ်းပြည်မြောက်ပိုင်းတရားရုံးက ဒီကနေ့ပဲပယ်ချလိုက်တယ်လို့ ဦးစိုင်းမြင့်မောင်ကပြောပါတယ်။ ဦးသန်းငွေကို အာဏာပိုင်တွေက ထောင်ပြောင်းလိုက်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဦးစိုင်းမြင့်မောင်က အခုလို ဆက်လက် ပြောကြားထားပါတယ်။ "ထောင်ပြောင်းတဲ့အပေါ်မှာကတော့ သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့ အစီအစဉ်နဲ့ သူတို့ဘက်ကလည်းပဲ သူတို့ဘက်က ခိုင်လုံတဲ့ အကြောင်းပြချက် ဘာရှိလဲ ကျနော်တို့ မသိဘူးပေါ့နော်။ ဘာကြောင့်လဲဆို သူတို့ဘက်က ဘာမှပြောတာမှမဟုတ်တာ။ ကျနော်တို့ကတော့ ဘယ်ကိုရွှေ့ထားတယ်ဗျာ၊ ဘာအကြောင်းကြောင့် ဒီလိုသိသာမြင်သာတဲ့ အချက်မျိုး ကျနော်တို့က မသိရဘူး။ ကျနော်တို့ သိတာကတော့ ဘာလဲဆိုရင် သူနိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့မှ ဦးသန်းငွေကို အရေးယူတယ်လို့ ကျနော်တို့က စိုက်လိုက်မတ်တပ်ပြောတယ်။ သူတို့ကမဟုတ်ဘူး။ ဦးသန်းငွေကို နိုင်ငံရေးနဲ့ ပတ်သက်လို့ အရေးမယူဘူး။ ဦးသန်းငွေလက်ထဲမှာ လိုင်စင်မဲ့ပစ္စည်းတွေတွေ့လို့

အရေးယူတာပဲ သူတို့ စိုက်လိုက်မတ်တပ်ပြောတယ်။ ပြောပြီးတော့မှာ ဦးသန်းဌေးကို အရေးယူတယ်။ ဦးသန်းဌေးကို အပြစ်ပေးတယ်။ အဲ့တော့ အဲ့လိုအပြစ်ပေးတဲ့အခါမှာလည်း ကျနော်တို့ဒေသမှာ ဒီလိုပစ္စည်းမျိုးနဲ့ ပတ်သက်ပြီးတော့မှ အပြစ်ပေးတဲ့ အမှုတွေထဲမှာ ဦးသန်းဌေးရဲ့ အပြစ်ဒဏ်အများဆုံးပဲ ဖြစ်လိမ့်မယ်လို့ ဒီလိုမြင်တယ်။ အဲ့ဒီအပေါ်မှာလည်းပဲ ကျနော်တို့က ပြောတဲ့အခါမှာကျတော့ သူတို့ကမဟုတ်ဘူး။ ဒါနိုင်ငံရေးသမား မဟုတ်ဘူးလို့ စိုက်လိုက်မတ်တပ်ပြောတယ်။ ပြောတော့ အခုကျတော့ ဦးသန်းဌေးကို ဒီလိုရွှေ့လိုက်တာဟာ ဦးသန်းဌေးကို နိုင်ငံရေးသမားပါပဲလို့ သူတို့ အသိအမှတ်ပြုနေတယ်၊ ထင်ရှားတယ်လို့ ကျနော်ဒီလိုပဲ မြင်ပါတယ်။" ဦးသန်းဌေးကို လားရှိုးကနေ မန္တလေးထောင်ဆီကိုပြောင်းရွှေ့လိုက်တာဟာ မိသားစုတွေပိုမိုဒုက္ခရောက်အောင် အာဏာပိုင်တွေက တမင်ဖန်တီးတာဖြစ်နိုင်တယ်လို့လည်း ဦးစိုင်းမြင့်မောင်က ပြောပါတယ်။ မိသားစုဝင်တွေကလည်း အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးသန်းဌေးနဲ့ ဆက်စပ်ပြီး သားဖြစ်သူပါ ဖမ်းဆီးထောင်ချခံရတဲ့အပေါ် ဘယ်လိုမကျေမနပ် ဖြစ်နေကြတယ်လို့လည်း ဦးစိုင်းမြင့်မောင်က အခုလိုပြောပြထားပါသေးတယ်။ "ဦးသန်းဌေးရဲ့ မိသားစုကတော့ ခံစားရတာပေါ့ဗျာ။ ဘာကြောင့်လဲဆိုတော့ ဦးသန်းဌေးကို နိုင်ငံရေးလုပ်နေတဲ့နိုင်ငံရေးသမားလို့ အရေးယူတာကို သူ့ဇနီးသည်တယောက်အနေနဲ့ ပြောစရာမရှိပါဘူး။ သို့သော်လည်းပဲ သူ့သားအကြီးပါသွားတယ်။ သူ့သားအကြီးက တကယ်တမ်းကျတော့ သူ့အဖေကြောင့်ခံရတာပေါ့ဗျာ။ ဘာကြောင့်လဲဆိုတော့ သူ့သားတွေ လုပ်နေတဲ့လုပ်ငန်းမျိုးကို လားရှိုးမှာ သူ့သားထက် အဆပေါင်းများစွာ ချမ်းသာတဲ့သူတွေလုပ်နေတာ ရှိပါတယ်။ ဒီလူတွေကျနော်တို့က အပြစ်ပြောတာ မဟုတ်ပါဘူး။ ဦးသန်းဌေးနဲ့သာ မပတ်သက်ရင် သူ့သား ဒီလိုလုပ်ငန်းမျိုး လုပ်နေရုံနဲ့ ဒီလိုအမှုနဲ့ ဒီလိုရက်ရှည်ထောင်ဒဏ်ကျစရာ၊ နှစ်ရှည်ထောင်ဒဏ်ကျစရာမရှိပါဘူး။ အခုတော့ကျသွားပြီ။ ကျသွားတဲ့အခါမှာ ဦးသန်းဌေးရဲ့ ကတောရဲ့ ခံစားချက်က ဘယ်လိုရှိလဲဆိုတော့ ဦးသန်းဌေးဖြစ်တဲ့ အပေါ်မှတော့ သြော်ဒါက တနေ့ကျရင် ဒီလိုပဲ မလွဲမသွေဖြစ်နိုင်တယ်လို့ သူက သိထားပြီးသားဆိုတော့ ဒီအပေါ်မှာ ဖီလင်သိပ်မရှိပါဘူး။ ဒါပေမယ့်လို့ သားကပါသွားတယ်။ ဒီသားကလည်း သူအားကိုးရတဲ့သားဖြစ်တယ်။ အဲ့တော့ ပစ္စည်းတွေလည်းပါသွားပြီ။ နောက်တခါ သူ့ကိုရှာဖွေလုပ်ကျွေးနိုင်တဲ့ သူ့ရဲ့သားကြီးလည်းပါသွားပြီ။ အဲ့တော့ စဉ်းစားကြည့်ပေါ့ဗျာ။ အဲ့တော့ သူ့မှာ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းခံစားရတာပေါ့ဗျာ။ " ဦးသန်းဌေးထောင်ပြောင်းခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ရှေ့နေ ဦးစိုင်းမြင့်မောင် ပြောပြသွားတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးကို သားဖြစ်သူ ကိုတူးရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ဆက်နွယ်ပြီး ပြီးခဲ့တဲ့နှစ် ဩဂုတ်လ (၁၁) ရက်နေ့မှာ အာဏာပိုင်တွေက အမှုဆင်ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် အောက်တိုဘာလ (၂၅) ရက်နေ့မှာ ဦးသန်းဌေးနဲ့ သားဖြစ်သူ ကိုတူးတို့ နှစ်ဦးစလုံးကို ထောင် (၅) နှစ်စီချမှတ်ခဲ့တာဖြစ်ပါတယ်ရှင်။

အစသို့

❖

ခွန်ထွန်းဦးနှင့်အဖွဲ့ဝင်များကို ရှေ့နေနှင့်တွေ့ခွင့်မပေး၍ သက်ဆိုင်ရာသို့တိုင်ကြားရန်ပြင်ဆင်နေ

*၃၊ မတ်၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ် ဦးခွန်ထွန်းဦးနဲ့ အဖွဲ့ဝင်တွေကို ရှေ့နေတွေနဲ့ တွေ့ခွင့်မပေးတဲ့အတွက် ဒီကိစ္စကို အရေးယူပေးဖို့ သူတို့ရဲ့ မိသားစုဝင်တွေက သက်ဆိုင်ရာဆီ တိုင်ကြားဖို့ ပြင်ဆင်နေကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့တနင်္လာနေ့မှာ ဦးခွန်ထွန်းဦးတို့နဲ့ တွေ့ခွင့်ရဖို့ အင်းစိန်ထောင်ကိုသွားတဲ့ အဖွဲ့ချုပ် ရှေ့နေနှစ်ဦးကို အာဏာပိုင်တွေက တားဆီးပြီးတဲ့နောက် အခုလို တောင်းဆိုဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒီအမှုရဲ့ နောက်ဆုံးအခြေအနေနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်ရှေ့နေတဦးဖြစ်တဲ့ ဦးအောင်သိန်းက အခုလို စတင်ရှင်းပြထားပါတယ်ရှင်။

"စစ်အာဏာပိုင်အဖွဲ့အစည်းက ခွင့်မပြုဘူးလို့ သူတို့ပြောတာကိုး။ ဝင်ခွင့်မပြုဘူး သူတို့ပြောထားတာကိုး။ ပြောထားတော့ ကျနော်တို့က သူ့မိသားစုကတော့ ဒီနေ့စစ်အာဏာပိုင် အဖွဲ့အစည်းကို ဒီအမှုကိုရှေ့နေနဲ့ ခုခံချေပခွင့် ပေးဖို့နဲ့၊ ဒီအများပြည်သူဆိုင်ရာ တရားရုံးတရုံးမှာ စစ်ပေးဖို့ဆိုပြီးမိသားစု လျှောက်မယ်လို့ပြောတယ်။ " ဦးခွန်ထွန်းဦးတို့အမှုကို လိုက်ပါဆောင်ရွက်ပေးဖို့ သူ့ရဲ့မိသားစုက တာဝန်ပေးအပ်ခြင်းခံထားရသူ ရှေ့နေဦးအောင်သိန်းဖြစ်ပါတယ်။ သူတို့ရှေ့နေတွေကို အာဏာပိုင်တွေက အခုလို တားဆီးပိတ်ပင်တာဟာ လက်ရှိတည်ဆဲဥပဒေအရ ကိုက်ညီမှုရှိပါရဲ့လား ဆိုတဲ့ အမေးကိုတော့ ဦးအောင်သိန်းက အခုလိုဖြေကြားခဲ့ပါတယ်ရှင်။ "ခက်တာက ဒီဟာက တရားရုံးက သူကထောင်ထဲမှာ ရုံးထိုင်တဲ့တရားရုံးကိုး။ ထောင်ဝန်း တာဝန်ခံကနေပြီးတော့ သူကိုခွင့်မပြုဘူး ပြောတယ်ဆိုတာ ဒါအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အနေနဲ့ ပြောတာကိုး။ သူကစပြီး ဝင်ခွင့်မပြုဘူး။ သူ့ဝန်းထဲမှာ စစ်ဆေးမယ့်ဟာကို သူကဝင်ခွင့်မပေးတဲ့ သဘောဖြစ်တာပေါ့။ တခါတလေကျရင်လည်း သူက ဟို ခင်ဗျားတို့ ရှေ့နေငှားခွင့်ပေးတယ်နော်၊ တနာရီ အချိန်ပေးတယ်နော်လို့ ပြောတယ်။ ဒါပေမယ့်

အာဏာပိုင်အဖွဲ့အစည်းက ဒီဘက်ကနေပြီးတော့ ထောင်တာဝန်ရှိတဲ့ ဒီကနေ ဇာတ်တိုက်ပြီး ဝင်ခွင့်မပေးပဲ တားဆီးထားရင်တော့ ဟိုမှာတနာရီ အချိန်ပေးတာလည်း အလကားပဲ။ အဲ့ဒီလိုတွေလည်း အမှုတွေကို ခွင့်ပေးသလိုနဲ့ တဘက်မှာ မှတ်တမ်းရေးပြီးတော့ ရှေ့နေငှားခွင့်ပေးတယ်ပြောပြီး တဘက်မှာလည်း အဲ့လိုဝင်ခွင့်မပေးတာတွေရှိတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (၃၄၀)အရဆိုရင် ဒါ ရှေ့နေငှားရမ်းခုခံခွင့်ဆိုတာ အတိအလင်းပြဋ္ဌာန်းထားတယ်။ ဒါ အများပြည်သူရှေ့မှောက်မှာ တရားစီရင်နိုင်ခွင့်ပေးရမယ်။ နောက်ပြီးတော့ ဒီအမှုမှာခုခံချေပခွင့်ပေးရမယ်။ ဥပဒေကတော့ ပြဋ္ဌါန်းထားတာပဲ။ ဒါခက်တာ တရားရုံးကသူ့ဥပဒေအရ သူပေးထားပေမယ့် တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးအာဏာပိုင်က မပေးဘူးဆိုရင် ဘယ်လိုသွားတက်နိုင်မလဲ ဒီဘက်ကလဲ။ အဲ့ဒီလိုတွေရှိပါတယ်။” အင်းစိန်ထောင်မှာ မတရားဖမ်းဆီးခံနေရတဲ့ ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးတို့ရဲ့ ရှေ့နေ ဦးအောင်သိန်းရဲ့ ပြောကြားချက်တွေဖြစ်ပါတယ်ရှင်။

အစသို့

❖

## ရှမ်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး ရှေ့နေများနှင့် တွေ့ခွင့်မရသေး

*၄၊ မတ်၊ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံနေရသည့် ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကို ရှေ့နေများနှင့် အမြန်မဆုံးတွေ့ခွင့်ပေးရန် မိသားစုဝင်တို့က အာဏာပိုင်များထံ စာရေးတောင်းဆိုထားသော်လည်း ယခုအချိန်အထိ မည်သို့မှ အကြောင်းပြန်ကြားချက် မရသေးဟု သိရသည်။

ထိုစာကို မနေ့က တင်ပြခဲ့ပြီး တနင်္လာနေ့တွင် အကြောင်းပြန်ချက် ရကောင်းရလိမ့်မည်ဟု မိမိအိတို့ဘက်က မျှော်လင့်ထားကြောင်း ဦးခွန်ထွန်းဦး၏ ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းက ပြောဆိုသည်။ တည်ဆဲဥပဒေများ လုပ်ထုံးလုပ်နည်းများအရ ထောင်အာဏာပိုင်တို့ဘက် ယခုလိုမျိုး တောင်းပိုင်ခွင့် မရှိသည့်အတွက် အပေါ်အဆင့်အာဏာပိုင်တို့ထံ ယခုလို တင်ပြရခြင်း ဖြစ်ကြောင်းလို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ထို့ပြင် ရှေ့နေများကို ဝင်ခွင့်မပေးသည့်အတွက် ဦးခွန်ထွန်းဦးတို့ကို ရှေ့နေမပါပဲ စစ်ဆေးနေသည်လား၊ မည်သည့်ပုဒ်မများဖြင့် စွဲချက်တင်ထားသည် ထောင်ထဲ၌ မည်သည့်ပုံမျိုး ဆက်ဆံခံနေရသည် စသည့်အချက်တို့ကို မိသားစုများအနေဖြင့် အထူးစိုးရိမ်နေကြောင်း သိရသည်။ ထိုအတောအတွင်းမှာပင် ဦးခွန်ထွန်းဦး ပိုင်ဆိုင်သည့် ကား (၂) စီးနှင့် ၎င်း၏ သား ဦးစီးလုပ်ကိုင်နေသော ကုမ္ပဏီပိုင် ကား (၄) စီးကို အာဏာပိုင်တို့က မနေ့က သိမ်းယူသွားကြောင်း သိရသည်။ ဦးခွန်ထွန်းဦးကို ဖမ်းဆီးပြီးကတည်းက ထိုကုမ္ပဏီကို စစ်ဆေးခဲ့ပြီး ယခုနောက်ဆုံး ကားများကို သိမ်းယူသွားခြင်းဖြစ်ကြောင်း မိသားစုနှင့် နီးစပ်သော တိုင်းရင်းသားခေါင်းဆောင်တို့က ဒီဗွီဘီ ကို အတည်ပြုပြောကြားသွားခြင်းဖြစ်သည်။

အစသို့

❖

## သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာသော ကိုဇော်မင်းနှင့် ဆက်သွယ်မေးမြန်းချက် (ပထမပိုင်း)

၈ ၊ မတ် ၊ ၂၀၀၅

ပြီးခဲ့သည့် တနင်္ဂနွေနေ့က သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာသူ ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် ကိုဇော်မင်းနှင့် ဆက်သွယ်မေးမြန်းချက် (ပထမပိုင်း)ကို ဖော်ပြမည်ဖြစ်သည်။ ကိုမိုးအေး က မေးမြန်းထားခြင်းဖြစ်ပြီး ပထမဆုံး မေးမြန်းခဲ့သည်မှာ ကျန်းမာရေးအခြေ အနေနှင့် ပြန်လည်လွတ်မြောက်လာသည့် အနေအထားကို ပြောပြပေးပါ ရန် ဖြစ်သည်။

ကိုဇော်မင်း။ ။ နှလုံးအောင့်တာ (၁) လလောက်တော့ ရှိပြီပေါ့၊ ဒါပေမယ့် ဒီရောက်မှပဲ ကုမယ်ဆိုပြီးတော့ ရပ်တည်ခဲ့တာပေါ့။ ကျနော်က ပုဒ်မ ၁၀(က)အရ သူတို့ရဲ့ **Maximum** အပြည့်ပေါ့နော်၊ (၅)နှစ်ခွဲမှာ ကျနော့်ကို ပြည်ထဲရေးဝန်ကြီးအဖွဲ့ ဗဟိုအမိန့်နဲ့ ကျနော့်ကို ပြန်လွှတ်ပေးလိုက်တာ ဖြစ်ပါတယ်။ မတ်လ(၆)ရက်နေ့ (၁၀)နာရီလောက်မှာ ရဲတပ်ဖွဲ့မှူး တယောက်ကနေ လာပြီးတော့ ကျနော့်ကို ပုဒ်မ ၁၀ (က)နဲ့ ချုပ်နှောင်ခွင့်မှ လွှတ်ပေးလိုက်တယ်ဆိုတဲ့ အကြောင်းကြားအပ်ပါတယ်။ ပြီးတော့ သူကျနော့်ကို အဲ့ဒီမှာပဲ နေ့တွင်းချင်း ကျနော့်ကို အိမ်ကို အရောက် ပြန်ပို့ပေးပါတယ်ခင်ဗျ။

ကိုမိုးအေး။ ။ ဟုတ်ကဲ့ခင်ဗျ။ အခု ကိုဇော်မင်း ထောင်ထဲမှာ ဘယ်လောက်နေခဲ့ရလဲခင်ဗျ။

ကိုဇော်မင်း။ ။ ကျနော်ထောင်ထဲမှာ (၁၃)နှစ်ကျော်ကျော် (၁၄)နှစ်နီးပါး နေခဲ့ရပါတယ်။

ကိုမိုးအေး။ ။ စဖမ်းတုန်းကရော ကိုဇော်မင်းကို သူတို့ ဘယ်လိုစွဲချက်တွေ ဘာညာ အဲ့ဒါရော ကိုဇော်မင်း ပြောပြနိုင်မလား။

ကိုဇော်မင်း။ ။ ကျနော် ၁၉၉၁ ခုနှစ် ရန်ကုန်တက္ကသိုလ်မှာဖြစ်တဲ့ နိုဘယ်လ်ဆုကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျနော် အပါအဝင် ကျောင်းသားခေါင်းဆောင် (၈)ဦးကို ထိမ်းသိမ်းခဲ့ပါတယ်။ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်တွေက ဆိုလိုရှိရင်တော့ ကိုကိုကြီးတို့၊ ကိုသက်ထွန်းတို့၊ ကိုမြစံတို့ ဖြစ်ပါတယ်ပေါ့နော်၊ ကျနော်ရယ် ကိုမြစံရယ်၊ ကိုကိုကြီးရယ် သုံးယောက်ကို အမှတ် (၂)စစ်ခုံရုံး ကနေပြီးတော့ ထောင်ဒဏ်နှစ် (၂၀)ချပါတယ်။ အဲ ၁/၉၃ အရ(၁၀)နှစ်တည်ခဲ့ပါတယ်။ (၁၀)နှစ် နေကနေပြီးတော့ ၁၉၉၉ စက်တင်ဘာလမှာ ထောင်က လွတ်ပါတယ်။ သို့သော်ငြားလည်း အဲ့ဒီနေ့မှာပဲ ပြည်ထဲရေးဝန်ကြီး ဌာနဗဟိုရဲ့အမိန့်နဲ့ ကျနော်ကို ပုဒ်မ ၁၀(က)အရ ချုပ်နှောင်ခွင့်တည်ခဲ့ပါတယ်။ အဲ့ဒီချုပ်နှောင်ခွင့်အရ (၅)နှစ်ခွဲ ပြည့်တဲ့အချိန်မှာ ကျနော့်ကို ပြန်လွှတ်ပေးခြင်းဖြစ်ပါတယ် ခင်ဗျ။

ကိုမိုးအေး။ ။ ဟုတ်ကဲ့ခင်ဗျ၊ အခု ထောင်တွင်း (၁၃)နှစ်ကျော်ကာလပေါ့ ထောင်ဘယ်နှစ်ခုလောက် နေခဲ့ရလဲ ကိုဇော်မင်းအနေနဲ့။

ကိုဇော်မင်း။ ။ ကျနော် အင်းစိန်ထောင်မှာ (၂)နှစ်ခွဲကျော်ကျော် နေခဲ့ရပါတယ်။ ၉၄ ဇွန်လမှာ ကျနော့်ကို သရက်ထောင်ကို ပို့ခဲ့ပါတယ်။

ကိုမိုးအေး။ ။ ဟုတ်ကဲခင်ဗျ၊ အခု (၁၃)နှစ်ကျော်ကနေ ပြန်လွှတ်လာတော့ ကိုဇော်မင်းဘယ်လို ဖြစ်မိလဲ ခင်ဗျ။ အခု အပြင်လောကကို (၁၃)နှစ်ကျော ကင်းကွာပြီး ပြန်ရောက်လာပြီးပေါ့နော်။

ကိုဇော်မင်း။ ။ မထမ အချက်ကတော့ ဝမ်းလည်းဝမ်းသာတယ်၊ ဝမ်းလည်း ဝမ်းနည်းတယ်ပေါ့ဗျာ။ ဝမ်းသာတယ်ဆိုတဲ့ အကြောင်းရင်ကတော့ မိသားစုနဲ့ တွေ့ရှိလာရတဲ့အတွက် ကျနော် ဝမ်းသားတာပါ။ ဝမ်းနည်းတဲ့အကြောင်းရင်ကတော့ ကျနော်နဲ့အတူ နေထိုင်ခဲ့တဲ့ ကျောင်းသားငယ်တွေ သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုက အကျဉ်းသားတွေပေါ့ ကျနော့်လို လွတ်မြောက်ခြင်းမရှိပဲနဲ့ နေခဲ့ရတဲ့အပေါ်မှာ ကျနော် ဝမ်းနည်းတာပါ။ သူတို့ကို လွှတ်စေချင်တယ်ဆန္ဒလည်း ကျနော့်မှာအပြည့်ရှိပါတယ်။ လက်ရှိပြည်တွင်းအပြောင်း အလည်းမှာတော့ ကျနော် ရန်ကုန် ပြည်လမ်းကို ဖြတ်ပြီးတော့ ကားစီးတဲ့အခါမှာ ပတ်ဝန်းကျင်းကို ကြည့်တယ်ပေါ့နော်။ လူတွေဟာ တစုံတရာတော့ နည်းနည်းလေးပိုပြီးတော့ သွက်သွက်လက်လက်လှုပ်ရှား လာတာတော့ တွေ့တယ်ပေါ့။ ရုပ်ဝတ္တုဆိုင်ရာ အပြောင်းအလဲတွေတော့ ကျနော် အများကြီး တွေ့ခဲ့ရတယ်ပေါ့နော်။

ကိုမိုးအေး။ ။ ဟုတ်ကဲ့ခင်ဗျ၊ ဒီ (၁၃)နှစ်ကျော်ကာလမှာကော ကိုဇော်မင်းအနေနဲ့ ပေးဆပ်မှုတွေ၊ စွန့်လွှတ်မှုတွေ၊ ရယူမှုတွေ၊ ဘာတွေရှိခဲ့လဲ ခင်ဗျ။

ကိုဇော်မင်း။ ။ ကျနော်ပြောချင်တာကတော့ ကျနော်တို့ ပေးဆပ်မှုနဲ့ ပတ်သက်လို့ကတော့ ဘယ်ခေတ်၊ ဘယ်ကာလကမှ မတူတဲ့ ပေးဆပ်မှုမျိုး ကျနော်တို့ ပေးဆပ်ခဲ့ပါတယ်။ အထူးသဖြင့် ကျနော်တို့ ကျောင်းသားတွေပေါ့၊ ဖ ဆ ပ လ လက်ထက်၊ ကိုလိုနီလက်ထက်၊ မ ဆ လ လက်ထက်ပေါ့နော်။ ကျနော်တို့ကို ထောင်နှစ်ရှည် (၁၃)နှစ်ကျော်နေ ရမယ်လို့ ကျနော်တို့ မထင်ဘူးခင်ဗျ။ ကျနော်တို့ လက်ထက်မျာ ရှိခဲ့တယ်ပေါ့နော်။ ကျနော်တို အဲ့ဒီအပေါ်မှာ နာကျည်းချက် တခုအနေနဲ့တော့ ဖော်ညွှန်းလို့ရမယ် မထင်ဘူးပေါ့နော်။ အနာဂတ်တိုင်းပြည် ကောင်းစားရေးအတွက်ပဲ ရှေ့ရှုပြီးတော့ ဖြစ်သင့်တဲ့အနေအထားနဲ့ပဲ ကျနော်တို့ ဆောင်ရွက်ဖို့ ရှိပါတယ်။ တတ်နိုင်သလောက် သင်ပုန်းချေပြီးတော့ပဲ ဆောင်ရွက်ရမှာပါ။ နှစ်ဘက်ညှိနှိုင်းဆွေးနွေးမှုအပေါ်ပဲ ဆောင်ရွက်ရမယ်ဆိုတဲ့ အကြောင်းကို ကျနော်မြင်ပါတယ် ခင်ဗျ။

ကိုမိုအေး။ ။ ဟုတ်ကဲခင်ဗျ၊ အခုကိုဇော်မင်းဆိုလို့ရှိရင် လွန်ခဲ့တဲ့ (၁၇)နှစ် တံတားနီအရေး အခင်းဆိုလို့ရှိရင် မတ်လ (၁၆)ရက်နေ့၊ အခုအဲ့ဒီနေ့ မတိုင်ခင်မှာ ပြန်လွှတ်လာတော့ ဒီအပေါ်မှာကော ကိုဇော်မင်း ဘယ်လို ဖြစ်မိလဲ ခင်ဗျ။

ကိုဇော်မင်း။ ။ တချိန်ကတော့ (၈၈)ဆိုတာ ကျနော်တို့ ဘဝနဲ့ရင်းပြီးတော့၊ ကျနော်မျှော်လင်ချက်တွေ အများကြီးနဲ့ ဆောင်ရွက်ခဲ့တာပါနော်။ ကျနော်တို့ တတ်သလောက်၊ မှတ်သလောက်၊ သိသလောက်နဲ့ ကျနော်တို့ ဆောင်ရွက်ခဲ့ကြတာပေါ့။ ဒီအခြေအနေမှာ ကျနော်တို့ ပြန်လွှတ်လာတဲ့ အခါမှာ ကျနော် ဝမ်းလည်းသာပါတယ်။ ဒါပေမယ့် ကျနော်သိလိုက်ရတဲ့ အချက်တချက်ကတော့ ဒါဟာ ၁၉၈၈ မဟုတ်တော့ဘူးဆိုတော့ အသိ၊ သိလိုက်တယ်၊ ကျနော် ရောက်နေတာဟာ ၂၀၀၅ ဆိုတာကို ကျနော်သိလိုက်ရတယ်။ အဲ့ဒီအသိနဲ့ပဲ ကျနော်လိုက်ပါနိုင်ဖို့ ကြိုးစားနေပါတယ်။

ကိုမိုးအေး။ ။ အဲ့တော့ ကိုဇော်မင်းအနေနဲ့ပေါ့လေ၊ ၈၈ က စိတ်ပိုင်း၊ ရုပ်ပိုင်းနဲ့၊ ၂၀၀၅ ကစိတ်ပိုင်း ရုပ်ပိုင်း ဘာတွေ ကာခြားမှုရှိလဲဆိုရင် ကိုဇော်မင်း ဘာကိုရှင်းပြ မလဲခင်ဗျ။

ကိုဇော်မင်း။ ။ ပထမ အချက်ကတော့ ကျနော်တို့အနေနဲ့ ပိုပြီးတော့ တွက်တွက်ဆဆ လေးဆောင်ရွက်နိုင်တဲ့အနေအထားကို ပိုပြီးတော့ တည်တည်ငြိမ်ငြိမ် ဖြစ်လာတာပေါ့နော်။ အနာဂတ်အတွက်လည်း ပိုပြီးတော့ မျှော်လင့်ချက်ထားတယ်ပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်တို့ အသက်အရွယ်က (၄၀) ပတ်ဝန်ကျင် ဖြစ်လာပါပြီ။ အဲ့ဒီပတ်ဝန်ကျင် ဖြစ်တဲ့အခါမှာ အတတ်နိုင်ဆုံး စည်းစည်းလုံးလုံး ဖြစ်ဖို့အတွက် ကြိုးစားထားပါတယ်။ ပြင်လည်းပြင်ဆင်ထားပါတယ်။ မျှော်လင့်ချက်လည်းထားပါတယ်။

ကိုမိုအေး။ ။ ဟုတ်ကဲခင်ဗျ၊ ရှစ် လေးလုံးမှာ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်တွေ ပေါ့နော်။ ကိုမင်းကိုနိုင်ပြန်လွတ်လာတယ်၊ ကိုဌေးကြွယ်ပြန်လွတ်လာတယ်၊ အခုကိုဇော်မင်းလည်း ပြန်လွတ်လာတယ်။ အဲ့ဒီတော့ ကျောင်းသားခေါင်းဆောင်တွေ ပြန်လွတ်လာပြီဆိုတော့ ပြည်သူတွေအနေနဲ့ကော (၈၈)လိုပဲ ပြန်ပြီး အာတက်စရာတွေ ဘာတွေ။

ကိုဇော်မင်း။ ။ ကျနော်တို့အနေအထားအရ ၁၉၈၈ တုန်းက ကျောင်းသားအင်အားစုတွေ ပြန်လွတ်လာပါပြီ။ ဒါဟာ ဝမ်းသာစရာကောင်းတဲ့ အချက်တချက်ဖြစ်ပါတယ်။ တပ်မတော်ကနေပြီးတော့ တစုံတရာ ပျော့ပြောင်းတဲ့ အလျှော့ပေးမှုလို့လည်း ကျနော်မြင်ပါတယ်။ နောက်တချက်က အပြောင်းအလဲတခုကို သပ်သပ်ရပ်ရပ်နဲ့ မျှော်လင့်နိုင် လိမ့်မယ်လို့ ကျနော်မြင်ပါတယ်။ ကျနော်တို့ဘက်ကလည်း တတ်နိုင်သလောက် သပ်သပ်ရပ်နဲ့ ပြောင်းလဲနိုင် ဖို့အတွက် ကျနော်တို့ ပြင်ဆင်ထားရမယ်လို့ မြင်ပါတယ်။ ကျနော့်အမြင်ပေ့ါနော်။

အစသို့

❖

## သရက်ထောင်မှ ပြန်လွတ်မြောက်လာသူ ကိုဇော်မင်းနှင့် ဆက်သွယ်မေးပြန်ချက် (ဒုတိယပိုင်း)

၉ ၊ မတ် ၊ ၂၀၀၅

ဒီဗွီဘီ။ ။ အခု အခြားထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်သစ် ထဲမှာ ကိုကိုကြီးရဲ့ အနေအထားရော ဘယ်လိုပြောပြ လို့ရမလဲ ခင်ဗျ။

ကိုဇော်မင်း။ ။ ကျနော် ဦးကိုကိုကြီးနဲ့က ဗကသ၊ မကသ ဆိုပေမယ့် ညီရင်းအစ်ကိုတွေလို နေခဲ့ပါတယ်၊ တယောက်နဲ့တယောက် တယောက်အကြောင်း တယောက် ရင်းရင်နှီးနှီး တခန်းတည်းလဲ နေခဲ့တဲ့ ကာလတွေရှိတဲ့အတွက် လွတ်နိုင်ပါတယ်။ သူလည်းလာမယ့် မတ်လ (၁၇) ရက်နေ့မှာ လွတ်လိမ့်မယ်လို့ သူကိုယ်တိုင်လည်း မျှော်လင့်သလို ကျနော်လည်း မျှော်လင့်ခဲ့ပါတယ်။ အားလုံးလ `မျှော်လင့်နေကြ ပါတယ်။ သူ့ရဲ့အနေအထားကတော့ ကျန်းမာရေးကတော့ သူ့ရဲ့ခန္ဓာကိုယ်မှာ အဆီအကြိတ်တွေ ပေါက်နေတယ်။ စိတ်ဓါတ်ပိုင်းဆိုင်ရာတော့ သူက တယောက်တည်းသမားလည်း ဖြစ်တယ်လေ။ စိတ်ညစ်စရာအကြောင်း မရှိဘူး၊ ကျနော့်ထက်စာလိုရှိရင်တော့ ပိုပြီးတော့ မာမာထန်ထန်လေး ဆောင်ရွက်နိုင်တဲ့ အနေအထားတွေလည်း ရှိပါတယ်။

ဒီဗွီဘီ။ ။ ဟုတ်ကဲခင်ဗျ၊ အရင် (၈၈) တုန်းကဆိုလို့ရှိရင် ကိုဇော်မင်းတို့ ထင်ရှားတဲ့ကျောင်းသားခေါင်းဆောင် တွေ ထိပ်ပိုင်းမှာ မကသ တို့ ဗကသ တို့အမြင်တွေ ကွဲတာရှိတယ်ပေ့ါလေ၊ အခုနှစ်တွေ အများကြီးကျော်လာ ရင့်ကျက်လာတဲ့နောက်ပိုင်း ပေ့ါလေနော် ဒီလိုအမြင်တွေ ဘယ်လိုမျိုး ပြောင်းလဲသွားလဲခင်ဗျ။

ကိုဇော်မင်း။ ။ ကျနော်တို့ ကျောင်းသားသမဂ္ဂ အကွဲအပြဲဆိုတာနော် အဓိကတော့ ပြည်သူလူထုစိတ်ထဲမှာ စွဲနေတာပေါ်မှာ၊ တကယ်တော့ ကျနော်တို့ မညီမညွတ်ခဲ့လို့ ကွဲခဲ့တဲ့ပြဿနာတွေပါ။ ဗနာက်တချက်က ကာလတိုအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာ တွေပါ၊ အရှည်ကာလမှာ ကျနော်တို့ အနေနဲ့ တိုင်းပြည်အကျိုးပေ့ါနော်၊ အများအကျိုးအတွက်ကို ညှိညှိနှိုင်းနှိုင်းဆောင်ရွက်သွားနိုင်မယ့် အလားအလာတွေအများကြီး ရှိတယ်လို့ ကျနော်တို့ထင်ပါတယ်။ ကျနော်တို့ကိုယ်တိုင်ဟာ အတွေ့အကြုံရင့်ကျက်တဲ့ ကျောင်းသားတွေဖြစ်လာပြီ။ အထူးသဖြင့် ကျောင်းသားဘဝက တဆင့်တက်လှမ်းပြီးတော့ နောက်နိုင်ငံရေးလောကကို သွားမယ်ဆိုလို့ရှိရင်လည်း အဲ့ဒီ အဆင့်အတန်းမြင့်မြင့်နဲ့ ဆောင်ရွက်သွားနိုင်မယ့် လူတွေဖြစ်လာပြီလို့ ကျနော်မြင်ပါတယ်။ ကျနော်တို့ရဲ့ ညီညွတ်ရေး ဆိုတာဟာ ပါးစပ်နဲ့ ညီညွတ်ရေး မဟုတ်ပဲနဲ့ တကယ်ရင်ထဲက ညီညွတ်ရေးနဲ့ ဆောင်ရွက်သွား နိုင်မယ့်အလားအလာတွေ ရှိနေတယ်လို့ ကျနော်မြင်ပါတယ် ခင်ဗျ။

ဒီဗွီဘီ။ ။ ဟုတ်ကဲခင်ဗျ၊ ကိုဇော်မင်း အခု ထောင်(၁၃)နှစ်ကျော်ကာလမှာ ဖြတ်သန်းခဲ့ရတယ်ပေ့ါလေ။ အဲ့ဒီတော့ အဓိက တွန်းအားတွေ ဘာဖြစ်မလဲခင်ဗျ။

ကိုဇော်မင်း။ ။ ကျနာ်ရဲ့ အဓိက တွန်းအားကတော့ ပထမအချက်က ကျနော်မျှော်လင့်ခဲ့တဲ့ ကျနော်နိုင်ငံပေ့ါနော်၊ ဖြစ်စေချင်တဲ့ ဆန္ဒ၊ နေက် ကျနော်ရဲ့ ကျောင်းသားသမဂ္ဂပေါ်မှာ ရပ်တည်ချက်ဆိုတဲ့ ရပ်တည်ချက်မှန်၊ နောက် ကျနော်ရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ကကူညီခဲ့တဲ့ အထူးသဖြင့်တော့ ကျနော့်ရဲ့ ဇနီးသည် ကူညီခဲ့တဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေနဲ့ ကျနော်ရပ်တည်ခဲ့ရတာပါ၊ ပတ်ဝန်းကျင် ထောင်ထမှာရှိတဲ့ ရဲဘော်၊ ရဲဘက်တွေရဲ့ ရိုင်းပင်မှုတွေလည်း အဓိက ကျခဲ့ပါတယ်ခင်ဗျ။

ဒီဗွီဘီ။ ။ အခု ပြန်လွတ်လာပြီဆိုတော့ အနာဂတ်အတွက်လည်း ဘယ်လိုမျှားမှန်းဆထားတာ ရှိလဲခင်ဗျ။

ကိုဇော်မင်း။ ။ ပထမ အချက်ကတော့ ကျနော် ထောင်ကျတဲ့အချိန်မှာ ကျနော့် သမီးတယောက် ကျန်ခဲ့ပါတယ်။ သူ့အတွက် ကျနော် အချိန်အနည်းငယ်ပေးရ ပါလိမ်းမယ်။ ပြီးတော့မှ ထဲထဲဝင်ဝင် လေ့လာပြီးတဲ့အချိန်မှာ ကျနော် ဆုံးဖြတ်ရမှာပါ။

ဒါပေမယ့် အဲ့ဒီဆုံးဖြစ်မှုဟာ သိပ်တင်းမာတဲ့ ဆုံးဖြတ်မှုတခုကို လက်တလောအနေအထားမှာ ဖြစ်နိုင်လိမ့်မယ်လို့ ကျနော် မထင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျနော့်ရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့ အားကောင်းစွာနဲ့ ကျနော် ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်ခင်ဗျ။

ဒီဗွီဘီ။ ။ ထောင်ထဲမှာ ကျန်ခဲ့တဲ့ ရဲဘော်ရဲဘက်ကျောင်းသားတွေနဲ့ အကျဉ်းသားတွေနဲ့ အပြင်မှာရှိတဲ့ မိသားစုတွေနဲ့ ပတ်သက်လို့ ကိုဇော်မင်း ဘာပြောပြချင်သလဲခင်ဗျ။

ကိုဇော်မင်း။ ။ တတ်နိုင်သလောက်ပေါ့၊ သူတို့လည်း ကြံကြံခံရပ်တည် နေပါတယ်။ ကျနော်တို့ အနေနဲ့လည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအရ တတ်နိုင်သလောက် ပံ့ပိုးဖို့ ဆန္ဒရှိပါတယ်။ သက်ဆိုင်ရာ တပ်မတော် အကြီးအကဲများကိုလည်း သူတို့တွေနဲ့ ပတ်သက်လို့ စဉ်းစားပေးဖို့အတွက် ကျနော် မေတ္တာရပ်ခံပါတယ်လို့ ဆိုတဲ့အကြောင့်ပဲ ကျနော်ပြောချင်ပါတယ်။

ဒီဗွီဘီ။ ။ ဟုတ်ကဲခင်ဗျ၊ အခုဒီ ပြန်လွတ်လာပြီဆိုတော့ ရှစ်လေးလုံးတုန်က ကိုဇော်မင်းနဲ့ လက်တွဲ့လိုပ်ခဲ့တဲ့ ကျောင်းသားတွေ၊ ရဲဘော်ရဲဘက်တွေ နောက်ပြီး မျိုးဆက်သစ်လူငယ်ကျောင်းသားတွေကို ကိုဇော်မင်း ဘာတွေ ပြောပြစရာ ရှိမလဲ မသိဘူးခင်ဗျ။

ကိုဇော်မင်း။ ။ မထမ တချက်ကတော့ ပြဿနာကြီးတတ်တဲ့ အခြေအနေအရပ်ရပ်ကို နက်နက်နဲနဲလေ့လာဖို့ လိုပါတယ်။ နောက်တချက်က ကိုယ်ဘာလုပ်ချင်လဲဆိုတာကို သိဖို့အတွက်၊ ဘာလိုချင်လဲဆိုတာကို အရင်သိရမှာ ဖြစ်ပါတယ်။ လိုချင်တာတခုကို သိအောင်လိုပ်ပြီးမှ အဲ့ဒီလိုတာကို ရဖို့အတွက် ရှင်းရှင်းလင်းလင်း လုပ်နိုင်ဖို့ လိုအပ်ပါတယ်လို့ ကျနော်ပြောချင်ပါတယ် ခင်ဗျ။

အစသို့

❖

## ဆရာဦးဝင်းတင်မွေးနေ့ အခမ်းအနား ဘန်ကောက်တွင်ကျင်းပ

*၁၀၊ မတ်၊ ၂၀၀၅*

အခုလာမယ့်စနေနေ့မှာ အသက်(၇၅)နှစ်ပြည့်တော့မှာဖြစ်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာသတင်းမီဒီယာတွေ အခြေအနေ နဲ့ပတ်သက်လို့ ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ ဒီကနေ့ညပိုင်းက ဆွေးနွေးပွဲလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **RSF** ခေါ် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ဦးဆောင် ကျင်းပတာဖြစ်ပြီး မြန်မာသတင်းသမဂ္ဂက ဦးဇင်လင်း၊ သတင်းထောက် ရယ်လီဂျက်ဂင်၊ ကျမတို့ဒီဗွီဘီက ဦးခင်မောင်ဝင်းတို့က တက်ရောက် ပြောဆိုဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ ဒီအကြောင်းအသေးစိတ်သိနိုင်ဖို့ ဒီဗွီဘီသတင်းထောက် ကိုသန်းဝင်းထွဋ်ကို မေးကြည့်မှာဖြစ်ပါတယ်။

ဟုတ်ကဲ့ ကိုသောင်းဝင်းထွဋ် ရှင့် အခုအခမ်းအနားမှာ ဘာတွေလုပ်နေတယ်ဆိုတာ ပြောပြပေးပါလားရှင့်။

နိုင်ငံခြားသတင်းထောက်တွေ များတယ်ခင်ဗျ။ အခုပြောနေတာ လက်ရီဂျက်ဂင် ပြောနေတယ်ခင်ဗျ။ စောစောက ဦးဇင်လင်းပြောသွားတယ်။ ဒီဗွီဘီရဲ့ ဒါရိုက်တာကိုခင်မောင်ဝင်းက လက်ရီဂျက်ဂင် ပြီးရင်ပြောပါမယ်။ သူ့ရဲ့မြန်မာအစိုးရနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ တွေ့ဆုံပုံ၊ သတင်းလုပ်ရတဲ့၊ သတင်းရေးရတဲ့ အဲ့ဒါတွေပြောတာခင်ဗျ။ သူကအခုပြောတာ ကျနော်တို့အခု သတင်းထောက်ပေါ့နော်၊ နိုင်ငံရေးလှုပ်ရှားသူလည်း မဟုတ်ဘူး။ Ethnic လည်းမဟုတ်ဘူး။ ဒါပေမယ့် ရဲဘော်ရဲဘက် တယောက်အနေနဲ့ ဦးဝင်းတင်လွတ်ဖို့တော့ ကြိုးပမ်းရလိမ့်မယ်ပေါ့၊ ကြိုမ်းပမ်းသင့်တယ်ပေါ့။ အဲ့ဒီလိုယုံကြည်တဲ့ အကြောင်းပြောတယ်ခင်ဗျ။ နယ်ခြားမဲ့သတင်းထောက်အဖွဲ့က မွေးနေ့ကိတ်ကလေး၊ ဖယောင်းတိုင်ကလေးတွေကို ဘေးဘက်ကမှုတ်ပြီးတော့ မွေးနေ့အခမ်းအနားလေး ကျင်းပတယ်ခင်ဗျ။ ဆရာဦးဝင်းတင်ရဲ့ နောက်နှစ်ခါ (၇၆)နှစ်မြောက်မွေးနေ့မတ်လ၊ ၂၀၀၆ ကျရင်တော့တဲ့ Thailand ပေါ့နော် FCCT မှာ ကျင်းပနိုင်ပါစေလို့ ဒီနယ်ခြားမဲ့ သတင်းထောက်အဖွဲ့ရဲ့ ဘန်ကောက်တာဝန်ခံ ဖိလစ်က အဲ့လိုဆုတောင်းပေးတယ်ခင်ဗျ။

ဟုတ်ကဲကိုသောင်းဝင်းထွဋ် ဒီအခမ်းအနားမှာ ထူးခြားမှုဘာရှိမလဲရှင်။

ပီညဲရိုးရဲ့စာလေး ပို့လာတယ်ခင်ဗျ။ အဲ့ဒါ လက်ရီဂျက်ဂင် သူပဲဖတ်တယ်ခင်ဗျ။ ပီညဲရိုးက ဦးဝင်းတင်ရဲ့မွေးနေ့အမှတ်တရစာလေး၊ စာတမ်းလေးပို့လာတယ်လေ။ အဲ့ဒီမှာ ဦးဝင်းတင်နဲ့သူနှစ်ကြိမ် တွေ့ခဲ့တဲ့အခါမှာ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ဆန်ပါတယ်။ ပီညဲရိုးက ဦးဝင်းတင်ကို တော်တော်လေးကို လေးလေးစားစားရှိတဲ့သဘောမျိုးပေါ့နော်။ ဒီလိုအိုမင်းပြီးတော့ နှစ်ရှည်ထောင်ထဲမှာ ကျခံနေရတဲ့ အကျဉ်းသားအနေနဲ့ လွတ်စေချင်တဲ့ သဘောမျိုး ပီညဲရိုးက ပြန်ရေးထားတယ်။

လာမယ့်စနေနေ့မှာ အသက်(၇၅)နှစ်ပြည့်တော့မှာဖြစ်တဲ့ သတင်းစာဆရာကြီးဦးဝင်းတင်မွေးနေ့နဲ့အတူ မြန်မာ့သတင်းမီဒီယာတွေဆွေးနွေးပွဲအကြောင်းမေးမြန်းခဲ့တာဖြစ်ပါတယ်ရှင်။

အစသို့

❖

## ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စ ဥရောပသမဂ္ဂ က နအဖနှင့် တွေ့ဆုံ ဆွေးနွေးလို

*၁၂၊ မတ်၊ ၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စတွေ ဆွေးနွေးဖို့အတွက် နအဖစစ်ဗိုလ်ချုပ်တွေနဲ့ တွေ့ဆုံစကားပြောလိုတယ်လို့ အီးယူ ဥရောပသမဂ္ဂက ထုတ်ဖော်ပြောဆို လိုက်ပါတယ်။ ဒါဟာ အီးယူအဖွဲ့ဝင် နိုင်ငံအားလုံးရဲ့ သဘောထား ဖြစ်တယ်လို့လည်း အင်ဒိုနီးရှားနိုင်ငံကို ရောက်ရှိနေတဲ့ အီးယူပြင်ပဆက်ဆံရေး ကော်မရှင်နာ အယ်နီတာ ဝေါ်တနာက သတင်းထောက်တွေကို ပြောပါတယ်။ ကျမတို့အနေနဲ့ နအဖစစ်ဗိုလ်ချုပ်တွေနဲ့ တွေ့ဆုံစကားပြောတာက ပိုကောင်းမယ်လို့ထင်ပါတယ်။ ဒါပေမယ့် အရင်ကတည်းကထားရှိတဲ့ အရေးယူပိတ်ဆို့မှုတွေကိုတော့ ဆက်လုပ်မှာပါ။ အထူးသဖြင့် ထိပ်ပိုင်းစစ်ဗိုလ်ချုပ်တွေအပေါ် တင်းကျပ်ထားတာတွေကို လျှော့ပေးမှာ မဟုတ်ပါဘူးလို့လည်း မစ္စဝေါ်တနာက ပြတ်ပြတ်သားသားပြောဆိုသွားပါတယ်။ ဒါ့အပြင်အီးယူရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားပြီဖြစ်တဲ့အတွက် ဒါကိုလက်ခံစဉ်းစားဖို့ကိစ္စဟာ မြန်မာစစ်အစိုးရရဲ့ တာဝန်သာဖြစ်တယ်လို့ သူကဆိုပါတယ်။ အခုဆိုရင်ဘောလုံးဟာ အတိအကျကိုပဲ နအဖစစ်ဗိုလ်ချုပ်တွေရဲ့ ကွင်းထဲ ရောက်နေပါပြီလို့လည်း မစ္စဝေါ်တနာကပြောပါတယ်။ ပြီးခဲ့တဲ့ (၁၅)ကြိမ်မြောက် အီးယူအာဆီယံ အစည်းအဝေးမှာ နအဖနိုင်ငံခြားရေးဝန်ကြီးကို တွေ့ဆုံစကားပြောဖို့ အီးယူခေါင်းဆောင်တွေက မျှော်လင့်ခဲ့ပေမယ့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကသာ တက်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ နအဖ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးပွဲဟာ အပြုသဘောဆောင်ပါတယ်။ ဒါပေမယ့် အီးယူဘက်က ဖိအားပေးဝေဖန်ပြောဆိုတဲ့ စကားဝိုင်းတခုဖြစ်ခဲ့တယ်လို့ အီးယူပြင်ပဆက်ဆံရေး ကော်မရှင်နာ အယ်နီတာဝေါ်တနာက သတင်းထောက်တွေကို ပြောဆိုသွားကြောင်း ဂျကာတာကပေးပို့တဲ့ အေဂျင်စီသတင်းတွေမှာ ရေးသားထားပါတယ်ရှင်။

အစသို့

❖

## ဒီပဲရင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ အဖမ်းခံထားရသူများ ကျမ္မာရေးဆိုးဝါးနေ

*၁၂၊ မတ်၊ ၂၀၀၅*

ဒီပဲယင်းအကြမ်းဖက်မှုတွင် နောက်ဆက်တွဲအဖမ်းခံထားရသူတွေထဲက နိုင်ငံရေးအကျဉ်းသားတချို့ ကျန်းမာရေးဆိုးရွားနေကြောင်း သိရပါတယ်။ ကျောက်တံတားမြို့နယ် လူငယ်တာဝန်ခံ ကိုနေဝင်း၊ ကြည့်မြင်တိုင်နဲ့ တာမွေမြို့နယ်အဖွဲ့ချုပ် လူငယ်တွေဖြစ်တဲ့ ကိုမြင့်ဌေးနဲ့ ကိုမောင်မောင်လေးတို့ကို ဒီပဲယင်းအကြမ်းဖက်မှုအပြီး ၂၀၀၃ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှာ စစ်ထောက်လှမ်းရေးကဖမ်းဆီးခဲ့ပါတယ်။ အဲ့ဒီနောက် ဒီပဲယင်းအကြမ်းဖက်မှုနဲ့ပတ်သက်ပြီး စာရွက်စာတမ်းဖြန့်ဝေဖို့ကြိုးစားတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ထောင်(၇)နှစ်စီ အပြစ်ပေးခဲ့ပါတယ်။ အခု(၂)နှစ်ခန့်အကြာမှာ ထောင်တွင်းအခြေအနေ ဆိုးရွားမှုကြောင့် ကိုမြင့်ဌေးနဲ့ ကိုနေဝင်းတို့နှစ်ဦး အဆစ်အမြစ် ကိုက်ခဲပြီး အသက်ရှုကြပ်တဲ့ ဝေဒနာတွေ ခံစားနေရတယ်လို့သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့အပတ်ကမှ ထောင်ဝင်စာသွားတွေ့ခဲ့တဲ့ ကိုမြင့်ဌေးရဲ့ဇနီးသည် မခင်ခင်စိန်က အခုလိုပြောပြထားပါတယ်။

“ကိုမြင့်ဌေးကတော့ ဒူးခေါင်းကိုက်တာပေါ့နော်။ ဘာအက်ဆစ်ဆိုလဲ နယူးအက်ဆစ်ဆိုလား အဲ့ဒါများလို့တဲ့ အမဲသားတွေဘာတွေ မစားရဘူး၊ ခရမ်းချဉ်သီးတွေပါတာတွေမစားရဘူး။ အဲ့ဒါကြောင့် သူက ဒူးခေါင်းကိုက်ကိုက်နေတယ်တဲ့၊ ဆေးကတော့ အပတ်တိုင်းသွင်းရတယ်။ ဒူးခေါင်းကိုတဲ့ အရင်ဒဏ်တွေ ပါမှာပေါ့၊ အဲ့ဒီရိုက်ခံရတဲ့ဒဏ်တွေ ဟိုဟာပေါ့နော် စစ်ကြောရေးမှာ သုံးလေးရက်လောက် အရိုက်ခံရတယ်။ အဲ့ဒါတွေကြောင့် ဟိုးအရင်တုန်းက ငှက်ဖျားတော့ ရှိဘူးတာပေါ့။ အဲ့ဒီတုန်းက မိုးတွင်းဆိုရင် မိုးအေးရင် ငှက်ဖျားပြန်ပြန်ထတယ်၊ ကိုနေဝင်းကတော့ နှလုံးဖြစ်ချင်တဲ့ပုံစံမျိုးပဲ။ ဆေးကတော့ နှလုံးဆေးတွေ သွင်းသွင်းပေးနေရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူသောက်တဲ့ဆေးတွေက အိမ်ကအမေ သောက်တဲ့ဆေးတွေလိုပဲ။ နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါလို့ ထင်ရတယ်ပေါ့နော်။ ဒါပေမယ့် သေချာတော့ ဟိုဒင်းမဖြစ်ဘူး။ ဆေးကတော့ အိမ်ကအမေသောက်တဲ့ ဆေးနဲ့ပုံစံအတူတူပဲ။ ကျမတို့အမေ နှလုံးသွေးကြောကျဉ်းတော့ အဲ့ဒီဆေးမျိုးသောက်ရတယ်။ သူဆေးလာဝယ်ရင် ကျမတို့နဲ့အတူတူသွားတာကိုး။ ဆေးစာတွေ ဘာတွေမှာ အဲ့ဒီလို နှလုံးဆေးပဲ။ ”

ကိုမြင့်ဌေးရဲ့ဇနီးသည် မခင်ခင်စိန်ဖြစ်ပါတယ်။ အင်းစိန်ထောင်တွင်း ကျန်းမာရေး စောင့်ရှောက်မှု ညံ့ဖျင်းတဲ့အတွက် လိုအပ်သမျှဆေးဝါးတွေကို မိသားစုကပဲ ဝယ်ပေးနေရတယ်လို့ သိရပါတယ်။ အဲ့ဒီလိုဝယ်ပေးတဲ့အခါမှာလည်း ထောင်ဝန်ထမ်းတွေက အမျိုးမျိုးခေါင်းပုံဖြတ်နေတဲ့အကြောင်းကိုလည်း မခင်ခင်စိန်က အခုလိုဆက်ပြောထားပါတယ်။

“ကျမတို့အင်းစိန်ထောင်က ICRC ကမရဘူး။ လုံးဝမမေးဘူး။ အဲ့ဒီသူတို့အင်းစိန်မှာဆေးဆိုင်ရှိတယ်လေ။ ဝင်းမြင့်ဇာဆေးဆိုင် ဆေးစာတွေဘာတွေသူတို့ကိုသွားပြတယ်။ ပြတဲ့အချိန် သူတို့ဆီမှာရှိတဲ့ဆေးဆိုရင် သူတို့ဆီကဝယ်ရတယ်။ မရှိတဲ့အခါကြမှ

ကျမတို့အပြင်ကဝယ်ရတယ်။ သူတို့ဆီမှာမရှိတဲ့ပစ္စည်းကျတော့ အပြင်ကဝယ်လိုက်တယ်။ သူတို့ဆီမှာရှိတဲ့ဆေးဆိုရင် သုံးမျိုးရှိရင်သုံးမျိုးစလုံးဝယ်မှ မဝယ်လို့ရှိရင် ထည့်ပေးမယ်နော် ဒါပေမယ့် မရောက်ရောက်တော့မသိဘူး။ သူတို့ကအဲ့ဒီလိုပြောတယ်။ ဟိုဒင်း ဆေးကျတော့လည်း သူတို့ဆီမှာရှိတဲ့ဆေးက အပြင်ထက်တောင် တရာကျော်၊ နှစ်ရာလောက်ပိုများတယ်။ အပြင်မှာဝယ်လို့ရှိရင် နည်းနည်းဈေးကွာတယ်ပေါ့နော်။ အဲ့လိုတော့ရှိတယ်။ နောက်ပြီးပိုက်ဆံသွင်းလို့ရှိရင်လည်း တထောင်ဆိုရင် နှစ်ရာနှုတ်ထားတယ်။ ဒါကြောင့်ထောင်ဝင်စာတွေ၊ ဘာတွေတွေ့လို့ရှိရင် ထောင်မှူးကိုပေးထားခဲ့တယ်။ တချို့က မပေးနဲ့တဲ့ တထောင်ဆိုရင် နှစ်ရာနှုတ်တယ်တဲ့။ နောက်ပြီးတော့ အကြာကြီးပေါ့နော်။ နောက်နှစ်ပတ်လောက်နေမှ သူတို့လက်ထဲကို ပိုက်ဆံရောက်တာ။ ချက်ချင်းမရောက်ဘူး။ အဲ့လိုပေါ့နော်။ ”

အင်းစိန်ထောင်မှမတရားဖမ်းဆီးခံထားရတဲ့ တာမွေမြို့နယ်အဖွဲ့ချုပ်လူငယ် ကိုမြင့်ဌေး၊ ကိုနေဝင်းနဲ့ ကိုမောင်မောင်လေးတို့ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေတဲ့အကြောင်း မခင်ခင်စိန် ပြောပြသွားတာ ဖြစ်ပါတယ်ခင်ဗျာ။

အစသို့

❖

## ဒု–ဥက္ကဌ ဦးတင်ဦးနဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်တို့ရဲ့ မွေးနေ့ပွဲများကျင်းပ

*၁၂။ မတ်၊ ၂၀၀၅*

ဒီကနေ့ကျရောက်တဲ့ အဖွဲ့ချုပ်ဒုဥက္ကဌ ဗိုလ်ချုပ်ကြီးသူရဦးတင်ဦးရဲ့ (၇၈)နှစ်ပြည့်မွေးနေ့နဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သူ သတင်းစာဆရာကြီးဦးဝင်းတင်ရဲ့ (၇၅)နှစ်ပြည့် မွေးနေ့အခမ်းအနားတွေကို ထိုင်း–မြန်မာနယ်စပ်ရှိ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေမှာ တခမ်းတနားကျင်းပခဲ့ကြောင်းသိရပါတယ်။

အခန်းကျဉ်းကျဉ်း
အလင်းမဝင် လေမဝင်
နေမမြင် လမမြင်
လူမမြင်မှာ သူမမြင်မှာ
ထိုင်လျှင်ထိုင် မထိုင်လျှင်ငေး
အိပ်လျှင်အိပ် မအိပ်လျှင်တွေး။
သတင်းဝေးဖို့ ဝေးရော

“ဦးတင်ဦးဟာ သူကရိုးသားပါတယ်။ စေတနာလည်းထားတယ်။ ပြောသလိုလည်းလုပ် လုပ်သလိုလည်းပြောတယ်။ သူကတည့်ထိုးပြောတက်တယ်။ တည့်တည့်ပဲပြောတက်တယ်။ အလုပ်ပေါ်မှာလည်း သိပ်စေတနာရှိတဲ့ပုဂ္ဂိုလ်ပါ။ အောက်လက်ငယ်သားတွေ အပေါ်မှာလည်း သူစေတနာထားတယ်။ ဆက်ဆံတဲ့နေရာမှာ ကလေး၊ လူကြီးမခွဲခြားဘူး။ လေးလေးစားစားပဲ ဆက်ဆံတက်တဲ့ ပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။ အဖွဲ့ချုပ်နဲ့ ပတ်သက်လို့က ဥပဒေပိုင်းဆိုင်ရာကို လေးလေးစားစားလုပ်တယ်။ ဘေးကလည်း အန်ကယ်တို့က ဘေးကရတဲ့ အချက်အလက်တွေ စုဆောင်းပြီးတော့ သူ့ကိုပေးပါတယ်။ သူအဲ့ဒီအတွက်လည်း စိုက်လိုက်မတ်တပ် လုပ်တယ်။ ဆန္ဒလည်း တကယ်အပြည့်အဝရှိတဲ့ ပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။ သူက ထောင်ထဲမှာတင် အချိန်တွေ ကုန်နေရတာပေါ့။ သူကအလုပ်လုပ်ဖို့ အချိန်သိပ်မရဘူးပေါ့။ ဦးဝင်းတင်က သတင်းစာသမားတယောက်ပါ။ သတင်းစာပေါ်မှာ သူကတကယ့်မြှုပ်နှံထားတာ။ သတင်းစာလုပ်ရမယ်ဆိုရင် ထမင်းမေ့၊ ဟင်းမေ့ပဲ။ ဦးဝင်းတင်ကို ဦးနေဝင်းကပြောတယ်။ မင်းသံအမတ်တာဝန်ယူပါ။ သံအမတ်နဲ့သွားပါလို့ပြောတယ်။ ကျနော်တို့သတင်းစာဆရာ သတင်းစာပဲလုပ်ချင်တယ်။ သံအမတ်တွေလည်းသူမယူချင်ဘူးဆိုပြီး ငြင်းပယ်ခဲ့ပါတယ်။ သတင်းစာကို စိုက်လိုက်မတ်တပ်၊ တကယ်အသက်ဝင်အောင် လုပ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ”

ဒီကနေ့ကျင်းပတဲ့ ဦးတင်ဦးနဲ့ ဦးဝင်းတင်တို့ရဲ့ မွေးနေ့ပွဲအခမ်းအနားတွင် ယင်းမာပင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင် ဟောပြောသွားတာဖြစ်ပါတယ်။

အဖွဲ့ချုပ်ဒုဥက္ကဌ ဦးတင်ဦးကို ပုသိမ်ခရိုင် ရေကျော်ကြီးကျေးရွာမှာ မွေးဖွားခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၃ခုနှစ်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲကို ဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်အတွင်း ရှံ့ရှံ့ချွန်ချွန် တာဝန်ထမ်းဆောင်မှုတွေကြောင့် ရာထူးအဆင့်ဆင့်တိုးမြင့်ခံခဲ့ရပြီး ၁၉၆၅မှာ အလယ်ပိုင်းတိုင်းတိုင်းမှူး၊ ၁၉၇၂မှာ ဒုတိယကာကွယ်ရေးဦးစီးချုပ်နဲ့ ၁၉၇၄ခုနှစ်မှာ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့ပါတယ်။ ၁၉၇၆ခုနှစ်မှာတော့ ဗိုလ်ကြီးအုန်းကျော်မြင့်တို့အဖွဲ့က မဆလဥက္ကဌ ဦးနေဝင်းအစိုးရကို အာဏာသိမ်းဖို့ ကြံစည်မှုနဲ့ ဆက်စပ်မှုရှိတယ်လို့ စွပ်စွဲခံရပြီး ထောင်ဒဏ် (၇)နှစ်ချမှတ်ခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဥပဒေပညာကို လိုက်စားခဲ့ပြီး ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံ ကာလမှာတော့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ကို ဦးဆောင်ပြီး ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်ခဲ့သူဖြစ်ပါတယ်။ အဲ့ဒီနေ့ စက်တင်ဘာလ (၂၇)ရက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းကတည်းက ထိပ်တန်း ခေါင်းဆောင်တဦးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၈၉ ဇူလိုင်လမှာ ပထမဦးဆုံးအကြိမ် နေအိမ်အကျယ်ချုပ် ကျခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ထောင်ဒဏ် (၇)နှစ်ကျခံခဲ့ရပြီး အင်းစိန်ထောင်မှာနေခဲ့ရပါတယ်။

အဲ့ဒီနော် မကြာခဏဖမ်းဆီးခံခဲ့ရပြီး အင်းစိန်ထောင်ထဲရောက်လိုက် အကျယ်ချုပ်ကျခံလိုက်ရနဲ့ အခုနောက်ဆုံး ဒီပဲယင်းအကျယ်ချုပ်ကတော့ အခုအချိန်အထိ ကျခံနေရဆဲဖြစ်ပါတယ်ရှင်။

၁၉၈၉ကတည်းက ဖမ်းဆီးခံနေရတဲ့ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် သတင်းစာဆရာကြီး ဦးဝင်းတင်အကြောင်း တင်ပြလိုပါတယ်။ ဦးဝင်းတင်မွေးနေ့အခမ်းအနားကိုတော့ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေအပြင် ဂျပန်နိုင်ငံရောက် ဒီမိုကရေစီအင်အားစုတွေကလည်း နအဖသံရုံးရှေ့မှာ ဒီကနေ့သွားရောက် ဆန္ဒပြခဲ့ပါတယ်။

"ဆရာကြီးဦးဝင်းတင်ရဲ့ (၇၅)နှစ်မွေးနေ့ပွဲမှာ အာဇာနည်ရှင်တွေဟာ ဘယ်လောက်ကြီးပဲ လူကိုပဲ ထောင်ချလို့ရပါမယ်။ စိတ်ဓါတ်နဲ့ ဂုဏ်သတင်းကို ထောင်ချလို့မရဘူးဆိုတာ ကျနော်တို့အာဇာနည်ရှင်ကိုပြလိုက်တာပါပဲ။

သတင်းစာဆရာကြီးဦးဝင်းတင် ကျန်းမာပါစေ၊ ကျမ်းမာပါစေ၊ ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချင်းချင်းလွှတ်၊ ချက်ချင်းလွှတ်၊ ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချင်းချင်းလွှတ်၊ ချက်ချင်းလွှတ်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချက်ချင်းလွှတ်၊ ချက်ချင်းလွှတ်၊ "

တိုကျိုမြို့ နအဖသံရုံးရှေ့က ဦးဝင်းတင် လွှတ်မြောက်ရေးတောင်းဆိုတဲ့ ဆန္ဒပြပွဲဖြစ်ပါတယ်။ အလားတူပဲ ဩစတြေးလျနိုင်ငံရှိ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ဌာနခွဲနှင့် ဒီမိုကရေစီအင်အားစုတွေ၊ ပြင်သစ်နိုင်ငံ ပါရီမြို့က နယ်ခြားမဲ့သတင်းသမားတွေက ဦးဝင်းတင်လွှတ်ပေးရေးတောင်းဆိုတဲ့ အခမ်းအနားတွေ ကျင်းပခဲ့ကြောင်းလည်း သိရပါတယ်။

အခုဆက်ပြီး ဦးဝင်းတင်ရဲ့ စာပေသမားဘဝ၊ သတင်းစာသမားဘဝ ဖြတ်သန်းမှုတွေနဲ့ ပတ်သက်ပြီး သူရဲ့ လုပ်ဖော်ကိုင်ဖက်တဦးဖြစ်သူ ငြိမ်းချမ်းရေး ကဗျာဆရာ ဒဂုန်တာရာရဲ့ ပြောကြားချက်ကို ထုတ်လွှင့်ပေးလိုက်ပါတယ် ခင်ဗျာ။

"ဦးဝင်းတင်ကို ကျနော်က အင်မတန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေပဲ။ ကျနော်နဲ့ စသိတာကိုက ၁၉၅၁ လောက် ဖြစ်မယ်။ ကျနော်က အဲ့တုန်းက ဂန္ဓဝင်ဂျာနယ်ဆိုပြီးတော့ ထုတ်တယ်။ ထုတ်နေတော့ သူက အလုပ်လာလျှောက် တာခင်ဗျ။ သူက အဲ့တုန်းက စာပေဗိမာန်မှာ လုပ်နေတော့၊ ကိုထင်လင်းဆိုတာ ခေါ်လာတယ်။ ကျနော့်ဆီကို၊ အလုပ်လာလျှောက်တာ၊ အဲ့တော့ ကျနော်က ပြောလိုက်တယ်လေ။ ကျနော့်ဂျာနယ်က အစပဲရှိသေးတာ။ လခနဲ့ဘာနဲ့ ကျကျနန ရှိချင်မှ ရှိအုန်းမယ်၊ အဲ့က စသိတာပဲဗျ၊ နောက်ပိုင်းကျတော့ ရင်းနှီးသွားတာပေါ့ဗျာ။ ဟို ကြေးမုံမှာ သူအယ်ဒီတာလုပ်နေတုန်းမှာ ကျနော့်ဆောင်းပါးတွေပါတယ်။ ကြေးမုံသတင်းစာဆိုတော့ သတင်းစာမှာ ရေးတဲ့ ရေးနည်းမျိုးပေါ့ဗျာ။ ဒါပေမယ့် အဖွဲ့အစွဲတွေ ကျနော်က ရေးလေ့ရှိတယ်။ အဲ့ဒီကစပြီး ခင်မင်သွားတာပဲ၊ နောက်ဆုံးအကြိမ်အထိ ကျနော်တို့ တယ်လီဖုန်းပေါ်မှာ တယ်လီဖုန်းထဲမှာ ရန်ကုန်ရောက်တုန်း၊ သူနဲ့တော့ မတွေ့ရ ဘူး။"

ဦးဝင်းတင်ရဲ့ သတင်းစာသမားဘဝအကြောင်းဖြစ်ပါတယ်။ ဒါ့အပြင် ဦးဝင်းတင်ရဲ့ နိုင်ငံရေး ယုံကြည်ချက်နဲ့ သူ့ကို မကြာခင် စစ်အစိုးရက ပြန်လွှတ်ပေးလိမ့်မယ်လို့ ယုံကြည်ထားကြောင်းလည်း ဆရာဒဂုန်တာရာက အခုလို ပြောကြားသွားခဲ့ပါတယ်ခင်ဗျာ။

"ဒီလူက တကယ့်လူတော်ပဲ။ မမျှော်လင့်ဘူး။ ကိုဝင်းတင် အဲ့ဒီလောက်ထိ ကြံ့ကြံ့ခံနိုင်မယ်လို့၊ တကယ့် သတ္တိရှိတဲ့ နိုင်ငံရေးသမားကြီး ဖြစ်သွားလိမ့်မယ်လို့ ကျနော်မမျှော်လင့်ဘူး။ ဒါကျနော်တို့ အသစ်တွေ့ရတာပဲ၊ သူနဲ့ ပတ်သက်ပြီးတော့၊ သူက ငြိမ်းချမ်းရေးသမားပဲ အမှန်၊ တော်တော်တူပါတယ်။ ကျနော်တို့ စိတ်ကူးခြင်း၊ အတွေးအခေါ် ချင်း၊ တုန့်ပြန်မှုခြင်းလည်း တူပါတယ်။ သူကတော့ သတင်းစာဘက်ကပေါ့ဗျာ။ ဦးဝင်းတင်ကိုတော့ မကြာခင်လွှတ် မြောက်လာလိမ့်မယ်လို့ ကျနော် မျှော်လင့်မိတယ်ဗျာ။ သူလွှတ်မြောက်လာရင်လည်း ကျနော်တို့ တိုင်းပြည်အကျိုး၊ ကျနော်တို့ ပြည်သူတွေအကျိုး ငြိမ်းချမ်းရေးအကျိုးကို ကောင်းကောင်းစွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ့် ပုဂ္ဂိုလ်အဖြစ် လွှတ်လာမှာပါလို့ ကျနော်တို့ စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာကျနော်တို့ ယုံကြည်မျှော်လင့်ထားပါတယ်ဗျာ။"

ဒီကနေ့ကျရောက်တဲ့ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်တို့ရဲ့ မွေးနေ့ပွဲအကြောင်း စုစည်းတင်ပြချက်ဖြစ်ပါတယ်။

အစသို့

❖

## နိုင်ငံရေးအကျဉ်းသား၏ ထောင်တွင်းအခြေအနေ နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားနေ

*၁၃၊ မတ်၊ ၂၀၀၅*

နအဖ အကျဉ်းသားအသီးသီး၌ မတရား ဖမ်းဆီးထောင်ချခံနေရသော နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ထောင်တွင်းသေဆုံးမှုတို့လည်း ရာနှင့်ချီရှိနေပြီဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း AAPP က ယနေ့ကျရောက်သည့် အသင်းဖွဲ့စည်းခြင်း (၅)နှစ်ပြည့် ကြေညာချက်တွင် ဖော်ပြလိုက်သည်။

အဆိုပါ ကြေညာချက်ထဲတွင် လက်ရှိ နအဖ အကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရဆဲ ဖြစ်သော နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေဆိုးရွားမှု၊ နအဖ အကျဉ်းထောင်များ၏ လူမဆန်သော နှိပ်စက်မှုများနှင့်

နိုင်ငံရေးအကျဉ်းသားများအတွက် တောင်းဆိုချက်(၈)ချက် ကိုလည်းဖော်ပြ ထားသည်။ ထိုကြေညာချက်နှင့် ပတ်သက်၍ AAPP အတွင်းရေးမှူး ကိုတိတ်နိုင်ကို မေးမြန်းရာတွင် ယခုလို ပြောပြသည်။

**ကိုတိတ်နိုင်။** ။"ကျနော်တို့က ဒီကနေ့ ကာလမှာ တကယ်အရေးတကြီး လိုအပ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး၊ ဒီအကျဉ်းသားတွေ အခွင့်ရေးကို ကာကွယ်ရေးနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေကို ကူညီဖြေရှင်းပေးဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျနော်တို့ နယ်စပ်ဒေသမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေ စုစည်းပြီးတော့ ကျနော်တို့ဖွဲ့စည်း ခဲ့တာပါသည်။ စပြီးတော့ ဖွဲ့စည်းတဲ့အချိန်မှာ စပြီးတော့ ကျနော်တို့လုပ်ခဲ့တာ အလုပ်တွေအပေါ်မှာတော့ ကျနော်တို့ မျှော်မှန်းသလောက် အားရမှု မရှိပေမယ့် ဒီအတိုင်းအတာကာလမှာတော့ ကျနော်တို့လုပ်ခဲ့တဲ့ အလုပ်တွေ အပေါ်မှာတော့ ကျေနပ်မှုတော့ တစုံတရာရှိပါတယ်။ ကုလသမဂ္ဂအောက်မှာရှိတဲ့ WGAD လို့ခေါ်တဲ့ မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ပေါ့၊ အဲ့ဒီအဖွဲ့ကြီးမှ ရှေ့နေတယောက်ရဲ့ အကူအညီနဲ့ ကျနော်တို့ တရားစွဲနိုင်တယ်။ အဲ့ဒီအပေါ်မှာ ၂၀၀၂ ခုနှစ်ကနေပြီးတော့ ၂၀၀၄ ခုနှစ်ကြားထဲမှာ လူ(၁၄)ယောက်ကို မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းထားတယ်ဆိုတဲ့ စွဲချက်တွေကို WGAD ကနေပြီးတော့ ချမှတ်နိုင်ခဲ့ပါတယ်။"

**ထက်ရာဇာ။** ။ လက်ရှိ နအဖရဲ့အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား (၁၄၀၀)ကျော်ရှိတယ်လို့ သိရတယ်လေ။ အဲ့ဒီလူတွေရဲ့ လွတ်မြောက်ရေးကိုရော AAPP ကနေ ဘယ်လိုများ ဆက်ပြီး ကြိုပမ်းသွားမယ် ဆိုတာလေးလဲ သိချင်ပါတယ်။

**ကိုတိတ်နိုင်။** ။"ဒီအတွက်ကတော့ နိုင်ငံတကာမှာ Campaign တွေ ဒီထက်ပိုပြီးတော့ ထိထိရောက်ရောက် နဲ့ ထဲထဲဝင်ဝင် လုပ်ဖို့ ကျနော်တို့ လိုတယ်။ ဒီအတွက်လဲ နည်းနာမျိုးစုံကိုတော့ ကျနော်တို့စဉ်းစား ထားတာတွေရှိပါတယ်။ ဥပမာ နိုင်ငံတကာမှာရှိနေတဲ့ အဆုံးအဖြတ် လုပ်ပေးနိုင်မယ့် Policy Maker တွေကို ချဉ်းကပ်ပြီးတော့ ကျနော်တို့တတ်နိုင်သလောက် ဆက်ပြီးတော့ ကြိုးစားသွားမယ်။ အရင်ကထက် ပိုပြီးတော့ ပြုလုပ်နိုင်တာမျိုးတွေကျနော် တို့မြင်ပါတယ်။

အစသို့

❖

## မန္တလေးတိုင်းအဖွဲ့ချုပ်ရုံးတွင် ဦးတင်ဦးနှင့် ဦးဝင်းတင် တို့၏ မွေးနေ့ပွဲများကျင်းပ

*၁၃၊ မတ်၊ ၂၀၀၅*

မနေ့ကကျရောက်ခဲ့တဲ့အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ သူရဦးတင်ဦးရဲ့ (၇၈)နှစ်ပြည့်မွေးနေ့နဲ့ သတင်းစာဆရာကြီးဦးဝင်းတင်ရဲ့ (၇၅)နှစ်ပြည့်မွေးနေ့ဆုတောင်းပွဲ အခမ်းအနားတရပ်ကို မန္တလေးတိုင်းအဖွဲ့ချုပ်ရုံးမှာ ကျင်းပခဲ့တယ်လို့ သိရပါတယ်။ အဖွဲ့ချုပ်ဆက်သွယ်ရေးရုံးအဖြစ် ဖွင့်လှစ်ထားတဲ့ ဦးမောင်မောင်သန်းရဲ့ နေအိမ်မှာ အကျဉ်းရုံးကျင်းပခဲ့တာဖြစ်ပြီး တိုင်းစည်းအဖွဲ့ဝင်အားလုံး အစုံအညီ တက်ရောက်ခဲ့တယ်လို့ အဖွဲ့ဝင်တဦးဖြစ်တဲ့ ဒေါ်ဝင်းမြမြကပြောပါတယ်။ မွေးနေ့ဆုတောင်းပွဲကို ဘယ်လိုပုံစံမျိုး ကျင်းပခဲ့ပါသလဲဆိုတာကို မေးတဲ့အခါမှာတော့ ဒေါ်ဝင်းမြမြကအခုလိုရှင်းပြပါတယ်။

"ကျမတို့တိုင်းစည်းကော်မတီ တခုလုံးက နေပြီးတော့မှ ကျမတို့ထိုင်ပြီး ဆုတောင်းမေတ္တာပို့သပွဲကို ကျမတို့ကျင်းပပါတယ်။ ဘဘဦးတင်ဦးနဲ့ ဆရာကြီးဦးဝင်းတင်တို့ရဲ့ ကျမတို့ရဲ့အမှတ်ရစရာ ကိုယ်တွေ့ မှတ်သားမိတာလေးတွေ တယောက်အတွေ့အကြုံ၊ တယောက်အတွေ့အကြုံ ကျမတို့ပြောကြပါတယ်။ ကျမအတွက် ကျမပြောရမယ်ဆိုလို့ရှိရင်တော့ ကျမက ၂၀၀၃ခုနှစ်၊ မေလ (၃၀)ရက်နေ့မှာ ကျမတို့ကြုံတွေ့ခဲ့ရတဲ့ ဒီပဲယင်းနဲ့ပတ်သက်ပြီးတော့မှ ကျမဟာ ဘဘဦးတင်ဦးကို အရင့်အရင် လေးစားတာထက်မှ ပိုပြီးတော့မှ လေးစားသွားရတဲ့ အနေအထားကိုပြောပါတယ်။ ကျမတို့ ဒီပဲယင်းခရီးစဉ်ဆိုတာမှာ စဥ့်ကူးကနေပြီးတော့မှ ဒီပဲယင်းအထိပေါ့နော် အဲ့ဒီခရီးကြမ်းကို ကျမတို့ စဥ့်ကူးမှာဆိုရင် ကျမတို့ကဟုတ်လား စဥ့်ကူးမြို့နယ်၊ မိုးကုပ်ကနေလာပြီးတော့မှ စဥ့်ကူးကို ကျမတို့ ညတစ်ချက်လောက်ကို ရောက်တယ်။ အဲ့ဒီအချိန်မှာကျမတို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးတွေက ခဲတွေနဲ့ပေါက်ကြ၊ အဲ့ဒီမှာခေါင်းတွေပေါက်ကြ၊ လက်မောင်းတွေမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ အကုန် အဲ့ဒီလိုဖြစ်တဲ့ အခါမှာဆိုလို့ရှိရင် ချက်ချင်းပဲ လုပ်စရာ၊ ကိုင်စရာရှိတာကို နည်းနည်းမှ ဇဝေဇဝါဖြစ်မနေဘူး။ လုပ်သင့်လုပ်ထိုက်တာကို တခါတည်း သူရဲစခန်းကိုသွား အမှုဖွင့်တဲ့အလုပ်ကို လုပ်တယ်။ တခါနောက်ကျမတို့ ဒီပဲယင်းခရီးစဉ်မှာဆိုလို့ရှိရင် လူတွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကားကို ဝိုင်းရိုက်လိုက်ကြတဲ့အချိန်မှာဆိုရင် ဘဘဦးတင်ဦးက အသက် အဲ့ဒီတုန်းကဆို အသက်(၇၆)နှစ်လောက်ရှိပါပြီ။ ဟုတ်တယ်။ ဒါအခု(၇၈)နှစ် တကယ်တမ်းဆိုတော့ ဘဘဦးတင်ဦးလည်း ရိုက်ခံရရင်သေမှာပဲ။ ဒါပေမယ့်သူ မားမားမတ်မတ်နဲ့ သူဆက်ပြီးတော့မှ ရိုက်နေတဲ့၊ ဝိုင်းရိုက်နေကြတဲ့လူတွေကို ဘဘဦးတင်ဦးက ဘာမေးလိုက်လဲဆိုတော့ ဟေ့ ဒါအမျိုးသားခေါင်းဆောင်ကွ၊ အမျိုးသားခေါင်းဆောင်၊ ဒါအမျိုးသားခေါင်းဆောင်ဆိုပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ကို လက်ညိုးထိုးပြီးပြောလိုက်တဲ့အချိန်မှာ ရိုက်တဲ့လူတွေက ချက်ချင်းတန့်သွားတယ်။ "

မန္တလေးမြို့ အဖွဲ့ချုပ်ရုံးမှာ ကျင်းပခဲ့တဲ့ ဦးတင်ဦးနဲ့ ဦးဝင်းတင်တို့ရဲ့ မွေးနေ့ပွဲအကြောင်း ဒေါ်ဝင်းမြမြရဲ့ ပြောပြချက်တွေဖြစ်ပါတယ်။ ဦးတင်ဦးရဲ့ တပ်မတော်သားဘဝ အခြေအနေကို မေးကြည့်အခါမှာတော့ မကြာသေးခင်ကမှ

အင်းစိန်ထောင်ကနေပြန်လွတ်လာတဲ့ အခုလောလောဆယ် မန္တလေးမြို့ကို ရောက်ရှိနေတဲ့ စစ်ကိုင်းတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဆန်းက အခုလိုရှင်းပြထားပါတယ်။

"ကျနော် ၁၉၄၉ခုနှစ်၊ ကျနော်တပ်မတော်ဘက်ထဲကိုဝင်တော့ ဦးတင်ဦးကပဲ ကျနော်တို့ကို တပ်သားသစ်အဖြစ်နဲ့ လာခေါ်တာပါ။ အဲ့ဒီတုန်းက သူကဗိုလ်ကြီးတင်ဦးပါ။ ဦးတင်ဦးကတော့ အင်မတန်ရဲဘော်၊ ရဲဘက်စိတ်အပြည့်အဝရှိတဲ့ ကျနော်တို့ရဲ့အရာရှိတဦးပါ။ အင်မတန်ရဲဘော်၊ ရဲဘက်စိတ်ရှိတယ်။ အင်မတန် သူတိုင်းချစ်ပြည်ချစ် စိတ်ရှိတယ်။ ကိုယ့်လက်အောက်ငယ်သား အပေါ်မှာ အင်မတန် ထောက်ထားညှာတာ တက်တဲ့စိတ်ရှိတယ်။ နောက်သင်ပြမှု၊ ကိုယ်ကိုယ်တိုင် လက်တွေ့ကျကျ ဦးဆောင်ဦးရွက်ရှိမှု၊ သူနဲ့ကျွန်တော်နဲ့က ဗိုလ်ကြီး၊ ဗိုလ်မှူး၊ သူတပ်ရင်းမှူး၊ နောက်ပြီးတော့ သူဟိုဥစ္စာဖြစ်တဲ့အခါ တိုင်းမှူးပေါ့ဗျာ။ နောက်ပြီးတော့ ကာကွယ်ရေးဦးစီးချုပ် စသည်ဖြင့် တောက်လျှောက် လုပ်လာတဲ့အခါမှာ တပ်ရင်းမှူးအဖြစ် ဘုရင့်နောင်စစ်ဆင်ရေး ၁၉၅၄၊ ၅၅ ကရန်ကြီးအောင်စစ်ဆင်ရေး၊ အဲ့ဒီမှာ ဦးဆောင်တိုက်ပြီး မိုင်းတုံ၊ မိုင်းစပ်တို့ကသူရဲ့ ရန်ကြီးအောင်စစ်ဆင်ရေး၊ ဘုရင်နောင်စစ်ဆင်ရေး ဗိုလ်မှူးချုပ် ကျော်ဇော တိုင်းမှူးခေါင်းဆောင်မှု အောက်မှာ ကျနော်တို့ သနက(၁) တိုင်းမှူးအဖြစ်နဲ့ သူဆောင်ရွက်ရာမှာ ဦးဆောင်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ မေလ (၇)ရက်နေ့အဲ့ဒီရန်ကြီးအောင်စစ်ဆင်ရေး တိုက်ပွဲမှာ သူရ ဘွဲ့ရတာ။ "

သူရဦးတင်ဦးရဲ့ တပ်မတော်သားဘဝ တစေ့တစောင်းကို ဗိုလ်မှူးကြီးဟောင်း ဦးကျော်ဆန်း ပြောပြသွားတာဖြစ်ပါတယ်။ ဒီလိုမွေးနေ့ပွဲကျင်းပတဲ့နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် လျောင်လှုပ်ခတ်ခဲ့တဲ့အတွက် သူတို့နှစ်ဦး အမြန်ပြန်လွတ်မြောက်ဖို့အတွက်နဲ့ တိုင်းပြည်အတွင်းအပြောင်းအလဲတွေ ဖြစ်လာနိုင်တယ်လို့ သူတို့အနေနဲ့ မျှော်လင့်မိကြောင်းလည်း ဒေါ်ဝင်းမြမြကအခုလိုပြောပြသွားပါတယ်။

"၁၀း၁၅မှာတကြိမ်လှုပ်တယ်။ ၈း၂၅မှာတကြိမ်လှုပ်တယ်။ ၁၁း၃၀မှာတကြိမ်လှုပ်တယ်။ ၁၁း၂၅နဲ့ ၁၁း၃၀မှာလှုပ်တာကတော့ တော်တော်လေးကို အသံတွေကိုမြည်တယ်။ လှုပ်ပြီးတာ့ နှစ်မိနစ်၊ သုံးမိနစ်အထိ တခါးရွက်တွေဆိုရင် အဲ့ဒီအိမ်မှာလှုပ်နေတုန်း တခါးရွက်ကလေးတွေက နောက်ကျတော့ ၁၁း၃၀ပြီးတဲ့နောက်ပိုင်းမှာကျတော့ ဒိတ် ဒိတ် ဒိတ် ဒိတ် ဒိတ် ဒိတ် ဒိတ်နဲ့ ဆိုပြီးတော့ အစအနလေးတွေ လှုပ်တာကတော့ ငါးမိနစ်မျိုး သုံးမိနစ်မျိုးခြားပြီးတော့မှ သုံးကြိမ်၊ လေးကြိမ်လောက်လှုပ်တယ်။ တိုင်းသူပြည်သားတွေအတွက် ကောင်းတော့မယ်လို့ ယူဆနေကြတာပဲ။ ရှစ်လေးလုံးတုန်းကလည်း တိုင်းသူပြည်သားတွေအတွက် ကောင်းပြီး အကုန်လုံး စိန်လွင်တို့လည်း ပြုတ်ကုန်ကြတာပဲလေ။ အဲ့လိုပဲ အခုလည်း ယူဆနေတာပဲ။ "

မနေ့ကကျင်းပခဲ့တဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦး၊ သတင်းစာဆရာကြီး ဦးဝင်းတင်တို့ရဲ့ မွေးနေ့အခမ်းအနားနဲ့ အဲ့ဒီနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးမြို့မှာ လျောင်လှုပ်ခတ်ခဲ့ကြောင်း ဒေါ်ဝင်းမြမြရဲ့ ပြောပြချက်တွေဖြစ်ပါတယ်။

အစသို့

❖

## ဦးခွန်ထွန်းဦး အတွက် လွတ်လပ်သည့်ရှေ့နေများ ငှားရမ်းခွင့်ပြုရန် မိသားစုတို့က တောင်းဆိုထား

*၁၃ ၊ မတ်၊ ၂၀၀၅*

ဦးခွန်ထွန်းဦး အပါအဝင် ဖမ်းဆီးခံနေရသော ရှမ်းခေါင်းဆောင်များအတွက် အစိုးရက ငှားပေးထားသည့် ရှေ့နေနှစ်ဦးမှာ ကြံ့ဖွံ့ အဖွဲ့ဝင်များဖြစ်နေသောကြောင့် ယင်းတို့အစား လွတ်လပ်သည့် ရှေ့နေကို ငှားရမ်းခွင့်ပေးရန် မိသားစုဝင်တို့က ရှေ့နေရုံးနှင့် တရားရုံးချုပ်သို့ စာရေး တောင်းဆိုလိုက်ကြောင်း သိရသည်။ ဦးခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်၊ ဦးစိုင်းညွန့်လွင်နှင့် စိုင်းလှအောင်တို့ မိသားစု (၄)စုမှ ပြီးခဲ့သည့် တနင်္လာနေ့က ယခုလိုတောင်းဆို လိုက်ခြင်းဖြစ်ကြောင်း ဦးခွန်ထွန်းဦး မိသားစု နှင့် နီးစပ်သူတဦးက ယခုလိုပြောပြသည်။

"ရှေ့နေချုပ်ရုံးရယ်၊ တရားရုံးချုပ်ရယ်ကို သက်ဆိုင်ရာမိသားစုတွေက အသိပေးစာ တင်ထားပါတယ်။ တရားရုံးချုပ် ရှေ့နေများကောင်စီက ငှားပေးတယ်ဆိုတဲ့ ရှေ့နေတွေနဲ့ မလုံလောက်ပါဘူး။ သီးခြား ကိုယ်ပိုင် လွတ်လပ်စွာ ခုခံကာကွယ်နိုင်ဖို့အတွက် ကိုယ်ပိုင်ရှေ့နေ ငှားရမ်းလို ပါတယ်။ တကယ်လို့ ငှားရမ်းခွင့်ရမယ်ဆိုရင်လဲ အမြန်ဆုံး အကောင်အတည်ဖော် ဆောင်ရွက်ပေးပါမယ် ဆိုပြီး တင်ထားတယ်။ အဲ့ဒါကို အမြန်ဆုံး ပြန်ကြားပေးဖို့ တောင်းဆိုထားတယ်။"

ဤသည်မှာ ဒုတိယ အကြိမ်မြောက် စာရေးတောင်းဆိုခြင်းဖြစ်ပြီး ပထမ အကြိမ်မှာ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စားရေးတောင်းဆိုခဲ့ခြင်းဖြစ်သည်။ ထိုအတောအတွင်းမှာပင် နယ်စပ်အခြေစိုက် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (မြန်မာနိုင်ငံ) DAB နှင့်ကရင်အမျိုးသားအစည်းအရုံး KNU တို့ကလည်း အဆိုပါ ဖမ်းဆီးမှုအပေါ် ကြေညာချက်များထုတ်ပြန်ပြီး ဝေဖန်ခဲ့ကြသည်။ ဦးခွန်ထွန်းဦးနှင့် ဗိုလ်ချုပ် ဆေတင် အပါအဝင် ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးခြင်းမှာ အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ် ငန်းစဉ်းကို လုံးဝပျက်စီးသွားစေနိုင်၍ အမြန်ဆုံး ပြန်လွှတ်ပေးရန်တောင်းဆိုထားသည်။ ရှမ်းခေါင်းဆောင်များ

တင်းပြနေသော ပြည်ထောင်စုမှုကို နအဖ ဘက်က အသေအချာ နားထောင်ပြီး ဆွေးနွေးမှုများလုပ်မှသာ စစ်မှန်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ပြန်လည်ဦးတည် နိုင်လိမ့်မည် ဟုလည်း ယနေ့ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

အစသို့

❖

## ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ကြိုးပမ်းကြသူ အားလုံးကို ထောက်ခံအားပေးကြောင်း အမေရိကန်သမ္မတကတော် ပြောဆိုခြင်း

*၁၄၊ မတ်၊ ၂၀၀၅*

မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ထူးချွန်ထက်မြက်တဲ့ အမျိုးသားခေါင်းဆောင် ဖြစ်ပြီး သူ့လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြသူ အားလုံးကို ထောက်ခံအားပေးနေကြောင်း အမေရိကန် သမ္မတကတော် လော်ရာဘုရှ်က ချီးကျူးပြောဆိုလိုက်ပါတယ်။ အခုလ (၈)ရက်နေ့ကကျရောက်တဲ့ နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာမှာ တခြားကမ္ဘာ့အမျိုးသမီး ခေါင်းဆောင်တွေနဲ့အတူ ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို အခုလိုထည့်သွင်းပြောဆိုသွားတာဖြစ်ပါတယ်။ လူ့အခွင့်အရေး၊ အမျိုးသမီးထုအခွင့်အရေးတွေ အပြည့်အဝရရှိဖို့အတွက် ကမ္ဘာတလွှားက အမျိုးသမီးခေါင်းဆောင်တွေ ကြိုးပမ်းနေကြသလို ဒေါ်အောင်ဆန်းစုကြည်ဟာလည်း မြန်မာပြည်သူအားလုံး လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေသူလို့ဆိုပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုတိုင်းကို သူကိုယ်တိုင်နဲ့အတူ အမေရိကန်အစိုးရတရပ်လုံးက အပြည့်အဝထောက်ခံအားပေးသွားမယ့်အကြောင်း သမ္မတကတော်လော်ဒါဘုရှ်က ကတိပေးပြောကြားသွားပါတယ်။

အစသို့

❖

## ဦးခွန်ထွန်းဦးတို့ အမှု ထပ်မံစစ်ဆေးနေတယ်လို့ ယူဆရ

*၁၄၊ မတ်၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ် ဦးခွန်ထွန်းဦးတို့အမှုကို ဒီကနေ့အင်းစိန်ထောင်မှာ ထပ်မံစစ်ဆေးတယ်လို့ ယူဆရကြောင်း ရန်ကုန်ရှေ့နေ အသိုင်းအဝိုင်းရဲ့ ပြောပြချက်အရသိရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရုံးချိန်းတွေတုန်းက မိသားစုကိုရော ရှေ့နေတွေကိုပါ အာဏာပိုင်တွေက ဝင်ခွင့်မပေးတဲ့အတွက် ဒီကနေ့ရုံးချိန်းကို သွားတွေ့ဖို့ မကြိုးစားတော့ဘူးလို့လည်း ဒီအမှုနဲ့ပတ်သက်ပြီး မိသားစုရဲ့ ပါဝါလွှဲအပ်ခြင်းခံထားရတဲ့ ရှေ့နေဦးအောင်သိန်းက ပြောပါတယ်။ အာဏာပိုင်တွေငှားပေးတဲ့ ရှေ့နေတွေနဲ့ပဲ အင်းစိန်ထောင်အတွင်း တခါးပိတ် စစ်ဆေးနေပုံရှိတယ်လို့လည်း သူကသုံးသပ်ပြောဆိုပါတယ်။ အဖွဲ့ချုပ်ရှေ့နေတွေကို ဦးခွန်ထွန်းဦးတို့နဲ့ တွေ့ခွင့်မပေးရုံမက အားကစားဂျာနယ်တချို့ကနေ ပုတ်ခတ်ရေးသားတာတွေ လုပ်ခဲ့တယ်လို့လည်း ဦးအောင်သိန်းက ပြောပါတယ်။ ဒီကိစ္စတွေ ပိုမိုသိရှိနိုင်ဖို့အတွက် ဦးအောင်သိန်းကို ကျမတို့ဆက်သွယ် မေးမြန်းတဲ့အခါ နအဖပိုင်ဂျာနယ်တချို့ရဲ့ ရေးသားချက်တွေအရ ရုံးထုတ်စစ်ဆေးနေတယ်လို့ ယူဆရတာဖြစ်ကြောင်း သူကအခုလိုစရှင်းပြထားပါတယ်။

"ရုံးထုတ်တယ်ဆိုတာ ထုတ်တယ်၊ ထုတ်တယ်သာကြားရတာ ဒီဘက်ကတရားဝင် အသိပေးအကြောင်းကြားတာ တခုမှမရှိဘူး။ စိတ်ကူးနဲ့ အထင်နဲ့ သွားရတာပဲရှိတယ်၊ သွားပြီးတော့ တွေ့ခွင့်ရတာမဟုတ်ဘူး။ နောက်ပြီးတော့ မိသားစုအနေနဲ့ ပစ္စည်းပေးခွင့်ရတာမဟုတ်ဘူး။ သူတို့ဘာသာသူတို့ ဒီ နိုင်ငံတော်ကငှားပေးတဲ့ ရှေ့နေတွေနဲ့ သွားနေရတဲ့ သဘောရှိကောင်းရှိမှာပေ့ါ။ အဲ့ဒါတွေကလည်း သူတို့ဒီမှာ ရေးနေတဲ့ အဲ့လို အားကစားဂျာနယ်တို့ ရေးနေတဲ့ ဆောင်းပါးတွေကပဲ သိရတာပဲလေ။ ၁၂ရက်၊ ၃လ ၂၀၀၅ရက်နေ့စနေနေ့ထုတ် **-Sport** ဂျာနယ်မှာ ပါပါတယ်။ သူ့ဆောင်းပါးကတော့ စိန်တမံဆိုတဲ့ ကလောင်အမည်နဲ့ရေးတာပဲ။ မြွေမှန်ရင် တွင်းဝင်ဖြောင့်ပေလိမ့်မယ်လို့ သူကပြောတယ်။ ရှေ့နေတွေနဲ့ ကာယကံရှင်က ငှားရမ်းခြင်းလည်းမရှိပဲနဲ့ ဒီအမှုကို အတင်းလိုက်ပါ ဆောင်ရွက်ဖို့ကြိုးစားတာဟာ ရှေ့နေကျင့်ဝတ်နဲ့ မညီညွတ်ပါဘူးဆိုတဲ့ ခနဲ့တဲ့တဲ့ရေးထားတဲ့ ဟာတွေပါ။"

ဟုတ်ကဲ့၊ သူတို့ဘက်က အဲ့လိုမျိုးသရော်ထားတယ် ဆိုတော့ အန်ကယ်တို့ကို မိသားစုကတရားဝင် ပါဝါပေးထားတာ မဟုတ်ဘူးလား အန်ကယ်။ ဒီအပေါ်မှာ ဘယ်လိုမျိုး ရှင်းပြစရာရှိမလဲရှင်။

"သူကတော့ ရှေ့နေရှေ့ရပ်ကျင့်ဝတ်နဲ့ မညီဘူးဆိုပေမယ့်။ ကျွန်တော်တို့ကတော့ ဘယ်လိုမှ မငှားပဲနဲ့တော့ ဒီထောင်ဗူးဝနားကို ရှေ့နေတယောက်က အကြောင်းမဲ့မသွားပါဘူး။ အဲ့ဒီနေရာမှာသွားပြီး အမှုရှာစရာ အကြောင်းလည်း မရှိပါဘူး။ ဒီထောင်ထဲကို ဝင်ခွင့်ရအောင် မိသားစုကိုယ်၌ကို လာပြီးအပ်တာ။ အထဲရောက်မှ ဝင်ခွင့်ရပြီဆိုမှ တရားခံတွေနဲ့တွေ့ပြီးတော့မှ

ခင်ဗျားတို့မိသားစုကတော့ ဒီလိုကျွန်တော့်ကိုလွှဲတယ်။ ခင်ဗျားတို့က ခင်ဗျားတို့ အမှုမှာ လိုက်ပါစေချင်လို့လား။ လိုက်ပါစေချင်တယ်ဆိုရင် ပါဝါထိုး ပြောရုံပဲ ရှိတာပေါ့နော့်။ အခုဟာအဲ့ဒီလိုမဟုတ်ဘူး။ ဒီအဝကနေစပြီးတော့ သူတို့ဒီအာဏာပိုင် အထက်အာဏာပိုင် အဖွဲ့အစည်းက နေပြီးတော့ ဝင်ခွင့်မပြုနိုင်ဘူးဆိုပြီး ပြောတယ်။ အဲ့တော့ ကိုယ့်သဘောနဲ့ ကိုယ်လာပြီးတော့ လိုက်တယ်ဆိုတဲ့ သဘောမျိုး သူတို့ဆောင်ရွက် သွားတာဆိုတော့ အဲ့လိုရေးထားတာပဲလေ။ သူတို့အဖြစ်မှန် ပကတိအဖြစ်မှန်တွေကို သူထိန်ချန်ပြီးတော့ သူက ဟိုသူ့ကိုယ်သူတော့ နားလည်သလိုလိုတော့ သူရေးထားတာပဲ။ ဒါသူအဖြစ်မှန် သူမသိရှာပါဘူး။

ဟုတ်ကဲ့၊ အခုကြားနေရတဲ့အတိုင်းဆိုရင် ဒီ ဦးခွန်ထွန်းဦးတို့အမှုက တခြားအန်ကယ်တို့ လိုက်နေတဲ့အမှုတွေနဲ့ မတူပဲနဲ့ အာဏာပိုင်ဘက်က သီးသန့် ခွဲခြားထားတဲ့ သဘောမျိုး ဖြစ်နေတာပေါ့အန်ကယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အစိုးရငှားပေးတဲ့ရှေ့နေနဲ့ပဲ စစ်နေတယ်။ အန်ကယ်တို့ကို လိုက်ခွင့်မပေးဘူးဆိုတော့လေ။

“အဲ့ဒီသဘောမျိုးသက်ရောက်ပါတယ်။ ကြည့်ရတာတော့ ရေးထားတဲ့ ဟိုဟာတွေမှာ ကြည့်ရတဲ့ အခါကြတော့ ဒါ အင်မတန်အရေးကြီးတဲ့ အမှုအခင်းကိစ္စ ဆောင်ရွက်တယ် ဆိုတဲ့နေရာမှာ ရှေ့နေရှေ့ရပ်ကို ငှားရမ်းခွင့်ပေးတယ်ဆိုတာဟာ နိုင်ငံတော်က စေတနာထားပြီး ပေးတယ်လို့ သူတိုကပြောတာပဲ။ အဲ့တော့ အစိုးရငှားပေးတဲ့ ရှေ့နေဆိုတာဟာ တရားခံဘက်ကနေပြီးတော့ ရှေ့နေမငှားနိုင်တဲ့ အခြေအနေမျိုး ရှေ့နေမငှားနိုင်တဲ့ သေဒဏ်တို့၊ တကျွန်းတို့ကျနိုင်တဲ့ ကိစ္စရပ်တွေမှာသာလျှင် တရားခံက သူ့ဘာသူ မငှားနိုင်ပါဘူးဆိုမှ နိုင်ငံတော်က ငှားပေးရတာပါ။ အခုက ဦးခွန်ထွန်းဦးတို့ငှားနိုင်တယ်၊ မငှားနိုင်ဘူးဆိုတာ ဒါကတော့ သူတို့စဉ်းစားကြည့်ပေါ့လေ။ သူတို့လည်း ဒီလောက်လုပ်ကိုင်ဆောင်ရွက်နေတဲ့ ပါတီအဖွဲ့အစည်းထဲမှာ ရှိတဲ့ပုဂ္ဂိုလ်တွေပဲ။ နောက်သူတို့ စိတ်တိုင်းကျ ရှေ့နေမရဘူးဆိုတာ ထင်ရှားပါတယ်။ ”

ဦးခွန်ထွန်းဦးတို့အမှုကို စိတ်ကြိုက်ရှေ့နေငှားခွင့်မပေးပဲ အာဏာပိုင်တွေ ငှားပေးတဲ့ရှေ့နေတွေနဲ့သာ တခါးပိတ် စစ်ဆေးနေတဲ့အပေါ် ရှေ့နေဦးအောင်သိန်းကို မေးမြန်းခဲ့တာဖြစ်ပါတယ်။ ဦးခွန်ထွန်းဦးနဲ့အတူ ရှမ်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ ဗဟိုကော်မတီဝင်တွေဖြစ်ကြတဲ့ စဝ်သာဦးနဲ့ စိုင်းလှအောင်တို့ကို ပြီးခဲ့တဲ့လ (၉)ရက်နေကတည်းက ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ မတ်လ(၁)ရက်နေ့ကနေ ဒီကနေ့အထိ သုံးကြိမ်တိတိ ရုံးထုတ် စစ်ဆေးခဲ့တယ်လို့ ယူဆရပြီး မိသားစုနဲ့ရော ရှေ့နေတွေနဲ့ပါ တွေ့ခွင့်မပေးတဲ့အတွက် ဘာပုဒ်မနဲ့ စွဲချက်တင်ထားတယ်ဆိုတာကို ခန့်မှန်းရခက်နေတယ်လို့လည်း ဦးအောင်သိန်းက ဆက်လက်ပြောပြသွားပါတယ်။

အစသို့

❖

## ကလေးထောင်တွင်း အကျဉ်းကျခံနေသော နိုင်ငံရေးအကျဉ်းသား ဦးစောဝင်း ကျမ္မာရေးအခြေအနေ ဆိုးဝါးနေ

*၁၄၊ မတ် ၂၀၀၅*

စစ်ကိုင်းတိုင်းအထက်ပိုင်း ကလေးထောက်မှာ မတရားဖမ်းဆီး အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား တွေအနက် ကိုစောဝင်းရဲ့ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်း သိရပါတယ်။ ငှက်ဖျားရောဂါ ခံတ်ခံရှိတဲ့ ကိုစောဝင်းဟာ အခုလောလောဆယ် အဖျားရောဂါ ပြင်းထန်စွာခံစားနေရပြီး ဆရာဝန်နဲ့ ဆေးဝါးကုသခွင့်တောင်းခံ ထားပေမယ့် ထောင်အာဏာပိုင်တွေက ကုသခွင့်မပေးဘူးလို့ သိရပါတယ်။ ပါရာစီတမော၊ ဘာမီတွန် စတဲ့ဆေးဝါးတွေနဲ့ပဲ ရောဂါသက်သာအောင် ကုသနေရတယ်လို့ ဒီကနေ့ ထောင်ဝင်စာတွေ့ပြန်လာတဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုတွေက ပြောပါတယ်။ ရန်ကုန်ဒေါပုံ ဇာတိဖြစ်တဲ့ ကိုစောဝင်းကို နိုင်ငံရေး စာရွက်စာတမ်း ဖြန့်ဝေမှုနဲ့ ၁၉၉၇ ခုနှစ်မှာ အာဏာပိုင်တွေက ဖမ်းဆီးပြီး ထောင်ဆယ်နှစ် ချမှတ်ခဲ့တာဖြစ်ပါတယ်။ ထောင်ဝင်စာ လာတွေ့နေရတဲ့ မိခင်ကြီးကလည်း အသက် (၈၀)ရှိပြီဖြစ်တဲ့ အတွက် အသက်နဲ့ ကျန်းမာရေးအခြေအနေအရရော၊ သွားလာရေးခက်ခဲမှုအရပါ ထောင်ဝင်စာပုံမှန် လာမတွေ့နိုင်တော့ဘူးလို့ သိရပါတယ်။ ထပ်မံစုံစမ်းသိရတဲ့ သတင်းတွေအရ ကလေးထောင်မှာ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ချိုးရေအလုံအလောက်မရတာကြောင့် ကျန်းမာရေးအတွက် စိုးရိမ်နေရတယ်လို့ သိရပါတယ်။ ကလေးထောင်မှာ အခုလောလောဆယ် လာရှိုးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအပါအဝင် နိုင်ငံရေးအကျဉ်းသား (၇)ဦး ဆက်လက်အကျဉ်းကျခံနေကြောင်းလည်း စုံစမ်းသိရှိရပါတယ်ရှင်။

အစသို့

❖

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြတ်သန်းမှု ကျောင်းသားတွေကို ပြောပြမိသဖြင့် ကျူရှင်ဆရာ တဦး အဖမ်းခံရ

*၁၄၊ မတ်၊ ၂၀၀၅*

ရန်ကုန်တွံတေးမြို့က ကျူရှင်ဆရာ ဦးအောင်ဖေကို ပြီးခဲ့တဲ့ဖေဖော်ဝါရီလ (၁၂)ရက်နေ့က နယ်မြေခံ အာဏာပိုင်တွေက ဖမ်းဆီးသွားတဲ့အကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဦးအောင်ဖေဟာ ၉တန်းနဲ့ ၁၀တန်း ကျောင်းသားတွေကို ကျူရှင်ပြနေသူတဦး ဖြစ်ပြီး ပြည်ထောင်စုနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြတ်သန်းမှုအကြောင်း ကျောင်းသားတွေကို ပြောပြလို့ဆိုပြီး အာဏာပိုင်တွေကဖမ်းဆီးခဲ့တာလို့သိရပါတယ်။ မနေ့ကအမှုစစ်ဖို့ မြို့နယ်တရားရုံးမှာ ရုံးချိန်းရှိခဲ့ပေမယ့် လာမယ့် (၂၈)ရက်နေ့အထိ ထပ်မံရွှေ့ဆိုင်းလိုက်တယ်လို့လည်း သိရပါတယ်။ ဒီအကြောင်းကို ဒီဗွီဘီသတင်းထောက် ဦးမောင်မောင်ဟိန်းမနေ့က သတင်းပေးပို့ထားတာကို နားဆင်နိုင်ပါတယ်။

ဒီကနေ့ ရုံးချိန်းနေ့ဖြစ်ပေမယ့် လာမယ့် (၂၈)ရက်နေ့ကို ချိန်းဆိုလိုက်တဲ့အကြောင်းနဲ့ စတင်ဖမ်းဆီးခြင်း ခံခဲ့ရတဲ့အကြောင်းကို ဆရာကိုအောင်ဖေရဲ့ ဇနီးဖြစ်သူက အခုလိုပြောပြပါတယ်။

"အခုဒီနေ့ရုံးထုတ်သွားတာပေါ့နော်။ ရုံးထုတ်တော့ သူတို့က သူတို့ဘက်က မစစ်ဆေးဘူး။ အားချင်းရက်ချိန်းပေးပြီးတော့ (၂၈)ရက်နေ့ပေါ့နော်။ ဒီလာမယ့် (၂၈)ရက်နေ့ကို ရုံးချိန်းပေးလိုက်တယ်။ ပုဒ်မ (၂၃)နဲ့တရားစွဲထားတာပါ။ အာမခံတွေဘာတွေကျတော့လည်း သူတို့က နောက်တော့မှပဲ စဉ်းစားမယ်ပေါ့နော်။ ဒီအတွက်ကိုမပေးဘူး အာမခံ။ "

ကျူရှင်ဆရာကိုအောင်ဖေဟာ အထက်တန်းကျောင်းသား (၃၀၀)ကျော်ကို စာသင်ကြားပေးနေပြီး နိုင်ငံရေး ကင်းရှင်းကြောင်းနဲ့ စေတနာဆရာ တဦးဖြစ်တဲ့အကြောင်း ကျောင်းသားမိဘတွေက ပြောပါတယ်။ ပြီးခဲ့တဲ့ပြည်ထောင်စုနေ့က ပြည်ထောင်စုနေ့အကြောင်းနဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပေါ်လာပုံကို ကျောင်းသားတွေ သဘောပေါက်နားလည်အောင် ရှင်းပြခဲ့လို့ အာဏာပိုင်တွေက အခုလိုဖမ်းဆီးတာလို့ ဒေသခံတွေကပြောပါတယ်။ အခုဆိုရင် စာမေးပွဲဖြေတော့မယ့် ကျောင်းသားတွေ အခက်အခဲဖြစ်နေပြီး အခြားကျူရှင်ဆရာတွေကိုတော့ ဖမ်းဆီးတာမတွေ့ရတာကြောင့် အခုလုပ်ရပ်ဟာ ဥပဒေမဲ့လုပ်ရပ်ဖြစ်သလို အရင်စစ်ထောက်လှမ်းရေးလုပ်ရပ်နဲ့ အတူတူပဲလို့ ဆရာကိုအောင်ဖေရဲ့ ဇနီးဖြစ်သူက အခုလိုပြောဆိုသွားခဲ့ပါတယ်ခင်ဗျာ။

"ဟိုဥစ္စာ အထက်အမိန့်မရမချင်းဘာမှလုပ်ဆောင်လို့မရဘူးတဲ့။ တရားဥပဒေဆိုတာ ငါတို့လက်ထဲမှာရှိတယ်တဲ့ စခန်းမှူးဦးမြင့်သန်းက သမီးကို အဲ့လိုပြောလိုက်ပါတယ်။ ဒီတခါတော့ ကျမတို့စိတ်မကောင်းပါဘူး။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းပြောတဲ့ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှမရှိဘူးဆိုတဲ့ စကားနဲ့လည်း ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ တွံတေးမှာတာဝန်ထမ်းဆောင်နေတဲ့ ––– အယောက်(၅၀)လောက်ရှိတဲ့ အထဲမှာ ဆရာဦးအောင်ဖေ တယောက်တည်းကိုပဲ ရွေးပြီးလုပ်တဲ့ဟာ တချိန်က တနိုင်ငံလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရတဲ့ ထောက်လှမ်းရေးရဲ့ လုပ်ရပ်နဲ့ အတူတူပဲလို့ ကျမဘက်ကနေ ပြောချင်ပါတယ်။ နောက်ပြီးတော့ ဆရာ့မှာ ကျောင်းသားကျောင်းသူ (၃၀၀)ကျော်ရှိပြီး စာမေးပွဲနီးမှပေါ့နော် ဆရာဦးအောင်ဖေကို ဒီလိုဖမ်းထားခဲ့လို့ ကျောင်းသူကျောင်းသားတွေက အရမ်းဒုက္ခရောက်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့။ " ဦးမောင်မောင်ဟိန်းရဲ့သတင်းပေးပို့ချက်ဖြစ်ပါတယ်ရှင်။

အစသို့

❖

## ရှမ်းအဖွဲ့ချုပ် ဦးခွန်ထွန်းဦးရဲ့ အမှု ရုံးထုတ်စစ်ဆေး
*၁၅၊ မတ်၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ် ဦးခွန်ထွန်းဦးတို့ရဲ့ အမှုကို အာဏာပိုင်တွေ ငှားပေးတဲ့ ရှေ့နေနှစ်ဦးနဲ့အတူ မနေ့က အင်းစိန်ထောင်အတွင်း ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရပါတယ်။

အာဏာပိုင်တွေ ငှားပေးထားတဲ့ ရှေ့နေနှစ်ဦးကတော့ ဦးအောင်ခိုင်နဲ့ ဦးအောင်မြင့်တို့ဖြစ်ပြီး ရန်ကုန်ရှေ့နေ အသိုင်းအဝိုင်းမှာ လူသိနည်းသူတွေလို့သိရပါတယ်။ သူတို့နှစ်ဦးမနေ့က အင်းစိန်ထောင်အတွင်း လာရောက်ခဲ့ကြောင်းနဲ့ ဦးခွန်ထွန်းဦးတို့ရဲ့အမှုကို လိုက်ပါဆောင်ရွက်နေတာဖြစ်ကြောင်း အမည်မဖော်လိုတဲ့ အင်းစိန်ထောင်ဝန်ထမ်းတဦးက ဒီဗွီဘီကိုပြောပါတယ်။ ရန်ကုန်ရှေ့နေ အသိုင်းအဝိုင်းကို မေးကြည့်ရာမှာတော့ ဒီသတင်းသေချာသလောက်ရှိပြီး ဦးအောင်ခိုင်ဟာ ရန်ကုန်ရှေ့နေများရုံးမှာ ရုံးထိုင်သူတဦးလို့ အမည်မဖော်လိုတဲ့ နာမည်ကြီးရှေ့နေတဦးက ပြောပါတယ်။ ဦးအောင်မြင့်ကတော့ သိပ်ပြီးမထင်ရှားတဲ့ ရှေ့နေတဦး လို့ဆိုပါတယ်။ ထပ်မံသိရတဲ့ သတင်းတွေအရ ဦးခွန်ထွန်းဦးတို့ကို ပုဒ်မ ၁၂၂ နိုင်ငံတော်ပုန်ကန်မှုနဲ့ ၁၇–၁ တရားမဝင် အဖွဲ့အစည်းများနဲ့ ဆက်သွယ်မှုတို့နဲ့ စွဲချက်တင်ထားတယ်လို့လည်း သိရပါတယ်။

ဒီပုံအတိုင်းဆိုရင် အာဏာပိုင်တွေ ငှားပေးတဲ့ရှေ့နေနှစ်ဦးနဲ့ပဲ အမှုကို ဆက်လက်စစ်ဆေးသွားမယ့် သဘောရှိနေတယ်လို့လည်း ရန်ကုန်ရှေ့နေအသိုင်း အဝိုင်းက သုံးသပ်ပြောဆိုနေကြပါတယ်။ ဦးခွန်ထွန်းဦးတို့ကို ဘာကြောင့်စိတ်ကြိုက်ရှေ့နေငှားခွင့်

မပေးတယ်လို့ထင်ပါ သလဲဆိုတဲ့အမေးကိုတော့ မိသားစုရဲ့ ပါဝါလွှဲအပ်ခံထားရသူ ရှေ့နေဦးအောင်သိန်းက အခုလိုထင်မြင်ချက်ပေးထား ပါတယ်။

"စိတ်ကြိုက်ရှေ့နေငှားခွင့်မပေးဘူးဆိုတာကတော့ သူတို့အခု ဒီအားကစားဂျာနယ်တွေမှာရေးနေတဲ့ ဆောင်းပါးတွေ အနေအထားအရတော့ နိုင်ငံတော်လုံခြုံရေးအတွက်၊ နိုင်ငံရေးအတွက် အင်မတန်အရေးကြီးတဲ့ အမှုအခင်းတွေဖြစ်တဲ့အတွက် သူတို့စိတ်ကြိုက်ရှေ့နေမပေးပဲနဲ့ နိုင်ငံတော်ကငှားပေးတဲ့ရှေ့နေတွေနဲ့ဆောင်ရွက်ဖို့ ဆိုတဲ့ဟာကို ရည်ရွယ်တယ်လို့ပဲ ကျနော်တို့က သတ်မှတ်ရမှာဖြစ်ပါတယ်။ "

ဦးအောင်သိန်းဖြစ်ပါတယ်။ ယခုလက်ရှိ တည်ဆဲဥပဒေအရ ဘယ်လောက်ကြီးတဲ့အမှုဖြစ်ပါစေ တရားခံတွေ ဘက်က ရှေ့နေငှားနိုင်တယ်ဆိုရင် သူတို့စိတ်ကြိုက် လွတ်လပ်စွာ ငှားရမ်းလျှောက်လွှဲခွင့် ရှိတယ်လို့လည်း ဦးအောင်သိန်းက အခုလိုဆက်လက်ပြောကြားသွားပါတယ်။

"နိုင်ငံတော်ကငှားပေးတယ်ဆိုတာ --- ပေးပြီးတော့လိုက်တဲ့ ရှေ့နေတွေပါ။ တရားခံဘက်နေပြီးတော့ မငှားနိုင်ဘူး၊ မငှားနိုင်မှသာလျှင် နိုင်ငံတော်ကစီစဉ်ပေးတဲ့ကိစ္စပါ။ ငှားနိုင်တယ်ဆိုရင် နိုင်ငံတော်က စီစဉ်ပေးစရာမလိုပါဘူး။ ဥပဒေကအဲ့လို၊ အမှုတိုင်းကို ငါတို့ပေးတဲ့ ရှေ့နေနဲ့ပဲသွားရမယ်ဆိုတာ သတ်မှတ်ထားတာမရှိပါဘူး။ စိတ်ကြိုက် ငှားရမ်းပြီးတော့ ခုခံချေပခွင့် ခုခံခွင့်ရှိပါတယ်။ ယခင်ခေတ်ကလည်း ဒါအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အချက်အလက်တွေမှာလည်း အဲ့ဒါတွေပါဝင်ပါတယ်။ နောက်ပြီးတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမှာလည်း ၁၃၀ မှာလည်း ဖော်ပြထားပြီးဖြစ်ပါတယ်။
မိမိနှစ်သက်ရာ ရှေ့နေကိုငှားခွင့်ရှိတယ်ဆိုတာ၊ ဘယ်လိုပုဒ်မမျိုး၊ ဘယ်လိုအဆင့်အတန်းမျိုး ခွဲခြားထားတာမရှိပါဘူး။ "

ဦးခွန်ထွန်းဦးမိသားစုရဲ့ ပါဝါလွှဲအပ်ခံထားရသူ ရှေ့နေဦးအောင်သိန်းဖြစ်ပါတယ်။ တကယ်လို့ အာဏာပိုင်တွေဘက်က ငှားပေးတဲ့ရှေ့နေနှစ်ဦးကို ဦးခွန်ထွန်းဦးကိုယ်တိုင်က လက်မခံရင်တော့ စိတ်ကြိုက်ရှေ့နေငှားဖို့ အယူခံဝင်ခွင့်ရှိတယ်လို့လည်း သူကဆိုပါတယ်။ သူတို့အနေနဲ့ကတော့ လွတ်လပ်စွာတရားစီရင်ခွင့်ရဖို့ ဥပဒေကြောင်းအရ ဆောင်ရွက်စရာရှိတာတွေကို ဆက်လုပ်သွားမှာ ဖြစ်တယ်လို့လည်း ဦးအောင်သိန်းက ဒီဗွီဘီကိုပြောပြသွားပါတယ်။ ရန်ကုန်ကနေ နောက်ဆုံးရရှိတဲ့ AFP သတင်းတပုဒ်မှာတော့ ဦးခွန်ထွန်းဦးအပါအဝင် တဦးကို နိုင်ငံတော်ပုန်ကန်မှုနဲ့ တရားစွဲတော့မယ်ဆိုတာ နအဖက အတည်ပြုပြောဆိုထားကြောင်း ဖော်ပြထားပါတယ်။

အစသို့

❖

## စာနယ်ဇင်းသမား ၁၁ ဦးကို နအဖက ဖမ်းဆီးထောင်ချထားကြောင်း သတင်းသမားကာကွယ်စောင့်ရှောက်ရေးအဖွဲ့ CPJ အစီရင်ခံစာမှာ ဖော်ပြ

*၁၅၊ မတ်၊ ၂၀၀၅*

ပြီးခဲ့တဲ့ ၂၀၀၄ခုနှစ်အတွင်း သတင်းစာနယ်ဇင်းသမား (၅၆)ဦးအသတ်ခံခဲ့ရပြီး သတင်းလွတ်လပ်ခွင့်အနည်းဆုံးနိုင်ငံ တွေထဲမှာ မြန်မာနိုင်ငံထိပ်ဆုံးကပါဝင်ကြောင်း နယူးယောက်အခြေစိုက် သတင်းသမားကာကွယ်စောင့်ရှောက်ရေးအဖွဲ့ CPJ ကအစီရင်ခံစာ ထုတ်ပြန်လိုက်ပါတယ်။ အသတ်ခံရသူအများစုဟာ၊ သေဆုံးသူအများစုဟာ အီရတ်နိုင်ငံမှာ အသတ်ခံခဲ့ရတာဖြစ်ပြီး သတင်းသမား ၁၁၂ဦးကတော့ အာရှနိုင်ငံတွေရှိ ဖိနှိပ်တဲ့အစိုးရတွေရဲ့ ဖမ်းဆီးအကျဉ်းချခံ ထားရတယ်ဟု CPJ ကထောက်ပြထားပါတယ်။ အဲ့ဒီအထဲက သုံးပုံနှစ်ပုံကို တရုပ်အစိုးရက ဖမ်းဆီးအကျဉ်းချထား တာဖြစ်ပြီး မြန်မာနိုင်ငံမှာလည်း နအဖစစ်အစိုးရက စာနယ်ဇင်းသမား ၁၁ဦးကို ဖမ်းဆီးထောင်ချထားကြောင်း CPJ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

အစသို့

❖

## ကလေးထောင်တွင်း အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုအေးအောင် ကျန်းမာရေးဆိုးဝါးနေ

*၁၅၊ မတ်၊ ၂၀၀၅*

စစ်ကိုင်းတိုင်း ကလေးထောင်မှာ မတရားဖမ်းဆီးအကျဉ်းချခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက တချို့ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေတဲ့အကြောင်း မနေ့ကပဲ သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ရာသီဥတုဆိုးရွားပြီး ငှက်ဖျားရောဂါ အဖြစ်များတဲ့ ကလေးထောင်မှာ ဆရာဝန် ထားမပေးတာကြောင့် သူတို့ရဲ့ကျန်းမာရေးအတွက် မိသားစုဝင်တွေက အထူးစိုးရိမ်နေကြတယ်လို့ သိရပါတယ်။ သောကြာနေ့ကပဲ ထောင်ဝင်စာတွေ့ပြန်လာတဲ့ ဦးသောင်းစိန်ကတော့ သားဖြစ်သူ ကိုအေးအောင်ရဲ့ ကျန်းမာရေးအတွက် ဖခင်တဦးအနေနဲ့ အမြဲစိုးရိမ်နေရကြောင်း အခုလိုပြောပြပါတယ်။

"အခုကျနော့်သားကပြောတာ အခုအဲ့မှာ ဆရာဝန်မရှိဘူးခင်ဗျာ့။ ဒီရောဂါက ငှက်ဖျားရောဂါ ဖြစ်တယ်။ နောက်ဖြစ်လိုက်ရင်လည်း အသည်းအသန်ချည်းပဲ။ အဲ့ဒီမှာ နေသွားတဲ့ ဦးတင်အောင်တို့ဘာတို့ဆိုရင်လည်း အခုမန္တလေးထောင်ကိုပို့လိုက်ရတယ်လေ။ အင်း သူတို့ဆိုလည်း လဲကျမတက်ဖြစ်ပြီး ကလေးဆေးရုံမှာ ဟိုဟာမဖြစ်၊ နောက်ဆုံးသူ့ရဲ့ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နလုံးဖြစ် ဟိုဟာ နောက်ဆုံးမန္တလေးထောင် ပို့တာမျိုးပေ့ါနော်။ "

ဦးသောင်းစိန်ဖြစ်ပါတယ်။ ရူပဗေဒအဓိက ကျောင်းသားတဦးဖြစ်တဲ့ ကိုအေးအောင်ကို အာဏာပိုင်တွေက ၁၉၉၈ခုနှစ်မှာ နိုင်ငံရေးလှုပ်ရှားမှုနဲ့ ဖမ်းဆီးပြီး ထောင် (၅၉)နှစ်ချမှတ်ခဲ့တာဖြစ်ပါတယ်။ အခုလိုသားဖြစ်သူထောင် (၅၉)နှစ်ကျခံရတဲ့ သတင်းကြားတဲ့အချိန်မှာ စိတ်မကောင်းဖြစ်ခဲ့ရတယ်လို့လည်း ဦးသောင်းစိန်က ဆက်လက်ပြောပြပါတယ်။

"စပြီးဖမ်းတဲ့အခါ ထောင်ကျတုန်းက (၅၉)နှစ်ဆိုတော့ ခံစားရတာပေ့ါဗျာ။ များလိုက်တာလို့၊ ဒါပေမယ့် ပြန်ကြည့်တော့ ဘယ်နှစ် နှစ်ပဲဖြစ်ဖြစ် ဒါ သူတို့ပြစ်ဒဏ်ချတာ ဒါသူတို့အပိုင်းကိုး၊ ကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်က (၅၉)နှစ်ကိုလည်း တွေးပြီးစဉ်းစားမနေဘူး။ သားကိုလည်း ပြောထားတယ်၊ သား အဖေ့ကို သားမလာပါနဲ့ဆိုရင်လည်းပဲ အဖေက လာမှာ၊ သားလာပါဆိုရင်လည်း အဖေကလာချင်မှလာနိုင်မယ်။ အဖေက သားကျန်းမာရေးကို သားဂရုစိုက်၊ အဖေလာလာ မလာလာ အဖေနဲ့သားနဲ့က ဘာမှမပတ်သက်တော့ဘူးလို့သားအပိုင်း အဖေ့အပိုင်းက ငါ့သားရှိတယ် ငါမသေခင် ငါ့သားကို ဘယ်နခေါက်တွေ့နိုင်အောင် ကြိုးစားရမလဲဆိုတာ အဖေအလုပ်၊ သားက သားအလုပ်လုပ်၊ အဖေကအဖေ့အလုပ်လုပ်၊ အဲ့ဒီလိုပိုင်းပြီးတော့ ကျနော်တို့ ဒီလိုပဲနေတယ်။ "

နအဖအနနဲ့ မိသားစုတွေ တွေ့ကြုံနေရတဲ့အခက်အခဲတွေကို စာနာထောက်ထားပြီး နိုင်ငံရေးအကျဉ်းသားတွေကို အမြန်ပြန်လွှတ်ပေးသင့်ကြောင်းလည်း ဦးသောင်းစိန်က အခုလို ပြောကြားသွားပါတယ်။

"လွှတ်စေချင်တဲ့ ဆန္ဒအပြည့်ရှိပါတယ်။ ကျနော့်သား တယောက်တင် မဟုတ်ဘူး။ ဟို နိုင်ငံရေးအကျဉ်းသားတွေ မှန်သမျှ အကုန်လုံးလွှတ်ပေးမယ်ဆိုရင် ဝမ်းသာပါတယ်။ မိသားစုတွေက ထောင်ဝင်စာလာတွေ့တယ်၊ အဲ့ဒီထောင်ဝင်စာလာတွေ့တယ်ဆိုတာ ဒီနေ့ အိုင်စီအာစီက အကူအညီပေးနေလို့ လမ်းစရိတ်ရလို့ လာတွေ့ရတယ်ဆိုရင်လည်း ဒီအထဲကိုတွေ့ဖို့ရာ ကျနော်အင်မတန် ကြိုးစားရပါတယ်။ ကြိုးစားရတယ် ဆိုတဲ့နေရာမှာ တခြားမိဘတွေလည်း ကျနော့်ကဲ့သို့ကြိုးစားနေရတာဆိုတော့ တခြားမိဘတွေလည်း သူ့သားသမီးတွေ လွှတ်ရင်ဝမ်းသာမှာပဲ၊ ကျနော်လည်း ကျနော့်သားအပါအဝင် အားလုံးလွှတ်ရင်ဝမ်းသာပါတယ် ခင်ဗျာ။ "

ကလေးထောင်မှာ ထောင်(၅၉)နှစ်ကျခံနေရတဲ့ ကိုအေးအောင်ရဲ့ ဖခင်ဦးသောင်းစိန်ရဲ့ဆန္ဒဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလ (၂၅)ရက်နေ့က ဖမ်းဆီးခံရတဲ့ တောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို အခုအချိန်အထိ အာဏာပိုင်တွေက ဘယ်မှာ ချုပ်နှောင်ထားတယ်ဆိုတာ အတိအကျ စုံစမ်းမရတဲ့အတွက် မိသားစုဝင်တွေအထူးစိုးရိမ်နေကြတယ်လို့လည်း တောင်ကြီးမြို့က အဖွဲ့ချုပ်ဝင်တွေရဲ့ ပြောပြချက်အရသိရပါတယ်။

အစသို့

❖

## အကျဉ်းထောင်တွင်း ၁၅ နှစ်နီးပါး နေခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်း ကိုမျိုးမြင့်နှင့် ဆက်သွယ်မေးမြန်းချက်

*၁၅၊ မတ်၊ ၂၀၀၅*

နအဖအကျဉ်းထောင်ထဲမှာ (၁၅)နှစ်နီးပါး နေထိုင်ခဲ့ရတဲ့ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုမျိုးမြင့် မကြာသေးခင် ရက်ပိုင်းကပဲ ထိုင်းမြန်မာနယ်စပ်ကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ ကိုမျိုးမြင့်ကို တွေ့ဆုံမေးမြန်းပြီး ဒီဗွီဘီသတင်းထောက် ကိုထက်ရာဇာက သတင်းပေးပို့ထားပါတယ်။

ကိုမျိုးမြင့်ဟာ ၁၉၈၉ခုနှစ်ကနေ ၂၀၀၄ခုနှစ်၊ မေလအထိ (၁၅)နှစ်တာ အကျဉ်းကျနေခဲ့ရတာလည်း ဖြစ်သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မင်္ဂလာဒုံမြို့နယ်ရဲ့ လူငယ်တာဝန်ခံတဦးလည်း ဖြစ်ပါတယ်။ မဲဆောက်မြို့မှာ ရောက်ရှိနေတဲ့ ကိုမျိုးမြင့်ကို ကျနော်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့ပါတယ်။

ကိုမျိုးမြင့်ထောင်ထဲမှာ (၁၅)နှစ်နေခဲ့ရတယ်ဆိုတော့လေ။ သူတို့ကဘယ်လိုလဲဗျ၊ ၁၅နှစ် ထောင်ချတဲ့ သဘောလား။

"အဲ့ဒီလိုပါဗျ။ ကျနော်အထဲကို ရောက်တဲ့ကိစ္စက ဟိုးပထမဦးဆုံးအကြိမ် စဖမ်းစဉ်က ကျနော် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကနေ 'မတရားတဲ့အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ' ဆိုတဲ့ အာဏာဖီဆန်ရေး လှုပ်ရှားမှုထဲမှာ ပါဝင်ဆောင်ရွက်ခဲ့တာရယ်။ နောက်တခုက ပြည်တွင်းစစ်ရယ်၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကျနော်ကွန်မြူနစ်ပါတီနဲ့ ချိတ်ဆက်ပြီး သဘောထား မေးမြန်းခဲ့တာ၊ ဆွေးနွေးခဲ့တာတွေ၊ အဲ့ဒါနှစ်ခုအတွက်ကို သူတို့က ပုဒ်မ ၁၇–၁မတရားအသင်းဆက်သွယ်မှုဆိုတာ၊ နောက်အရေးပေါ်စီမံချက် အက်ဥပဒ ၅ ပုဒ်မ ၅ညအရ အဲ့ဒီနှစ်ခုပေါင်းပြီးတော့ သူတို့ ပထမအကြိမ်မှာ ထောင် (၁၀)နှစ် ချခဲ့တယ်ပေ့ါဗျာ။ အဲ့ဒီထောင်မှာ ကျခဲ့တဲ့ ဥစ္စာကတော့ ဖရက် ၁၁လ ၈၉ခုနှစ်ကပေ့ါဗျာ။ အဲ့ဒီကနေပြီးတော့ ကျနော်

အင်းစိန်ထောင်မှာနေခဲ့ပြီးတော့ ၉၁ခုနှစ် နှစ်ကုန်ပိုင်းမှာ တောင်ငူထောင်ကို ပြောင်းရတယ်ဗျ။ တောင်ငူထောင်ကနေပြီးတော့ ကျနော် အင်း ၂၂ရက်၊ ၁လပိုင်း ၉၇ ခုနှစ်မှာ ပြန်ပြီးလွတ်လာခဲ့တယ်။ တောင်ငူထောင်ကနေ လွတ်လာပြီးတော့ ကျနော်အပြင်မှာ ၂၈/၂၉ရက် လောက်ပဲနေလိုက်ရပြီးတော့ ၂၈ရက် ၂လပိုင်း ၉၇ခုနှစ်မှာ နောက်တခါ ကျနော့်ကိုပြန်ဖမ်းတယ်။ ပြန်ထိန်းသိမ်းတယ်ပေါ့။ အဲ့ဒီဥစ္စာကနေ့ ကျနော်ထောင်အတွင်းနဲ့ထောင်အပြင် ဆက်သွယ်ရေးတွေလုပ်တယ်။ အစိုးရဆန့်ကျင်ရေးစာရွက်စာတမ်းတွေ ဖြန့်ဝေတယ် ဆိုတဲ့အကြောင်းပြချက်နဲ့ပုဒ်မ ၅နဲ့ဖမ်းပြီး နောက်တကြိမ် ထပ်ပြီးထောင် (၇)နှစ်ချတယ်ခင်ဗျ။ အဲ့ဒီထောင် ၇နှစ် ချတဲ့ဥစ္စာက ကျနော် ၂၀၀၄ခုနှစ်၊ မေလ (၆)ရက်နေ့မှာ ပြန်လွတ်တယ်ဗျ။ ထောင်ထဲမှာ ကျနော်နေခဲ့ရတဲ့ကာလကတော့ အားလုံးပေါင်း (၁၅)နှစ် နီးပါးပေါ့။ (၁၄)နှစ်နဲ့ (၉) လကျော်လောက် နေခဲ့ရတယ်။ ”

ဒီလောက်ဖိဆီးမှုတွေများတဲ့ (၁၅)နှစ်ကာလပေါ့လေ အဲ့ဒီကာလကိုရော ကိုမျိုးမြင့် ဘယ်လိုခံနိုင်ရည် အားတွေနဲ့များ ဖြတ်သန်းခဲ့လဲခင်ဗျ။

“ဟုတ်ကဲ့ခင်ဗျာ၊ အဲ့ဒီဥစ္စာကို အကျဉ်းချုပ်ပြီးတခွန်းတည်း အတိုချုပ်ဆုံး စကားနဲ့ ပြောရမယ်ဆိုရင် ကျနော်တို့က ယုံကြည်ချက်တခုတည်းနဲ့ ဖြတ်သန်းရင်ဆိုင်ခဲ့ရတယ်ပေါ့ဗျာ။ ”

ဟုတ်ကဲ့အခုပြန်လွတ်လာတဲ့အချိန်မှာရော ကိုမျိုးမြင့်ရဲ့ ကျန်းမာရေး ဘယ်လိုအခြေအနေများရှိလဲခင်ဗျ။
“ကျနော်ထောင်ထဲမှာ နေတဲ့ကာလအတွင်းမှာ ထောင်ထဲမှာ ရင်ကျပ်ပန်းနာ ဖြစ်ခဲ့တယ်။ နောက်တခုက ကျနော်က နဂိုတည်းကလည်း ထောင်ထဲဝင်တဲ့ အချိန်တုန်းကတည်းက ကိုယ်လက်အင်္ဂါမသန်စွမ်းတဲ့ Disable Person တယောက်ဖြစ်တဲ့ အခါကျတော့ ထောင်ထဲမှာ တမံသလင်းပေါ် ၁၀နှစ်ကျော် အိပ်ခဲ့ရတယ်ဆိုတော့ ခန္ဓာကိုယ်တခြမ်းက အမြဲတမ်း ထုံကျင်နေတာမျိုး အဲ့ဒါတွေ ထောင်ထဲမှာ ဖြစ်ခဲ့တယ်ပေါ့။ နောက်တခုက ၉၀ခုနှစ်စက်တင်ဘာ ၂၅ရက်နေ့ထောင်ထဲ ဆေးစစ်တယ်ပေါ့ဗျာ။ အဲ့ဒီမှာ ခါးကို အရိုက်ခံလိုက်ရတဲ့ အခါမှာလည်း အဲ့ဒီခါးနာတဲ့ဒဏ် အခုအချိန်အထိ စွဲလာတယ်ဗျာ။ အခုလောလောဆယ်မှာတော့ အဲ့ဒီ ရင်ကြပ်တဲ့ဟာရယ် ခါးရောဂါ၊ ခါးနာတဲ့ရောဂါရယ်၊ နောက် ခန္ဓာကိုယ်တပိုင်း ထုံကျင်နေတဲ့ဟာရယ်”
နိုင်ငံရေးအကျဉ်းသားဟောင်း ကိုမျိုးမြင့်နဲ့ဆက်သွယ်မေးမြန်းပြီးကိုထက်ရာဇာသတင်းပေးပို့ခဲ့တာပါ။

အစသို့

❖

## ကျောင်းသားခေါင်းဆောင် ကိုကိုကြီး ပြန်လည်လွတ်မြောက်

*၁၇၊ မတ်၊ ၂၀၀၅*

၁၉၉၁ ခုနှစ်ကတည်းက နှစ်ရှည် မတရားထောင်ချခံခဲ့ရသူ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ဒု ဥက္ကဌ ကိုကိုကြီး အင်းစိန်ထောင်မှ ယနေ့ ပြန်လည် လွတ်မြောက်လာကြောင်း သိရသည်။

ကိုကိုကြီးကို ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုဖြင့် ဖမ်းဆီးခံခဲ့ခြင်း ဖြစ်ပြီး ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ၁/၉၃ ကြေညာချက်ဖြင့် တသက်တကျွန်းမှ ထောင်ဒဏ်(၁၀)သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အာဏာပိုင်တို့က အင်းစိန်မှ သရက်ထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၉၉ ခုနှစ် ပြစ်ဒဏ် စေ့သည့်အချိန်၌ ပုဒ်မ ၁၀(က)ဖြင့် ဆက်လက် ထိမ်းသိမ်းခဲ့ပြန်သည်။ ယခုလ (၁၀)ရက်နေ့၌ သရက်ထောင်မှ အင်းစိန်ထောင်သို့ ပြန်လည် ပြောင်းရွှေ့ခဲ့ပြီး ပြစ်ဒဏ်စေ့သည့် ယနေ့တွင် ပြန်လည်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ ကိုကိုကြီးမှာ နအဖ အကျဉ်းထောင်ထဲ၌ (၁၄)နှစ် နီးပါး နေခဲ့ရသည်။

အစသို့

❖

## ခွန်ထွန်းဦးတို့ ၏ ရှေ့နေများကို ဆက်မလိုက်ဖို့ ဖိအားပေးခံနေရ

*၁၇၊ မတ်၊ ၂၀၀၅*

ဖမ်းဆီးခံ ရှမ်း အဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦးတို့ရဲ့အမှုကို လိုက်ပါဆောင်ရွက်ပေးဖို့ မိသားစုရဲ့ တာဝန်ပေးအပ်ခြင်း ခံထားရသူ အဖွဲ့ချုပ်ရှေ့နေတွေကို အမှုဆက်မလိုက်နိုင်အောင် အာဏာပိုင်တွေက ခြိမ်းခြောက်မှုတွေ

ပြုလုပ်နေကြောင်းသိရပါတယ်၊ အဖွဲ့ချုပ်ရှေ့နေ (၂)ဦး ဖြစ်တဲ့ ဦးအောင်သိန်းနဲ့ ဦးဉာဏ်ဝင်းတို့ရဲ့ ရုံးခန်းဝန်းကျင်ကို အထူးရဲသတင်းတပ်ဖွဲ့မှ အရာရှိ တချို့ မကြာခဏ လာရောက် အကဲခတ် နေတဲ့အတွက် သူတို့ရုံးခန်းတွေကိုပါ ဝင်ရောက်ရှာဖွေမလားလို့ ရန်ကုန်ရှေ့နေ အသိုင်းဝိုင်းတခုလုံးက စိုးရိမ်နေပါတယ်။

ဒီခြိမ်းခြောက်မှုဟာ တနေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ရဲချုပ် ခင်ရီ ရဲ့ပြောကြားချက် တွေနဲ့ဆက်စပ်နေ တယ်လို့ယူဆရပါတယ်။ ကာယကံရှင်ရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်ရှေ့နေကမှ လိုက်ခွင့်မရ ဘူးဆိုတာကို သိလျက်သားနဲ့ ဒီရှေ့နေတွေက အင်းစိန်ထောင် ရှေ့ကိုလာသလို အပြင်မှာလဲ ထင်မြင်ချက်တွေ ပြောဆိုနေတာဟာ ဥပဒေနဲ့ညီညွတ်မှုမရှိဘူးလို့ ရဲချုပ်ခင်ရီက သတိပေးအပြီးမှာ အခုလို–ဖိအားပေးမှု ပေါ်လာတာဖြစ်ပါတယ်။

ဒါအပြင် ဦးခွန်ထွန်းဦးတို့အတွက် တရားရုံးချုပ်ရှေ့နေ(၂)ဦးကို အစိုးရကိုယ်တိုင်က ငှားပေးထားပြီး အခုလ–၁–ရက်နေ့ ပထမ အကြိမ် ရုံးချိန်းကတည်းက ဒီရှေ့နေ(၂)ဦးနဲ့ ခွန်ထွန်းဦးတို့ လွတ်လပ်စွာ ဆွေးနွေးနေပုံ ကို မှတ်တမ်းဓါတ်ပုံ ရိုက်ထားကြောင်း၊ မတ်လ(၁၂)ရက်နေ့ ရုံးချိန်းဟာ စတုတ္ထမြောက် ရုံးချိန်းဖြစ်ပြီး စွဲချက်(၄)ခု နဲ့တင်ထားတယ်လို့ ရဲချုပ် ခင်ရီက ပြောပါတယ်၊ အဲဒီစွဲချက်တွေကတော့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဥပဒေ နဲ့ ငြိစွန်းမှု၊ ၁၉၄၇ နိုင်ငံခြားငွေ လဲလှယ်မှုဥပဒေနဲ့ ငြိစွန်းမှု၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်း ဥပဒေနဲ့ငြိစွန်းမှုနဲ့ နိုင်ငံတော်ကို အကြည်ညိုပျက်စေသောကိစ္စရပ်များနှင့်ငြိစွန်းမှုတို့ဖြစ်တယ်လို့ နအဖ ရဲချုပ်ကပြောပါတယ်၊

ရဲချုပ် ခင်ရီရဲ့ပြောဆိုချက်နဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ရှေ့နေတွေကို ပြန်မေးကြည့်တဲ့အခါမှာတော့ ဥပဒေကို နားမလည်တာဟာ သူတို့ဘက်က မဟုတ်ဘဲ နအဖ ရဲချုပ်ကိုယ်တိုင်သာ ဖြစ်တယ်လို့ဝေဖန်ခဲ့ပါတယ်၊ ဥပမာအားဖြင့် ခွန်ထွန်းဦးနဲ့ အစိုးရရှေ့နေတွေ လွတ်လပ်စွာ စကားပြောနေတာကို မှတ်တမ်းဓါတ်ပုံ ရိုက်ထားတယ်ဆိုတာဟာ ဥပဒေ ချိုးဖောက်မှုဖြစ်သလို တရားရုံး(၄)ကြိမ် ထုတ်ပြီးတဲ့အချိန်ထိ မိသားစုနဲ့ တွေ့ခွင့်မပြုတာဟာလဲ ဥပဒေ ချိုးဖောက်မှုဖြစ်တယ်လို့ ရှေ့နေတွေက ထောက်ပြခဲ့ပါတယ်။ ဒါအပြင် နိုင်ငံတော် အကြည်ညိုပျက်စေမှုနဲ့ စွဲချက်တင်ခံရမယ့် ပုဂိုလ်တဦးကို စိတ်ကြိုက်ရှေ့နေငှားခွင့် မပြုခြင်းနဲ့ အဲဒီအမှုကြီးမျိုးကို လူမြင်ကွင်းမှာမစစ်ဆေးဘဲ လူမသိ သူမသိနဲ့ အင်းစိန်ထောင်အတွင်း တဖက်သတ် စစ်ဆေးနေတယ် ဆိုတာတွေဟာ တည်ဆဲဥပဒေတွေကို နအဖ အာဏာပိုင်တွေ ကိုယ်တိုင် က ချိုးဖောက်နေတာ ဖြစ်တယ်လို့ အဖွဲ့ချုပ်ရှေ့နေတွေက ဝေဖန်သွားခဲ့ပါတယ်ခင်ဗျား။

အစသို့

❖

## စစ်ကိုင်းတိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဆန်း ဖမ်းဆီးခံရ

၁၇၊ မတ်၊ ၂၀၀၅

အခုကျမတို့အသံလွှင့်နေစဉ် ဝင်လာတဲ့ သတင်းတွေရ စစ်ကိုင်း တိုင်းမှ အဖွဲ့ချုပ် ဥက္ကဋ္ဌ–ဦးကျော်ဆန်းကို ဒီကနေ့ မနက် (၁၁)နာရီခန့်မှာ အာဏာပိုင်တွေက ခေါ်ယူ သွားကြောင်းသိရပါတယ်၊ ဒီသတင်းနဲ့ပတ်သက်ပြီး ဦးကျော်ဆန်းရဲ့ဇနီးသည် ဒေါ်မေနွဲ့ကို မေးကြည့်တဲ့အခါ အခုလို စတင်ရှင်းပြထားပါတယ်ရှင်။

"အဲဒါ ဘယ်လိုဖြစ်လဲဆိုတော့ ကျမတို့ကလဲ အညာဘက်ကို ခရီးသွားနေတာလေ။ အညာဘက်မှာ သူ့နှစ်မတွေ မျက်စိခွဲတာ သွားကြည့်ရင်း အိမ်မှာ ဆွမ်းလေး ဘာလေး သွားကျွေးတာ။ ပြန်လာတော့ နောက်တရက်မှာ ဒီနေ့ပေါ့ ဖြစ်သွားတပဲ။ သားတွေက သူတို့ရဲ့အသိ ကုန်သည်တော့ မဟုတ်ဘူး။ ဒီကောဘီအေ က လူတွေ ကုန်လာချတာ လာချတာကို လက်ခံလိုက်တာပေါ့လေ။ အိမ်မှာ လာချတာပေါ့။ အန်တီတို့လဲ မသိဘူး။ မနက်မိုးလင်းမှ ဟဲ့ ဘယ်ကလဲဆိုတော့ ဒီကောဘီအေ က ပစ္စည်းတွေတဲ့ အဲလိုဆိုလဲ ပြီးရောဆိုတော့ အန်တီတို့ကလဲ ဘာမှ မပြောလိုက်ဘူး။ အဲဒါကို အဲဒီ ပစ္စည်းကို လာသိမ်းတယ်။ လာသိမ်းပြီးတော့ ဒီကောဘီအေ ကလဲ လိုက်လာပြီးတော့ သူတို့ပစ္စည်းပါလို့ပြောတယ်။ လက်မှတ်တွေ ဘာတွေထိုး ပြတာပေါ့နော်။ အဲဒါ သူတို့လက်မှတ်တွေလဲ အကုန်လုံး ထိုး တပ်ရင်းမှူးတွေက အစ လိုက်လာပြီးပြောအဲဒါလဲ မရဘူး။ သိမ်းသွားတယ်။ အဲဒီ ကားလဲ သိမ်းသွားတယ်။ ပြီးရော၊ အဲဒါလဲ ပြီးရော တော်ကြာကျတော့ သူတို့က ဘာ အမှုလာပတ်လဲဆိုတော့ အဲဒီ တရားမဝင်တဲ့ ပစ္စည်းကို လက်ခံထားလို့ အိမ်ထောင်ဦးစီးအနေနဲ့ ခေါ်သွားမယ်ဆိုပြီး ခေါ်သွားတာ။ (၁၁)နာရီခွဲလောက်ပေါ့။ ဒီနေ့ (၁၁)နာရီခွဲလောက် ရဲစခန်းမှာပဲ ရှိသေးတယ်။ အန်တီ သွားတွေ့ ထမင်းသွားပို့ တွေ့တယ်ပေါ့နော်။ အင်းစိန် ရဲစခန်းမှာပဲ။ စစ်ဆေးမေးမြန်းစရာရှိလို့ပေါ့။ ဒါပေမယ့် သူတို့က ပြန်လွှတ်မလား မလွှတ်လား အန်တီတို့လဲ သေချာ မသိဘူးလေ။"

ရန်ကုန်–အင်းစိန်မှာနေထိုင်တဲ့ စစ်ကိုင်းတိုင်း၏ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဆန်းကို အာ ဏာပိုင်တွေ ခေါ်ယူစစ်ဆေးနေတဲ့အကြောင်း ဇနီးသည်ဒေါ်မေနွဲ့ ပြောသွားတာဖြစ်ပါတယ်။ ဦးကျော်ဆန်းဟာ ဒေါ်အောင်ဆန်းစုကြည် နိုဘဲလ်ဆုရတာကိုထောက်ခံမှုနဲ့ ထောင်ဒဏ် (၁၀)နှစ်နီးပါးကျခံခဲ့ရပြီး ပြီးခဲ့တဲ့ နိုဝင်ဘာလကမှ ပြန်လွှတ်လာသူတဦးလဲဖြစ်ပါတယ်ရှင်။

အစသို့

❖

## အကျဉ်းထောင်မှ ပြန်လွတ်လာသော ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် တွေ့ဆုံမေးမြန်းချက် (ပထမပိုင်း)

၁၇၊ မတ်၊ ၂၀၀၅

ဒီကနေ့အင်းစိန်ထောင်က ပြန်လွတ်လာတဲ့ ကျောင်းသားခေါင်းဆောင်ကိုကိုကြီးနဲ့ မေးမြန်းချက်ကို နားစဉ်နိုင် ကြပါပြီ၊ ကိုမိုးအေးကမေးမြန်းထားတာဖြစ်ပြီးသူပထမဆုံး သူမေးခဲ့တာကတော့ ကျန်းမာရေးအခြေအနေနဲ့ ပြန်လွတ် လာတာခြင်း ထိတွေ့ခံစားရခဲ့တာတွေကို အရင်ပြောပြပေးဖို့ဖြစ်ပါတယ်။

အဲ့ဒီကျန်းမာရေးကတော့ တကိုယ်လုံး ပြန်စစ်ကမှာပဲလို့ ကျနော်ထင်တာပဲ။ ကျနော်ဒီမှာ အဆီအကြိတ်တွေ ဖြစ်ပွားနေတဲ့ဟာတို့ နောက်တခြား အဆာအိမ် တို့ဘာတို့ စသဖြင့်ပေါ့လေ ခါတိုင်းတော့ ပြောလေ့ပြောထ ရှိတာကတော့ ထောင်ကလွတ်တဲ့နေဟာ အပြောဆုံးနေ့ လို့ပြောကျတာပဲ။ ဒါပေမယ့် ကျနော့်အထင်ပေါ့လေ ကျနော့်ခံစားချက် ပြောရရင်တော့ အခုကျနော်ပူပူနွေးနွေး ထောင် စိတ်ကို မပျောက်သေးဘူးပေါ့လေ၊ အဲ့တော့ ထောင်ထဲမှာအတူနေခဲ့ရတဲ့ ရဲဘော်တွေနဲ့ ပါတ်သတ်တဲ့ စိတ်ခံစားမှုဟာက တဝက် အခုလို ကိုယ့်အတွက် ဝမ်းသာတာကတဝက် အဲ့တည်လို ရောထွေးနေတယ်လို့ ပြောရမှာပဲ။ ကျနော်ထောင်ထဲ မှာ (၁၄)နှစ်နည်းပါး နေခဲ့ရတဲ့အချိန်မှာ သရက်ထောင်မှာ ဆိုလို့ရှိရင် ကျနော်တို့တင်မက နေခဲ့ရတဲ့လူတွေဟာ စိုက်ကွင်းထဲမှာပဲလူတွေ (၁၀)ရောက်လောက်ရှိတယ်။ နောက်ကရင်အဖွဲ့တွေ ကေအန်ယူတွေကော ဘာတွေကော အားလုံးဆိုလို့ရှိရင် လူ (၃၀)နည်းပါလောက်ရှိမယ်။ ကျနော်လွတ်သလို သူတို့လည်း အမြန်ဆုံး လွတ်စေခြင်တယ်။ ကျနော်ကိုဒ္ဓိက လွတ်လာတယ်ဆိုပေမယ့် နှစ်ရှည်လများနေခဲ့ရတဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာလာခဲ့ရတယ်လို့ ပြောရလိမ့်မည်ထင်တယ်။ အဲ့တာ အခိုက်အတန့်ပဲ ဖြစ်ပါသေးတယ်။ အမြန်ဆုံး သူတို့လည်း လွတ်မြောက်ပါစေလို့ ထောင်အသီးသီးမှာရှိတဲ့ ရဲဘော်တွေ အားလုံးရဲ့ကိုယ်စား သူတို့မိသားစုတွေရဲ့ကိုစား ကျနော်ဆုမွန်ကောင်းတောင်း ပါတယ်။

အခုပြန်လွတ်လာတော့ (၈၈၈၈)လုံးက တွေးခဲ့ခေါ်ခဲ့တဲ့ အယူအဆတွေကော အခုအချိန်မှာ ဘယ်လိုအပြောင်း အလည်းတွေရှိသလည်း၊

ကျနော်တသမှတ်ထဲ ကျနော့်အယူအဆကတော့ နိုင်ငံရေးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သိမ်သိမ် မွေ့မွေ့နဲ့ ပြောင်းလည်းစေချင်တယ်။ အဲ့ဒီလို ပြောင်းလည်နိုင်ဖို့အတွက်လည်း ကျနော်တလျှာက်လုံး ကြိုးစားခဲ့တာပါ။ အခုလည်း ကျနော်ဒီအတိုင်းပဲခံယူပါတယ်။ နိုင်ငံရေးဆိုတာ အနုပညာတရပ်ပါ အင်မတန် သိမ်မွေ့ပါတယ်။ အဲ့တော့ ဒီဟာကာ အကြမ်းပတန်း ဖြေရှင်းလို့ရတဲ့အရာ တဖက်သတ် ဖြေရှင်းလို့ရတဲ့အရာ မဟုတ်ပါဘူး၊ ဒါလည်း အားလုံးက နိုင်ငံရေးမှာ ပါဝင်ပါတ်သတ်နေတဲ့အခါ အားလုံးက သဘောထားကြီးကြီးနဲ့ စိတ်ရှည်ရှည်နဲ့ ဆွေးနွေးညှိနှိုင်းဖြေရှင်း မှသာ နိုင်ငံရဲ့အနာဂတ်ဟာ သာယာလှပမယ် ငြိမ်းချမ်းမယ်လို့ ကျနော်အဲ့ဒီလိုပဲခံယူပါတယ်၊ အဲ့ဒီအတိုင်းပါပဲ၊

အခုတခါ အခုဒီထောင်ထဲမှာ (၁၄)နှစ်လောက်နေခဲ့ရတယ် နောက် ဆုံးရှုံးသွားတဲ့အချိန်တွေထက် ဘယ်လို ခံစားရရှိလဲ။

စကျခါစတုန်းကတော့ စိတ်ထဲကသိကအောက်ဖြစ်တာပေါ့။ နောက်အခုလို နှစ်စဉ်လများဖြတ်သန်းလာပြီး တဲ့အခါမှာတော့ ကျနော်တို့ ဟိုတုန်းက ပထမ စစ်ကျောရေးတွေ ဝင်တဲ့အချိန်တုန်းက သက်ဆိုင်ရာတပ်မတော် ထောက်လှမ်းရေးက ပြောကြတာရှိတယ်။ သူတို့ကမှာအသက်နဲ့ ရင်းပြီးတော့ ဘယ်လောက် တိုင်းပြည်ကိုချစ်တာ နိုင်ငံကိုချစ်တာဆိုတဲ့ ပြောနေတဲ့အချိန်မှာ ကျနော်တို့ တိုင်းပြည်အပေါ်မှာ ထားတဲ့စေတနာ ကျနော်တို့နိုင်ငံသားတွေ အပေါ် မှာ ထားတဲ့စေတနာဟာ ကျနော်တို့ လူငယ်ဘဝ ရင်းနှီးမြှပ်နှံပြီးတော့မှ မိသားစုဘဝတွေ လူမှုရေးဘဝတွေ ကလေးဘ ဝတွေအားလုံးရင်းနှီးမြှပ်နှံခဲ့ပြီးတော့ ကျနော်တို့နိုင်ငံနဲ့ ကျနော့်နိုင်ငံသားတွေအတွက် ဘယ်လောက် ချစ်မြတ်နိုးတယ် ဆိုတာ ကျနော် ပြသခွင့်အခွင့်အရေးတခု ရခဲ့တယ်လို့ပဲ ကျနော်ခံယူပါတယ်။

အခုကိုမင်းကိုနိုင်ဆိုတဲ့လူလည်း လွတ်လာပြီ ဦးဇော်မင်းတို့ ကိုဌေးကြွယ်တို့ နောက်အခုကိုကိုကြီးလွတ်ပြီပေါ့

အားလုံးက (၁၃)နှစ် (၁၄)နှစ် (၁၅)နှစ် (၁၆)နှစ်နေခဲ့ရတယ်ဆိုတော့ စဖမ်းတုန်းက အဲ့ဒီလောက်နှစ်တွေ အကြာ ကြီးနေခဲ့ရမယ်လို့ ကိုကိုကြီး အဲ့ဒီလို မျှော်လင့်ခဲ့တာရှိလား။

အဲ့ဒီလောက်တော့မမျှော်လင့်ခဲ့တာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ဆိုလို့ရှိရင် စိတ်ထဲမှာ တော်တော်လေး အံ့အားသင့်သွားတာရှိတယ်။ ကျနော်တို့ လုပ်ခဲ့တဲ့ဆောင်ရွက်ချက်က ငြိမ်းချမ်းစွာ နိုင်ငံရေးကို ဆင်နွှဲဖို့ကြိုးစားခဲ့တာ အဲ့တော့နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာဖြေရှင်းတဲ့နည်း ကျနော်တို့ဆိုလို့ရှိရင် (၈၈)တုန်းက ကျောင်းသားလူငယ်တွေ အနေထားကို အဲ့ဒီ လောက်ကြီးပေါ့လေ ပထမတခါ ကျနော်တို့ စချလိုက်တာအနှစ် (၂၀)ကျွန်းမှာ အဲ့ဒီကနေစပြီးတော့ (၁၀)တွေနဲ့ နေသားအပြည့် နဲ့ လွတ်လာတယ်ဆိုတာကို ၁၉၀၀မှာကျနော့်ကို လွတ်ဝရမ်း ဖတ်ပြတယ်။ ဖတ်ပြပြီးခါမှာတခါ ပုဒ်မ (၁၀)ကနဲ့ ထပ်ပြီးတော့ သက်တန်းတိုးတယ် ထုတ်တယ်ဆိုတဲ့အခါမှာ ရုပ်တရက်တော့ ကျနော် အံ့အားသင့်သွားတဲ့ အခါမှာပဲ ကျနော်ကတော့ ဘာပဲပြောပြောကျနော်ကပြီးခဲ့ပါပြီ ကျနော့် ပုဂ္ဂလိက ခံစားချက်တွေဟာ သန်း(၅၀)ကျော်အတွက်

စဉ်းစားတဲ့အခါမှာ ကျနော့်တကိုယ်ရည်လိုမျိုး ရင်းနှီးပေးဆပ်လိုက်ကတာတွေ ဆုံးရှုံးခဲ့ရတာတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ။ ကျနော်တို့ ကျေကျေနပ်နပ်ကြီး ပေးဆပ်ကမှာပဲလို့ ခံယူထားပါတယ်။ ကျနော်ဆက်လည်း ပေးစပ်သွားဖို့ ဆန္ဒရှိပါတယ်။

မနေ့ကကျောင်းသားခေါင်းဆောင်တွေ ကိုမင်းကိုနိုင်တို့ ကိုပြုံးချိုတို့ ကိုဌေးကြွယ်တို့ပြောတယ်ပေါ့လေ။ ကျနော်တို့ထောင်ထဲမှာ နှစ်ရှည်နေခဲ့ရမယ်လို့ သူတို့ဒီအပေါ်မှာ အာဃာတရားမရှိပဲနဲ့ အညှိုးမရှိ သူတို့တိုင်းပြည် အတွက်ဆိုရင် ဘယ်လိုပဲ ပေးဆပ်က ပေးဆပ်က အမုန်းတရား သူတို့ရင်ထဲမှာမရှိဘူးလို့ ပြောတယ်ပေါ့လေ။ ကိုကိုကြီးတို့ ဘယ်လိုမျိုး တကယ်တော့ အမုန်းတရားတို့ အာဃာတတို့ဆိုတာ ဒေါသစိတ်ပါ အဲ့တည်ဒေါသဆိုတာ ကိုင်တွယ် ထားပြီး ကာယကံရှင်ကိုယ်တိုင် တုတ်နှောင်ပြီး ဘေးပတ်ဝန်းကျင်ကိုလည်း ကူးဆက်စေတယ်၊ တောက်လောင်စေတယ်၊ အဲတည်ဒေါသတွေ အာဃာတတွေနဲ့ ကျနော်တို့ နိုင်ငံတော်ကို တည်ဆောက်လို့မှမရတာ ဒါဟာ ကျနော်တို့ အထဲမှာ ယုံကြည်ကြပြီဆိုရင် ဒီအာဃာတတွေ အမုန်းတရားတွေဆိုတာ ကျနော်တို့ ပုဂ္ဂိုလ်ရေး လှုပ်ရှားမှုတွေကို ပစ်ပယ် မြှုပ်နှံပြီးတော့ ကျနော်တို့ နိုင်ငံသားတွေအတွက် ကျနော်တို့အနာဂတ်နိုင်ငံတော်အတွက်ပဲ ရှေးရှုပြီးတော့ တွေ့ဆုံဆွေးနွေး ညှိညှိနှိုင်းနှိုင်းနဲ့ ဆောင်ရွက်သွားကြဖို့ အဓိကအဲတာဟာ ကျနော်တို့လိုမျိုး နှစ်ရှည်လများကျထားတဲ့ ကျောင်းသားလူငယ်များမှာ ဒီလောက်ထိ တင်းတင်းကျပ်ကျပ်ရှိနေရင် တခြားအဖွဲ့အစည်းက ပုဂ္ဂိုလ်တွေမှာ ဘာကြောင့် ဒီလောက်မျိုး မရှိနိုင်ကမှာလည်းလို့ ကျနော်မျှော်လင့်တယ်။ ကျနော်ယုံလည်းယုံကြည်တယ်။ ဖြစ်ကိုဖြစ်ရမယ်လို့ ကျနော်တထစ်ကျယုံကြည်တယ်။

ဒါကတော့ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနဲ့ DVB ဆက်သွယ်မေး မြန်းခန်း ပထမအပိုင်းဖြစ်ပါတယ်။

အစသို့

❖

## ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ ပြန်လွှတ်ပေးရန် ဗြိတိန်အစိုးရ တောင်းဆို

၁၈၊ မတ်၊ ၂၀၀၅

ရှမ်း တိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းပြည်တပ်မတော် နာယက ဗိုလ်ချုပ် ဆေထင် အပါဝင် မတရားဖမ်းဆီးခံနေရသည့် ရှမ်းခေါင်းဆောင်(၁၀)ဦးကို ချက်ချင်းပြန်လွှတ်ပေးရန် ဗြိတိန်အစိုးရက နအဖ ကို တောင်းဆိုလိုက်သည်။ နိုင်ငံခြားရေးရုံးဝန်ကြီး အလက်ဇန်းဒါး က ယခုလို တောင်းဆိုလိုက်ခြင်းဖြစ်ပြီး အဆိုပါ လူများအားလုံးကို ချက်ချင်းလွှတ်ပေးကာ အမျိုးသားညီလာခံ၌ ဆွေးနွေးခွင့်ပေးသင့်သည်ဟု ပြောဆိုလိုက်သည်။

ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးပြီး စွဲချက်တင်မည်ဆိုသည့် ကိစ္စမှာ မည်သို့မှ တရားမျှတမှု မရှိသလို ဤသည်မှာ ညီလာခံကို နိုင်ငံရေးပါတီအားလုံး အစုံအညီတက်ခွင့်မပေးခြင်း၏ အကျိုးဆက် ဆိုးကျိုးများ ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးရုံးက ပြောဆိုသည်။ ထို့ပြင် ယခုလိုဖမ်းဆီးမှုများကြောင့် လက်ရှိ ကျင်းပနေသည့် အမျိုးသားညီလာခံမှာ တိုင်းရင်းသားများ လိုလားနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်မပေးနိုင်ကြောင်း သက်သေပြသလိုဖြစ်သွားစေသည်ဟုလည်း ဝန်ကြီး အလက်ဇန်းဒါး ကပြောဆိုသည်။

ထို့ကြောင့် ဖမ်းဆီးခံ ရှမ်းခေါင်းဆောင် (၁၀)လုံးကို ချက်ချင်းပြန်လွှတ်ပေးပါ။ ၎င်းတို့ တင်ပြချင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ကျင်းပဆဲ အမျိုးသားညီလာခံတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်ပေးပါ ဟု ဗြိတိန်အစိုးရအနေဖြင့် တောင်းဆိုပါကြောင်း ယနေ့ထုတ်ပြန်သည့် ဗြိတိန် နိုင်ငံခြားရေးရုံး ထုတ်ပြန်ချက် ၌ ဖော်ပြထားသည်။

အစသို့

❖

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (စီအာပီပီ) အဖွဲ့ဝင်တဦးဖြစ်သူ ဦးကျော်မင်း ကို အာဏာပိုင်တို့က ဖမ်းဆီး

၁၈၊ မတ်၊ ၂၀၀၅

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (စီအာပီပီ) အဖွဲ့ဝင်တဦးဖြစ်သူ ဦးကျော်မင်း ကို အာဏာပိုင်တို့က မနေ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။ ၎င်းနေထိုင်သည့် ရန်ကုန်မြို့ရှိနေအိမ်ကို မနေ့က ည(၁၁)နာရီခွဲခန့်တွင် အထူးရဲများ ရောက်ရှိလာပြီး စစ်ဆေးစရာရှိ၍ဟု ဆိုကာ ယခုလိုဖမ်းဆီး သွားခြင်းဖြစ်ကြောင်း (စီအာပီပီ) အဖွဲ့ဝင်တဦးက ဒီဗွီဘီ ကို အတည်ပြုပြောကြားခဲ့သည်။

သို့သော်လည်း မည်သသည့်အတွက်ကြောင့် ဖမ်းဆီးသည်။ ယခု မည်သည့်နေရာတွင် ရှိသည်ဆိုသည်ကိုမူ ၎င်းကိုယ်တိုင် မသိရသေးဟုဆိုသည်။

အသက်(၅၂)နှစ်ရှိ ဦးကျော်မင်းမှာ ရခိုင်ပြည်နယ် ဘူးသီးတောင် အမှတ်(၁)မှ ရွေးကောက်ခံ ကိုယ်စားလှယ်တဦးဖြစ်ပြီး လူ့အခွင့်ရေးနှင့် ဒီမိုကရေစီပါတီ၏ အလုပ်မှုဆောင်ကော်မီဝင်လည်း ဖြစ်သည်။ ဤသည်မှာ မနေ့က

တရက်တည်းမှာပင် ဒုတိယမြောက် ဖမ်းဆီးမှုဖြစ်ပြီး ပထမ နေ့လည် (၁၁)နာရီ၌ ဖမ်းဆီးခံရသမှာ ရန်ကုန်တွင် နေထိုင်သူ စစ်ကိုင်းတိုင်း၏ အဖွဲ့ချုပ် ဥက္ကဌ ဦးကျော်ဆန်း ဖြစ်သည်။

မနေ့က ဖမ်းဆီးခံရသည့် ဦးကျော်ဆန်း အခြေအနေနှင့်ပတ်သက်ပြီး နောက်ဆုံးအခြေနေကို သိရှိနိုင်ရန် ဇနီးသည် ဒေါ်မွေနွဲ့ကို မေးမြန်းကြည့်ရာ၌ အာဏာပိုင်တို့၏လုပ်ရပ်ကို မကျေနပ်သည့်အတွက် ဦးကျော်ဆန်း အစာငတ်ခံ ဆန္ဒပြနေကြောင်း ယခုလိုဖြေကြားခဲ့သည်။

“ဟို အန်တီ ဒီနေ့ မနက်သွားတော့လေ၊ အန်ကယ်က မတွေ့ရဘူးဆိုပြီး သူတို့က ပေးမဝင်ဘူး။ မနက်(၈)နာရီလောက်ကို မုန့်ဟင်းခါးနဲ့ စားစရာ သွားပို့တာ ပစ္စည်းယူပြီးတော့ အန်တီ ပေးမဝင်ဘူး။မနေ့က စပြီး အစာ မစားဘူးတဲ့။ ငါ့လဲ ဘာမှ လာမပြောနဲ့တဲ့။ အော်ပြောနေတာ အန်တီက ကြားရတယ်ပေါ့နော်။ လူကို မတွေ့ရဘူး။ အော်အော်ပြောနေတာ ငါ့ကို ဘာမှ လာမပို့နဲ့။ ဘာမှ လာမပေးနဲ့။ အော်ပြောနေရတာပေ့ါ။ လူအချင်းချင်း ကပ်ပြီးတော့ မတွေ့ရဘူး။ အင်းစိန်ရဲစခန်း အချုပ်ခန်းလဲမှာ ထည့်ထားတာ။ ဘာ အစာမှ မစားဘူးပေ့ါ။ ငါ အစာငတ်ခံ ဆန္ဒပြနေတယ် ပြောလိုက်တဲ့။ ဘာမှ မစားပဲနဲ့ ပေးထားတဲ့ ချိုင်းတွေ အကုန်လုံး ပြန်ပေးလိုက်တယ်။ ဟင်းချိုင့်တွေရော ထမင်းချိုင့်တွေရော၊ ငှက်ပျောသီးတွေ ပေါင်မုန့်တွေလဲ အကုန်ပြန်ပေးလိုက်တယ်။ ဘာမှ မစားဘူး။ ”

အသက်(၇၃)နှစ် ရှိနေပြီဖြစ်သည့် ဗိုလ်မှူးကြီးဟောင်း ဦးကျော်ဆန်းမှာ စစ်ကိုင်းတိုင်း တန့်ဆည် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် နိုဘဲလ်ငြိမ်းချမ်းရေးဆု ရရှိသည်ကို ထောက်ခံမှုဖြင့် ၁၉၉၂ ခုနှစ်၌ ပထမ အကြိမ် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်(၇)နှစ် ကျခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်တွင် (စီအာပီပီ)ဖွဲ့စည်းရန် ကြိုးစားရာ၌ ပါဝင်မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းက ပြန်လည်လွှတ်မြောက်လာသူ ဖြစ်သည်။

ထောင်က ပြန်လွှတ်ကာစ လွှတ်တော်ကိုယ်စားများကို နအဖ က ယခုလို ဖမ်းဆီးနေခြင်းဖြစ်ပြီး ၎င်းထက် အလျင်ဆုံး ဖမ်းဆီးခံရသူ(၂)ဦးမှာ စစ်ကိုင်းတိုင်း ကန့်ဘလူ မြို့နယ်မှ ဒေါက်တာ မြင့်နိုင်နှင့် ရှမ်းပြည်နယ် တောင်ကြီးမှ ဦးကျော်ခင်တို့ဖြစ်ကြောင်း သိရသည်။

အစသို့

❖

## အကျဉ်းထောင်မှ ပြန်လည်လွှတ်မြောက်လာသည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ဆက်သွယ်မေးမြန်းချက် (ဒုတိယပိုင်း)

*၁၈၊ မတ်၊ ၂၀၀၅*

အကျဉ်းထောင်မှ ပြန်လည်လွှတ်မြောက်လာခဲ့သည့် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ဆက်သွယ်မေးမြန်းချက် (ဒုတိယပိုင်း)ကို ဖော်ပြလိုက်ရပေသည်။

ကိုမိုးအေး ။ ။ အဲဒီတော့ တိုက်ဆိုင်တယ်လို့ပဲ ပြောရမှာပေ့ါလေ။ လွန်ခဲ့တဲ့ (၁၇)နှစ်က ကျောင်းသားလှုပ်ရှားမှု စတင်ခဲ့တဲ့ အချိန်ပေ့ါ။ အပြင်မှာ ပြန်လွှတ်လာတယ်ဆိုတော့ရော လွန်ခဲ့တဲ့(၁၇)နှစ်ကို ပြန်တွေးမိလား။ ပြန်ရင်ခုန်မိလား။ ဘယ်လိုမျိုးရှိမလဲ ခင်ဗျ။

“အဲဒီလို အနိဋ္ဌာရုံမျိုးတွေ အဲဒီလို အဖြစ်အပျက်မျိုးတွေ နောက် လူငယ်တွေ နောက် မျိုးဆက်တွေ မကြုံစေချင်တဲ့ ဆန္ဒက အဓိကပါပဲ။ ဒါကြောင့်လဲ ကျနော်တို့ လူငယ်မျိုးဆက်တွေက နောင် မျိုးဆက်တွေ နောင် ကလေးတွေ လွတ်လပ်ပျော်ရွှင် ချမ်းမြေ့တဲ့ ဘဝ ရောက်ဖို့အတွက် ကျနော်တို့ ပုဂ္ဂိုလ်ရေးဘဝတွေ ပေးဆပ်နေကြရတယ်လို့ ကျနော် ဒီလိုပဲ နားလည်ပါတယ်။ ”

ကိုမိုးအေး ။ ။ ဟုတ်ကဲ့ ခင်ဗျ။ ကိုကိုကြီး ကို တသက်တကျွန်း ချလောက်အောင် ဘာအပြစ်တွေများ ကျူးလွန်ခဲ့လဲလို့ မျိုးဆက်သစ်ကျောင်းသားတွေက မေးမယ်ဆိုလို့ရှိရင် ကိုကိုကြီး ကျောင်းသားခေါင်းဆောင် တယောက်အနေနဲ့ ဘယ်လိုရှင်းပြမလဲ၊ သူတို့ကိုလေ။

“မျိုးဆက်သစ်ကျောင်းသားလူငယ်တွေကို ကျနော် ဒီအကြောင်းတွေ ပြန်ပြေမယ်ဆိုရင်တော့ မယုံနိုင်လောက်အောင် တကယ့်ကို ဒဏ္ဍာရီတခုလိုပဲ သူတို့ ခံစားကြရလိမ့်မယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ လုပ်ခဲ့ကိုင်ခဲ့တဲ့ အတိုင်းအတာနဲ့ ပြစ်ဒဏ်နဲ့ပြောမယ်ဆိုရင် ကျနော်တို့ပြောတာ ဟုတ်ပဲ့ါ ဟုတ်ပဲ့ါမလားလို့ ကျနော်တို့ကို မယုံသင်္ကာနဲ့ ပြန်မေးလိမ့်မယ်လို့ ထင်ပါတယ်။ ကျနော်တို့ (၈၈)မျိုးဆက်တွေ ကျနော်တို့က နိုင်ငံတော်အတွက် ဘာတွေလုပ်ပေးနိုင်မလဲ။ ဘာတွေလုပ်ပေးရမလဲဆိုတဲ့ အနေနဲ့ ကျနော်တို့ ဖြတ်သန်းခဲ့ကြတယ်။ အခုခေတ်လူငယ်တွေမှာ ကျနော်ဆခေတ်ထက်စာရင် ခေတ်အလျောက် ပွင့်လင်းမှုတွေ ရလာပြီ။ အလားအလာတွေ ရှိလာပြီ။ အဲဒီတော့ တကိုယ်ရည် အလားအလာတွေကိုပဲ မကြည့်ဠ်နဲ့ ကိုယ့်ခေတ်ပြိုင် လူငယ်တွေအားလုံး လွတ်လပ်ဖွံ့ဖြိုးဖို့ နိုင်ငံသူ နိုင်ငံသားတွေအားလုံး လွတ်လပ်ဖွံ့ဖြိုးဖို့ဆိုတဲ့

ပရစိတ်ဓါတ်ကို ဦးစားပေးပြီးတော့ မွေးမြူကြဖို့။ ကိုယ့်တကိုယ်ရည်အကျိုးလဲ တိုးတက်အောင်လုပ်ရင်းနဲ့ အားလုံးအတွက်ကိုပါ တိုးတက်အောင်ကြိုးပမ်းကြဖို့ ကျနော်တိုက်တွန်းချင်ပါတယ်။ ”

ကိုမိုးအေး ။ ။ နောက်ပြီးတော့ ၈၈၈၈ တုန်းက လက်တွဲလုပ်ကိုင်ခဲ့ဖူးတဲ့ ကျောင်းသားတွေ အကျဉ်းသား မိသားစုဝင်တွေကိုရော ကိုကိုကြီး ပြန်လွတ်လာတဲ့သူတယောက်အနေနဲ့ ဘယ်လိုမျိုးပြောပြစရာ ရှိမလဲခင်ဗျ။

“ပြင်ပမှာရှိနေတဲ့ ရဲဘော်ရဲဘက်တွေ အကျဉ်းသားမိသာစုတွေ အပါအဝင်ပေါ့လေ။ ထောင်နှစ်ရှည်ကျတဲ့သူမှာ ကျနော့်အခေါ်တော့ ‘တေ် (၄)တေ်’ ပေါ့ဗျာ။ ကျနော် ဘာကြုံခဲ့ဖူးလဲဆိုတော့ စစ်ကြောရေးမှာ လုံးဝ ပေးမအိပ်ဘဲနဲ့ အအိပ် ငတ်တာမျိုး၊ ကြုံခဲ့ဖူးတယ်။ နောက်တခါ ရေ လုံးဝ ပေးမတိုက်ဘဲ နေတဲ့အခါမှာ ရေငတ်တာ၊ နောက်ဆုံး အပေ့ါအပါးသွားဖို့ အကြောင်းပြုပြီးတော့ အိမ်သာထဲက ဘုံဘိုင်က ရေဟာ ကျနော့်ဘဝ တသက်တာမှာ အရသာအရှိဆုံး ရေပါပဲ။ အဲဒီလောက်ထိ ရေငတ်တာလဲ ကြုံခဲ့ဖူးတယ်။ အစာမကျွေးဘဲထားတာလဲ (၂)ရက်ကြုံခဲ့ဖူးတယ်။ အဲဒီလို ငတ်တာတွေထဲမှာ နှစ်ရှည် အကျဉ်းသားတယောက်အတွက် အဆိုးဆုံး ငတ်ခြင်းက ‘လူ ငတ်ခြင်း’ ဗျ။ လူ ငတ်တယ်ဆိုတာ ဘာလဲဆိုတော့ နံရံ(၄)ဘက် ပိတ်ထားတဲ့အချိန်မှာ ကိုယ်နဲ့ ဘာသာစကားတူမယ့် ခံစားချက်တူမယ့် ရင်ဖွင့်ချင်တယ်၊ စကားပြောချင်တယ်။ ဒါမှ မဟုတ်လို့ရှိရင်လဲ အိမ်က လာတယ်ဆိုရင် အိမ်ကို ဘယ်သူလာသေးလဲ၊ သူငယ်ချင်းတွေက ဘာ မှာလိုက်သေးလဲ၊ ဘာပြောသလဲ ဆိုတာမျိုးတွေကို အရမ်းသိချင်တယ်။ ထောင်ဝင်စာတွေရတာ (၁၅)မိနစ်လောက် တွေ့ရတာ။ ပြန်လာလို့ရှိရင် အဲဒီက ရသမျှ စကားလေး တစွန်းတစပေါ်မှာ မူတည်ပြီးတော့ ငါဟာ တယောက်တည်းနေတာ မဟုတ်ဘူး။ ငါ့မှာ ထောက်ခံအားပေးတဲ့ သူတွေ၊ ရဲဘော်ရဲဘက်တွေ ရှိနေတယ်ဆိုတဲ့ အသိနဲ့ ဒီ ထောင်နှစ်ရှည်ကာလကို ဖြတ်ရတာဖြစ်တဲ့အခါကျတော့ ထောင်ထဲမှာ ရှိနေတဲ့ အကျဉ်းသားတွေကို အတတ်နိုင်ဆုံး ရုပ်ပိုင်းအရ မဟုတ်တောင် စိတ်ပိုင်းအရ ကူညီပံ့ပိုးပေးမှုတွေ အဓိက လိုအပ်ပါတယ်။ ဥပမာ အခုဆိုလို့ရှိရင် ကျနော်တို့ အရမ်းကျေးဇူးတင်ပါတယ်။ အိုင်စီအာစီ ဝင်လာတဲ့အခါမှာ ဘာပဲပြောပြော မိသားစုတွေ ထောင်ဝင်စာတွေ့နိုင်ဖို့ စီစဉ်ပေးတယ်။ အဲဒီတော့ ဒီနေရာကနေ ကျနော်ပြောချင်တာကလဲ အကျဉ်းသား မိသားစုတွေအနေနဲ့ လာဖို့ အခက်အခဲရှိတယ်ဆိုရင် အိုင်စီအာစီ ကတဆင့် လမ်းစရိတ် အထောက်အပံ့ယူပြီးတော့ တွေ့ဖြစ်အောင် တွေ့ပါ။ တကယ်လို့ မတွေ့နိုင်လို့ရှိရင်လဲ ထောင်တွေကို စာရေးဆက်သွယ်လို့ရတယ်။ စွန့်လွှတ်စွန့်စားနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် အကောင်းဆုံး အထောက်အပံ့ ပေးခြင်းကတော့ ကျနော်တို့တွေရဲ့ လိုအပ်နေတဲ့ ခံစားမှုကို ဖြည့်ဆည်းပေးကြပါ။ ရဲဘော်ရဲဘက်တွေ မိသားစုတွေ ဆွေမျိုးသားချင်းတွေ အားလုံးကနေပြီးတော့ ဒီခံစားမှုကို စာနာပေးကြပါ။ ဒါကို အဓိကထားပြီးတော့ ကျနော် တိုက်တွန်းချင်ပါတယ်။”

ကိုမိုးအေး ။ ။ ဟုတ်ကဲ့ခင်ဗျ။ ၈၈၈၈ ကျောင်းသားခေါင်းဆောင်တယောက်အနေနဲ့ပြောရရင်ပေ့ါလေ၊ ဒီ (၁၄)နှစ်နီးပါး ကာလမှာ ကိုယ်ရေးကိုယ်တာ ထူးထူးခြားခြားခံစားခဲ့ရတာလေး ရှိမယ်ဆိုရင် ပြောပြလို့ရမလားခင်ဗျ။

“မိခင်ကွယ်လွန်တာကို ကြုံလိုက်ရတဲ့ သားတယောက်အနေနဲ့ အမေနဲ့ပတ်သက်တဲ့ မေတ္တာကို လေးလေးနက်နက် ကျနော်ပြောချင်တယ်။ အဲဒါဘာလဲဆိုတော့ ၁၉၉၂ စက်တင်ဘာလ(၂)ရက်နေ့မှာ ကိုကိုကြီး အရပ်ဝတ် လဲမယ်ဆိုပြီးတော့ ကျနော့်ကို လာခေါ်တယ်။ လာခေါ်တော့ ကျနော်က ထောင်ထဲမှာ ခြေကျင်းကြီးနဲ့ဗျ။ ဘာမှန်းမသိဘူး၊ ကျနော်လိုက်သွားတယ်။ အချုပ်ရုံး ဒီဘက် ခြေကျင်းဘုတ်ရောက်တော့ ကျနော့်ကို ခြေကျင်းဖြုတ်တယ်။ ခြေကျင်းဖြုတ်ပြီးတော့ ထောင်ပူးထဲခေါ်သွားတဲ့အချိန်မှာ ခင်ဗျား စိတ်ငြိမ်ငြိမ်ထားပါတဲ့။ ဘယ်လိုမှ မအောင့်မေ့ပါနဲ့တဲ့။ ဒီနေ့ ခင်ဗျားအမေ အသုဘ ချမယ်တဲ့။ ကျနော်မှာ အဲဒီတုန်းက ခံစားချက်ပေ့ါဗျာ၊ ဘယ်လိုပြောရမှန်း ကျနော် မသိဘူး။ ကျနော် မခံစားတတ်ဘူး။ အထူးခြားဆုံးပါ။ ကျနော့်ဘဝမှာ ဘယ်တော့မှလဲ မေ့မှာ မဟုတ်တော့ဘူး။ အမေဟာ သူ့ရဲ့ နောက်ဆုံးခရီးမှာ သူ သိပ်ချစ်တဲ့ သားရဲ့ ခြေကျင်းကို ဖြုတ်ပေးသွားတယ်ဗျာ။ အဲဒီ အမေ အသုဘ ပို့ပြီးပြန်လာတော့ ကျနော့်ကို လူမှုရေးအရဆိုပြီးတော့ ကျနော့် ခြေကျင်းကို နောက်ထပ် (၁၂)ရက် ဆက်ခတ်မယ့်ဟာကို အမေ ဖြုတ်ပေးသွားတယ်။

အစသို့

❖

## လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး ထောင်ဝင်စာ ပိတ်ခံရ

၂၂၊ မတ်၊ ၂၀၀၅

မတရားဖမ်းဆီးခံထားရတဲ့ လားရှိုးမြို့နယ် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးကို အာဏာပိုင်တွေက ထောင်ဝင်စာပိတ်ပင်ထားတယ်လို့ သိရပါတယ်။ လွှတ်တော်ကိုယ်စာလှယ်တဦးဖြစ်တဲ့ ဦးသန်းဌေးကို သားဖြစ်သူရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ဆက်နွယ်ပြီး ပြီးခဲ့တဲ့နှစ် ဩဂုတ်လထဲမှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီနောက် အမှုကို (၂)လအတွင်း အပြီးစစ်ဆေးပြီး ဦးသန်းဌေးနဲ့သားဖြစ်သူ ကိုတူးတို့ကို ထောင် (၅)နှစ်စီအသီးသီး ချမှတ်ခဲ့ပါတယ်။ မူလက လားရှိုးထောင်မှာ ချုပ်နှောင်ထားခဲ့ပြီး အခုလအစောပိုင်းမှာ မိသားစုနဲ့ ဝေးတဲ့ မန္တလေးထောင်ဆီ ပြောင်းရွှေ့ခဲ့ပါတယ်။ အဲ့ဒီနောက်ကလေးထောင်စီ ထပ်မံပြောင်းရွှေ့ခဲ့ပါတယ်။ ဒီလိုပြောင်းတာကို အာဏာပိုင်တွေဘက်က မိသားစုထံ

တရားဝင်အကြောင်းကြားတာမျိုး မရှိခဲ့ဘူးလို့ သိရှိရပါတယ်။ အခုသတင်းကြားလို့ မိသားစုက ထောင်ဝင်စာသွားတွေ့ရာမှာလည်း အာဏာပိုင်တွေကငြင်းပယ်ခဲ့တဲ့အကြောင်း ဦးသန်းဌေးရဲ့ လုပ်ဖော်ကိုင်ဖက်တဦးဖြစ်သူ ဦးထွန်းရွှေက အခုလိုပြောပြပါတယ်။

"ဒီနေ့ပဲ ကျနော်သူ့အမျိုးသမီးကို ဖုန်းဆက်ကြည့်တယ်လေ ဦးသန်းဌေးရဲ့ဇနီးဆီကိုဆက်တော့ စာရင်းတင်ထားတာပြန်မကျသေးလို့ မတွေ့ရသေးဘူးလို့ အဲ့လိုကျနော်သိရတယ်။ ဒီနေ့မှလားရှိုးပြန်ရောက်မှာ၊ အဲ့ဒါဘယ်လိုအကြောင်းကြောင့်လည်းမသိဘူး၊ ထောင်ရဲ့ဟိုဟာလားမသိဘူး၊ ကျနော်တို့လည်း အခုမှကြားဖူးတာ၊ ဘာစာရင်းလည်းမသိဘူး၊ သီးသန့်စာရင်းတင်ထားတာလား ဘယ်လိုလည်းမသိဘူး ကျနော်တို့လည်း နားမလည်ဘူးဗျာ အဲ့ဒါတော့၊ ဒီလောက်ကြာရင်တော့ တွေ့ခွင့်ရပြီထင်ပြီးတော့မှ လိုက်သွားတာလေ၊ အစောပိုင်း ချက်ချင်းမလိုက်ဘူး၊ ချက်ချင်းသွားလို့ရှိရင် တွေ့မှာမဟုတ်ဘူး၊ တွေ့ခွင့်ရမှာမဟုတ်ဘူးပေ့ါနော်၊ အဲ့ဒီလိုအချိန်လေး နည်းနည်းယူပြီး သွားတဲ့အခါကျတော့လည်း အခုလည်းမတွေ့ရဘူးလို့ အဲ့လိုကြားရတယ်ဗျ။ နိုင်ငံရေးပုဒ်မနဲ့အပြစ်ပေးထားတာမဟုတ်ဘူး၊ ပြစ်ဒဏ်ချထားတာမဟုတ်ဘူး ဒီလိုတော့ပြောတယ်၊ ဒါပေမယ့် သွားတွေ့တဲ့အခါကျတော့လည်း မတွေ့ရဘူးဆိုတော့လည်း ဘာထူးလဲဗျာ။ "

ကလေးထောင်မှာ မတရားဖမ်းဆီးခံထားရတဲ့ လားရှိုးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးကို အာဏာပိုင်တွေက မိသားစုနဲ့ တွေ့ခွင့်မပေးတဲ့အကြောင်း ဦးထွန်းရွှေ ပြောပြသွားတာဖြစ်ပါတယ်။

အစသို့

❖

## ဦးခွန်ထွန်းဦးတို့ရဲ့ အမှု ထပ်မံစစ်ဆေးနေ

*၂၂၊ မတ်၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦးတို့ရဲ့အမှုကို အာဏာပိုင်တွေက ဒီကနေ့ ထပ်မံစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ ဒီကနေ့ရုံးချိန်းမှာ ဦးခွန်ထွန်းဦးနဲ့ ဦးစိုင်းညွန့်လွင်တို့ရဲ့ မိသားစုဝင်တွေကို ထောင်ဝင်စာတွေ့ ခွင့်ပေးခဲ့တယ်လို့လည်း မိသားစုနဲ့ နီးစပ်သူတဦးကပြောပါတယ်။ ဒါအပြင်အစိုးရငှားပေးတဲ့ ရှေ့နေတွေကိုမကြိုက်တဲ့အတွက် စိတ်ကြိုက်ရှေ့နေငှားခွင့်ပေးဖို့ ဦးခွန်ထွန်းဦးက ဒီကနေ့ရုံးချိန်းမှာ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မိသားစုရဲ့ ပါဝါလွှဲအပ်ခြင်းခံထားရသူ ရှေ့နေဦးအောင်သိန်းကို ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ ဦးခွန်ထွန်းဦးကိုယ်တိုင်က လက်မခံရင် လက်ရှိတည်ဆဲဥပဒေအရ စိတ်ကြိုက်ရှေ့နေငှားခွင့်ရှိကြောင်း အခုလိုပြောပြထားပါတယ်။

"သူ့မိသားစုတွေ့ခွင့်ရပြီးတဲ့အခါမှာ မိသားစုကနေတွေ့ခွင့်ရပြီ ဟာ သူတို့ချပေးတဲ့ရှေ့နေကိုငါတို့ကျေနပ်တယ်ဆိုရင် သူတို့နဲ့သွားပါ၊ ငါတို့အစိုးရရှေ့နေကို မကျေနပ်ဘူး သူတို့ကထပြောမယ် သို့မဟုတ် သူတို့က တရားရုံးမှာ မိသားစုကိုပြောမယ်၊ မိသားစုက ကနေပြီးတော့ ကျနော်ရှေ့နေ ကျနော့်မိသားစုကနေ အပြင်ရှေ့နေငှားပါမယ်ဆိုပြီးတော့ ပြောလို့ရှိရင် တရားရုံးမှာ ကာယကံရှင်ကိုယ်၌ကပြောရင် အဲ့ဒီမှာခွင့်ပြုကောင်းခွင့်ပြုနိုင်တယ်ပေ့ါ၊ စိတ်ကြိုက်ငှားရမ်းပြီးတော့ ခုခံချေပပိုင်ခွင့်ရှိပါတယ်။ ယခင်ခေတ်ကလည်း အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အချက်အလက်ထဲမှာလည်း အဲ့ဒါတွေပါဝင်ပါတယ်။ နောက်ပြီးတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမှာလည်း (၁၃၀) မှာလည်း ဖော်ပြထားပြီးဖြစ်ပါတယ်။ မိမိစိတ်ကြိုက်ရှေ့နေကိုငှားခွင့်ရှိတယ်ဆိုတာ ဘယ်လိုပုဒ်မမျိုး ဘယ်လိုအဆင့်အတန်းမျိုးခွဲခြားထားတာမရှိပါဘူး။ "

ဦးခွန်ထွန်းဦးမိသားစုပါဝါလွှဲအပ်ခံထားရသူ ရှေ့နေဦးအောင်သိန်းဖြစ်ပါတယ်။ အခုလ (၁၅)ရက်နေ့ကပြုလုပ်တဲ့ နအဖရဲ့သတင်းစာရှင်းလင်းပွဲအရ ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းတိုင်းရင်းသား(၁၀)ဦးကို ပုဒ်မ–၁၂၁၊ ၁၂၂ နိုင်ငံတော်ပုန်ကန်မှုနဲ့ ပုဒ်မ–၁၇(၁)တရားမဝင်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုတို့နဲ့ စွဲချက်တင်ထားတာဖြစ်ပါတယ်။ ဦးခွန်ထွန်းဦးနဲ့အတူ ဖမ်းခံထားရသူတွေကတော့ ရှမ်းအဖွဲ့ချုပ်မှ ဦးစိုင်းညွန့်လွင်၊ ဦးစိုင်းလှအောင်နဲ့ စဝ်သာဦး၊ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီဥက္ကဌ ဗိုလ်ချုပ်စိန်ထင်နဲ့ ရှမ်းမျိုးဆက်သစ်အဖွဲ့မှ ဦးမြင့်သန်း၊ ဦးညီမိုး၊ ဦးဘသင်၊ ဦးထွန်းညိုနဲ့ ဦးမျိုးဝင်းထွန်းတို့ဖြစ်ကြပါတယ်။

အစသို့

❖

## လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း မိသားစုနှင့် တွေ့ခွင့်မရသေး

*၂၂၊ မတ်၊ ၂၀၀၅*

အခုလ(၁၇)ရက်နေ့က ဖမ်းဆီးသွားတဲ့ ့စစ်ကိုင်းတိုင်း တန့်ဆည် မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကိုတော့ အခုအချိန်အထိ မိသားစုနဲ့ လုံးဝတွေ့ခွင့်မပေးပဲ အင်းစိန်ထောင်ထဲမှာ တံခါးပိတ် စစ်ဆေးနေတယ်လို့ သိရပါတယ်။ မနေ့က

ထောင်ဝင်စာသွားတွေ့ပေမယ့် တွေ့ခွင့်မရခဲ့တဲ့အပြင် ယူသွားတဲ့ အစားအသောက်တွေလည်း အားလုံးပြန်ယူလာခဲ့ရတယ်လို့ ဇနီးသည်ဒေါ်မေနွဲ့က အခုလိုပြောပါတယ်။

"ဒီနေ့သွားတွေ့တာ တွေ့ခွင့်မပေးဘူးလေ၊ သူ့ကိုမေးတုန်းမြန်းတုန်းပဲဆိုပြီး တွေ့ခွင့်မပေးပါဘူး။ ပြီးတော့ အဝမှာ ထောင်ဝင်စာရေးတဲ့နေရာမှာလေ အထဲကိုသူတို့ဖုန်းဆက်တာပေါ့၊ ဒီနေ့ မေးတုန်းမြန်းတုန်းမို့လိုတဲ့ တွေ့ခွင့်မပေးနိုင်ပါဘူး အဲ့ဒီလိုပြောတယ်။ တွေ့ခွင့်ရရင် အဲ့ဒီလာခေါ်သွားတဲ့အဖွဲ့အစည်းက အင်းစိန်နယ်မြေက ရဲတွေကအကြောင်းကြားလိမ့်မယ် အဲ့ဒါပဲပြောလိုက်တယ်၊ ဒီနေ့က စားစရာတွေအကုန်ယူသွားတယ်၊ ဟိုမှာသူမစားရင်လည်း တွေ့ရင် ဖျောင်းဖျပြီး ကျွေးမလို့ပေါ့နော်၊ အဲ့ဒါ အန်တီယူသွားတာ သူနဲ့မတွေ့ရတော့ စားစရာတွေအကုန်ပြန်ယူလာတာ၊ သူတို့ကိုတော့ ပြောထားတယ်၊ နင်တို့ အဲ့ဒါ နင်တို့ပေးမတွေ့တော့ ငါ မဖျောင်းဖျနိုင်ဘူး။ တခုခုတစုံဖြစ်ရင်နင်တို့ တာဝန်ပဲလို့ ပြန်ပြောခဲ့သေးတယ်။ ဟုတ်တယ် သူတို့လက်မခံဘူး၊ ပေးလည်းမတွေ့ဘူး၊ လက်လည်းမခံဘူး။ "

ဒေါ်မေနွဲ့ မနေ့ကပြောပြခဲ့တာပါ။ ဦးကျော်ဆန်းဟာ ဖမ်းသွားတဲ့ နောက်တနေ့ကစပြီး အာဏာပိုင်တွေရဲ့လုပ်ရပ်ကို မကျေနပ်တဲ့အတွက် အစာတော်ခံဆန္ဒပြနေတယ်လို့လည်း သိရပါတယ်။ မနေ့ကယူသွားတဲ့ အစားအသောက်တွေကိုလည်း ပေးခွင့်မရခဲ့တဲ့အတွက် ဆက်လက် အစာတော်ခံဆန္ဒပြနေဆဲလို့ ယူဆရပြီး ဦးကျော်ဆန်းရဲ့ ကျန်းမာရေးအတွက် အထူးစိုးရိမ်ရကြောင်းလည်း ဒေါ်မေနွဲ့ကပြောကြားသွားပါတယ်၊ ဦးကျော်ဆန်းကို အာဏာပိုင်တွေက ဘာအတွက် ဖမ်းဆီးစစ်ဆေးနေတာကိုတော့ အခုအချိန်အထိ အတိအကျ မသိရသေးပါဘူး။ အလားတူ ဖေဖော်ဝါရီလ (၂၅)ရက်နေ့က ဖမ်းဆီးသွားတဲ့ တောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကိုလည်း အာဏာပိုင်တွေက ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ပြီး ဘယ်မှာချုပ်နှောင်ထားတယ်ဆိုတာ အတိအကျ မသိရတဲ့အတွက် မိသားစုဝင်တွေ အထူးစိုးရိမ်နေကြတယ်လို့လည်း တောင်ကြီးမြို့က အဖွဲ့ချုပ်ဝင်တွေ ပြောပြချက်အရ အသိရပါတယ်။

အစသို့

❖

သာယာဝတီအကျဉ်းထောင်တွင်နှစ်ရှည်ထောင်ဒဏ်ချခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုဉာဏ်ဝင်း ကျမ္မာရေးအခြေအနေ ဆိုးဝါးနေ

၂၂၊ မတ်၊ ၂၀၀၅

သာယာဝတီအကျဉ်းထောင်ထဲမှာ ထောင်နှစ်ရှည်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုညဏ်ဝင်းဟာ အသက်အန္တရာယ် စိုးရိမ်ရလောက်တဲ့အထိ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP က ယနေ့သတင်းထုန်ပြန်ထားပါတယ်။ ဒ့ါအပြင် AAPP ဟာ US camping for Brmsa အဖွဲ့နဲ့ ပူးတွဲပြီး ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အပါအဝင် မတရားထိမ်းသိမ်းခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား (၁၀)ဦး ကိစ္စကို အရေးယူဆောင်ရွက်ပေးဖို့လည်း ကုလသမဂ္ဂထံ စာရေးတောင်းဆိုထားပါတယ်။ ဒီအကြောင်းတွေကို ဒီဗွီဘီသတင်းထောက် ကိုထက်ရာဇာက သတင်းပေးပို့ထားပါတယ်။

နိုင်ငံရေးအကျဉ်းသားတဦးဖြစ်တဲ့ ကိုဉာဏ်ဝင်းဟာ လက်ရှိသာယာဝတီ အကျဉ်းထောင်ထဲမှာ နှစ်ရှည်အကျဉ်းချခံထားရဆဲ ဖြစ်ပြီး ကျောက်ကပ်ရောဂါ၊ အူလမ်းကြောင်း၊ ဆီးလမ်းကြောင်းရောက်တဲ့ ရောဂါများနဲ့ ကျန်းမာရေးအခြေအနေဟာ အလွန်စိုးဝါးနေတယ်လို့ ဒီကြေညာချက်မှာပါရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း AAPP ရဲ့တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်ကို ဆက်သွယ် မေးမြန်းခဲ့ရာမှာတော့ သူကအခုလိုပြောပြပါတယ်။

"သတင်းထုတ်ပြန်ချက်ထုတ်ရတဲ့ အဓိကအကြောင်းကတော့ ဗမာပြည်ရဲ့ အကျဉ်းထောင်ထဲမှာ ကျန်းမာရေးအရ ဆိုးဆိုးဝါးဝါးခံစားနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုဉာဏ်ဝင်းရဲအကြောင်းကို မြန်မာပြည်သူတွေရော တခြား ကုလသမဂ္ဂအပါအဝင် အခြားနိုင်ငံက အစိုးရပိုင်းတွေ သိရှိရအောင် ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။ အဓိက ကျနော်တို့ တွေ့ထားရတဲ့အချက်ကတော့ ထောင်ထဲမှာ ကိုညဏ်ဝင်းဟာ နှစ်ရှည်အကျဉ်းချ ခံထားရတာဖြစ်တယ်။ ထောင်ထဲမှာ နေခဲ့ရတဲ့သူတို့ရဲ့ နှစ်ပေါင်းပေါ့ ၁၅နှစ်ကျော် ၁၆နှစ်တာကာလအတွင်းမှာ အကျဉ်းထောင်ရဲ့ ကျန်းမာရေးအရ အစားအသောက်ညံ့ဖျင်းမှု၊ ကျန်းမာရေးအရ ဆေးဝါးစောင့်ရှောင်မှုညံ့ဖျင်းမှု၊ အဲ့လိုညံ့ဖျင်းမှုတွေကြောင့် အခုလို ကျောက်ကပ်ရောဂါတို့၊ အူလမ်းကြောင်းတဲ့ဆီးလမ်းကြောင်းမှာယောင်နေတဲ့အတွက် အစားအသောက်ကောင်းကောင်း မစားနိုင်တော့ဘူး။ သူ့ရဲ့ကျန်းမာရေးအခြေအနေက အသက်ဆုံးရှုံးသွားနိုင်တဲ့ အခြေအနေမျိုးတွေရှိတယ်။ ဒီလိုအခြေအနေမျိုးတွေ ရှိတဲ့အခါကျတော့ ဒီနိုင်ငံရေးအကျဉ်းသား တယောက်ဖြစ်တဲ့ ကိုညဏ်ဝင်းပြန်လွတ်ဖို့အတွက် အဖွဲ့အစည်းအသီးသီး၊ နောက် ပြည်သူတွေ အပေါင်းကရော ပြန်လည်လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေကရော တက်နိုင်သမျှ ဝိုင်းဝန်းပြီး ကြိုးစားကြဖို့ အသိပေးတဲ့ အနေနဲ့ ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။ "

ဒါကတော့ သာယာဝတီအကျဉ်းထောင်ထဲမှာ ကျန်းမာရေးဆိုးရွားနေပြီး အကျဉ်းကျခံထားရဆဲဖြစ်တဲ့ ကိုညဏ်ဝင်းရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်လို့ ကိုဘိုကြည် ပြောပြသွားတာဖြစ်ပါတယ်။ တဆက်ထဲမှာပဲ UNHCR ကိုတင်ထားတဲ့

နိုင်ငံရေးအကျဉ်းသာတွေရဲ့ အခြေအနေ တိုင်စာတစောင် အကြောင်းကိုလည်း ကိုဘိုကြည်က အခုလို ဆက်လက်ရှင်းပြသွားပါတယ်။

“ကျနော်တို့ အခု ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ကို ကော်မရှင်လက်အောက်က အဖွဲ့အစည်းတခုဖြစ်တဲ့ အဲ့ဒီအဖွဲ့က အခုမတရားသဖြင့် အဖမ်းအဆီးခံထားရတဲ့ သူတွေအတွက် အလုပ်လုပ်ပေးတဲ့အလုပ်အဖွဲ့ပေါ့၊ အဲ့ဒီအဖွဲ့ကို ကျနော်တို့က ပြစ်ဒဏ်စေ့ပြီးတော့ပြန်မလွှတ်သေးတဲ့ နိုင်ငံရေးအကျဉ်းသား(၁၀)ဦး၊ အဲ့ဒီ(၁၀)ဦးကို ကျနော်တို့က ဒီလူတွေဟာ မတရားသဖြင့် ဖမ်းဆီးခံထားရပါတယ်။ အဲ့ဒီမှာ နိုင်ငံတကာဥပဒေအရ ကျနော်တို့ ဘောင်ဝင်အောင်ရေးပြီးတော့ ကုလသမဂ္ဂရဲ့ အလုပ်အဖွဲ့ကိုကျနော်တို့တင်ပါတယ်။ အဲ့လိုတင်ထားတဲ့အခါမှာ ကုလသမဂ္ဂအလုပ်အဖွဲ့က ကျနော်တို့တင်ထားတဲ့ တင်ပြချက်ကို သူတို့လက်ခံမယ်၊ အဲလိုလက်ခံမယ်ဆိုလို့ရှိရင် နအဖအစိုးရကို ဘာကြောင့် ဒီလူတွေကိုဖမ်းထားသလဲဆိုတဲ့ မေးခွန်းတွေမေးမယ်၊ မေးတဲ့အခါမှာ နအဖကလည်း ဖြေရှင်းခွင့်ရှိတယ်။ အဲ့လိုပြန်ဖြေပြီးတဲ့အချိန် ဒီအဖွဲ့ကဒီလူတွေဟာ မတရားသဖြင့် အဖမ်းခံထားရတာ ဟုတ်မဟုတ် သူတို့စီစစ်မယ်၊ စီရင်ချက်ချမယ်။ စီရင်ချက်ချပြီးတဲ့အခါမှာ ဟုတ်တယ်ဆိုလို့ရှိရင်လည်း သူတို့ကနအဖအစိုးရကိုလည်း ဒီလူတွေကို ချက်ချင်းလွှတ်ပေးဖို့ ပြောရမှာဖြစ်တယ်။ အဲ့လိုပြောပြီးတဲ့အပြင်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် ညီလာခံကို ကျနော်တို့ ဒီလူတွေဟာ မတရားသဖြင့် ဖမ်းဆီးခံရတာဖြစ်တယ်။ အဲ့လိုပုံစံမျိုးနဲ့ နိုင်ငံတကာဥပဒေပုံစံအရ ကျနော်တို့က မြန်မာနိုင်ငံမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ မတရားသဖြင့် အဖမ်းခံရပါတယ်လို့ ပေါ်လွင်အောင် ကျနော်တို့လုပ်တဲ့အနေနဲ့ ဒီလိုမျိုးကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းကိုတင်သွင်းရတာဖြစ်ပါတယ်။ ”

နိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေအကြောင်း ကိုထက်ရာဇာရဲ့သတင်းပေးပို့ချက်ဖြစ်ပါတယ်။

အစသို့

❖

## ဖမ်းဆီးထားခံရသော ဦးကျော်ဆန်း၊ ဦးကျော်မင်းနှင့် ဦးခွန်ထွန်းဦးတို့အခြေအနေ

*၂၆၊ မတ်၊ ၂၀၀၅။*

စစ်ကိုင်းတိုင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးကျော်ဆန်း နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ CRPP အဖွဲ့ဝင် ဦးကျော်မင်းတို့ကို နအဖ က ဖမ်းဆီးထားသည်မှာ ယနေ့ဆိုလျှင် (၁၀)ရက်ပြည့်သွားပြီ ဖြစ်သော်လည်း ယခုအချိန်အထိ မိသားစုနှင့်တွေ့ခွင့်မပေးသည့်အပြင် မည်သည့်အတွက်ဖမ်းဆီးခဲ့ကြောင်း ရှင်းပြခြင်း မရှိသေးကြောင်း သိရသည်။ စတင်ဖမ်းဆီးပြီး အင်းစိန်ရဲစခန်း၌ ချုပ်နှောင်ထားစဉ်က ထောင်သို့ရောက်လျှင် တွေ့ခွင့်ပေးမည်ဟု အာဏာပိုင်များက ပြောဆိုခဲ့ပြီး ယခုအထိ တစ်ကြိမ်ပင် တွေ့ခွင့်မပေးသေးကြောင်းကို ဦးကျော်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်မေနွဲ့မှ အောက်ပါအတိုင်းရှင်းပြသည်။

‘တွေ့ခွင့်မရသေးပါဘူး၊ ဘာကြောင့်လဲဆိုတာ ဘာအကြောင်းမှ မထူးသေးဘူး၊ ဘာမှပေးလို့လဲမရဘူး။ အန်တီ တနင်္လာနေ့က သွားတွေ့တော့ မတွေ့ခဲ့ရဘူး။ တွေ့ခွင့်ရတဲ့အခါ သူ့ကိုခေါ်သွားတဲ့ အဖွဲ့အစည်းက လာပြီးတော့ပြောပါ့မယ်လို့ ပြောလိုက်တာပဲ။ အဲဒီလို တွေ့ခွင့်မရတဲ့အတွက် အန်တီလည်း မသွားတော့ဘူး။’

CRPP အဖွဲ့ဝင် ဦးကျော်မင်း၏ အခြေအနေကို စုံစမ်း၍မရဖြစ်နေသည်။ ၎င်းတို့ထက် စောလျှင်စွာ ဖမ်းဆီး ခံခဲ့ရသည့် ရှမ်းအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦး နှင့် (၁၀)ဦးကို မိသားစုနှင့် တွေ့ခွင့်မပေးသေးသော်လည်း ဆေးဝါး၊ စားစရာနှင့် အသုံးအဆောင်ပစ္စည်းများကို လွန်ခဲ့သောရက်ပိုင်းအတွင်းက ပေးခွင့်ပြုခဲ့ကြောင်း မိသားစုနှင့် နီးစပ်သူတစ်ဦးက ယခုလို ပြောပြသည်။

‘မနေ့ကသွားခဲ့ပါတယ်၊ တွေ့ခွင့်မရပါဘူး။ ဒီနေ့သွားတော့လည်း တွေ့ခွင့်မပေးပါဘူး၊ ပါဆယ်ပို့ရင်တော့ ရပါတယ်။ (၁၇)ရက်နေ့မှာ သူတို့သောက်သုံးဖို့အတွက် ဝယ်ခဲ့တဲ့ဆေးဝါးတွေကို ၍ဃမ္ဃ ကတစ်ဆင့် ပို့လိုက်တာ (၁၈)ရက် နေ့မှာ ပါဆယ်ရတယ်။ ဒီနေ့ ၍ညအနမလငနေတ(ထောင်ဝင်စာကို ပြောတာပါ) ရမယ်ထင်လို့သွားတာ ထောင်အာဏာပိုင်တွေက စစ်ကြောရေးကာလဖြစ်လို့ မပေးပါတဲ့၊ ဒါပေမယ့် သူတို့ရဲ့လက်ရှိ Connection အရ သတင်းစာရှင်းလင်းပွဲတွေမှာ ရုံးတင်ထားပြီးပြီဆိုတော့ Under Trial ပါ၊ ဒီကာလမှာ ၍ညအနမလငနေတ ပေးရမှာကို မပေးတော့ အချိန်ကုန် လူပန်း ပြီးတော့ ပြန်လာခဲ့ရပါတယ်။’

ထို့ပြင် ဦးခွန်ထွန်းဦးတို့ကို ရုံးထုတ်စစ်ဆေးနေသည်မှာ (၅)ကြိမ်ရှိသွားကြောင်းသိရပြီး အစိုးရဖက်မှ ငှားပေးသော ရှေ့နေ (၂)ဦးကလည်း ကြံ့ဖွံ့အဖွဲ့ဝင်များဖြစ်နေသည်ဟု ထပ်လောင်းပြောဆိုသွားသည်၊ ထို့ကြောင့် လွတ်လပ်သည့် ရှေ့နေများကို အမြန်ဆုံးငှားခွင့်ပေးရန် တရားရုံးချုပ်နှင့် ရှေ့နေရုံးချုပ်သို့ မိသားစုဝင်များက စာရေးတောင်းဆိုထားကြောင်း သိရသည်။

အစသို့

❖

## ပြည်အကျဉ်းထောင်ရှိ ဒေါက်တာသန်းငြိမ်းအား အာဏာပိုင်တို့မှ ဆေးကုသခွင့် မပြုသေး

*၂၇၊ မတ်၊ ၂၀၀၅။*

ပြည်အကျဉ်းထောင်၌ မတရားဖမ်းဆီးခံထားရသည့် ကျောက်တန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းအား အာဏာပိုင်တို့မှ ယခုအချိန်အထိ ဆေးကုသခွင့်မပေးသေးကြောင်းသိရသည်။ အသက်(၆၇)နှစ် အရွယ်ရှိ ဒေါက်တာသန်းငြိမ်းသည် အသည်း၊ အစာအိမ်၊ ဆီးကြိတ် နှင့် အရိုးကျည်းပေါင်းတက်ရောဂါများ ခံစားနေရပြီး တစ်လတစ်ကြိမ် အထူးကု သမားတော်ကြီးများနှင့် ပြသနေရခြင်းဖြစ်သော်လည်း အင်းစိန်ထောင်မှ ပြည်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည့် (၆)လ ကျော်ကာလအတွင်း ဆေးကုသခွင့် လုံးဝမရသေးကြောင်း လွန်ခဲ့သည့် သီတင်းပတ်တွင် ထောင်ဝင်စာ သွားတွေ့ခဲ့သော ဇနီးသည် ဒေါ်ခင်အေးက ယခုလိုပြောကြားသွားသည်။

'အရင်တစ်ခါပြပေးပြီးကတည်းက ဒီဆရာဝန်က ဘာမှမလုပ်နိုင်တော့ ထပ်မပြတော့ဘူး။ အရင်က အသည်းက တစ်လတစ်ခါ၊ ဆီးကြိတ်နဲ့ အစာအိမ်က (၆)လတစ်ခါ၊ ကင်ဆာ ဖြစ် မဖြစ်ဆိုတာလည်း အမြဲတမ်း အာလ်ထရာဆောင်းရိုက်သင့် ရိုက်ရတယ်။ နောက်ပြီး အစာအိမ် မှန်ပြောင်းကြည့်ပြီး ဘိုင်အိုစီ လုပ်ရတယ်။ ဒါတွေဘာမှမလုပ်ရတော့ ထောင်ထဲမှာ ဘာတွေဖြစ်နေမှန်း မသိဘူး။ ဒေါက်တာသန်းငြိမ်းကတော့ "ငါ့မှာရောဂါတွေရှိလျက်နဲ့ ပေးမပြဘူးဆိုတော့ ဒါ ငါသေရင် သေပါစေဆိုပြီးတော့ ထားလိုက်တာပဲပေါ့တဲ့"၊'

ဒေါက်တာသန်းငြိမ်းအား အကျဉ်းဦးစီးမှ ညွှန်မှူးကိုယ်တိုင် လွန်ခဲ့သောလက လာရောက်ကြည့်ရှုခဲ့သော်လည်း သင့်တော်သော ဆေးဝါးကုသမှု မပေးကြောင်းသိရသည်။ ထို့ပြင် ပြည် အကျဉ်းထောင်၌ လာရောက်ကြည့်ရှုခဲ့သည့်ဆရာဝန်မှ ရန်ကုန်တွင် အမြန်ဆုံး ဆေးကုသမှုခံယူသင့်ကြောင်း လွန်ခဲ့သော (၁၈)ရက်နေ့ကတည်းက အာဏာပိုင်ထံ တင်ပြခဲ့သော်လည်း ယခုအချိန်အထိ အကြောင်းမပြန်သေးကြောင်းသိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်ခင်အေးမှ ယခုလိုဆက်လက်ပြောပြပါသည်။

'အန်ကယ့်လ်ဆီကို သူတို့လာကြတယ်၊ တစ်နှစ်ထပ်တိုးတယ် ဆိုတုန်းကလည်း လာတယ်။ ပြည်ထောင်ရောက်ပြီးမှ ညွှန်မှူးတစ်ယောက်လာတွေ့ပြီး စကားပြောတယ်၊ အဲဒီအချိန်မှာ သူ့ရောဂါအခြေအနေ အကုန်ပြောပြလိုက်တယ်၊ ပြီးခဲ့တဲ့ (၁၈)ရက် နေ့က Physician တစ်ယောက်ခေါ်ပြီး ပြတော့ ဒါတွေဟာ သူ့သက်ဆိုင်ရာ ရန်ကုန်က ဆေးရုံတွေမှာပဲ ပြရမယ်ဆိုတာ မှတ်ချက်ပေးတယ်၊ ဒါကို သူတို့ Fax ပို့ပြီးတော့တင်ထားတယ်ပြောပေမယ့် အခုထိ ဘာမှပြန်မကျဘူး၊ အိမ်မှာ လူတစ်ယောက် နေမကောင်းဘူးဆိုရင်တောင် ကိုယ်ဖိရင်ဖိ ပြုစုကြတာ အခုလို ထောင်ထဲမှာ သွားပြီးဖြစ်နေတာဆိုတော့ နေ့တဓူဝ မတွေ့ရတဲ့အချိန်တွေမှာ ဘာများဖြစ်နေသလဲ အမြဲစိုးရိမ်နေရတာပေါ့။

အစသို့

❖

## လွှတ်တော်အမတ် ဦးကျော်မင်းနှင့် ဦးကျော်ဆန်းအား ရုံးတင်စစ်ဆေးခြင်း မရှိဘဲ ဖမ်းဆီးထား

*၂၈၊ မတ်၊ ၂၀၀၅*

ယခုလ(၁၇)ရက်နေ့က ဖမ်းဆီးသွားသည့် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကိုလည်း ရုံးတင်စစ်ဆေးခြင်း မရှိဘဲ အင်းစိန်ထောင်၌ ဆက်လက်ချုပ်နှောင်ထားကြောင်း သိရသည်။ ဦးကျော်ဆန်းကို မည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်ကို ယခုအချိန်ထိ အာဏာပိုင်တို့က ပြောပြခြင်းမရှိသလို အင်းစိန်ထောင်ကို ရောက်လျှင် တွေ့ခွင့်ပေးမည်ဟု ပြောပြီး တွေ့ခွင့် မပေးသည့်အပေါ် အထူးစိတ်ပျက်မိကြောင်း ဇနီးသည် ဒေါ်မေနွဲ့က ပြော ဆိုသည်။ ယနေ့ အင်းစိန်ထောင်ကို ထပ်မံသွားရောက်သည့် အခါတွင်လည်း ဦးကျော်ဆန်းကို ထောင်ဝင်စာ ပိတ်ပင်ထားသည်ဟု ပြောဆိုပြီး ပစ္စည်းပင် ပေးခွင့်မရဘဲ ပြန်လာခဲ့ရကြောင်း ဒေါ်မေနွဲ့က ယခုလိုပြောပြသည်။

"မနက်က အန်တီ သွားတွေ့တာတွေ့ခွင့် မပေးဘူး။ တွေ့ခွင့် မပေးလို့ရှိရင် ပစ္စည်းပေးလို့ရလားဆိုတော့ ပစ္စည်းလဲ ပေးလို မရဘူးဆိုပြီး ဒီအတိုင်းပဲ ပြန်လာရတယ်။ သူတို့ ပြောတယ်၊ ထောင်ဝင်စာ ပိတ်တယ်ဆိုတာ လူတွေ့တာလဲ မပေးတွေ့ဘူး၊ ပစ္စည်းလဲ မပေးရဘူး အဲ့ဒီလိုပဲ ပြောလိုက်တယ်။ မတွေ့ရရင် အန်တီက ပစ္စည်းလေး ပေးပါရစေလို့ပြောတော့ ပစ္စည်းလဲပေး မရဘူးတဲ့။ ယူသွားတဲ့ပစ္စည်းတွေ ပြန်ယူခဲ့ရတယ်လေ။ "

ဦးကျော်ဆန်းကို ယနေ့ထိ ရုံးထုတ်စစ်ဆေးခြင်း မရှိသေး၍ အာဏာပိုင်တို့က စွဲချက်တင်ထောင်ချခြင်း မလုပ်ပဲ ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားခြင်း ရှိမရှိကို ဒေါ်မေနွဲ့က ယခုလို ပြန်လည်ဖြေကြားခဲ့သည်။

"အဲ့ဒါတော့ မသိဘူး၊ ကံတရားပဲလေ၊ သူတို့လဲ မပြောတတ်ဘူး၊ အန်တီတို့လဲ ဥပဒေ နားမလည်ဘူးလေ၊ ကိုယ်ကလဲ ဘာမှလဲ မပတ်သက်ဘူးပေ့ါနော်၊ မပတ်သက်ပဲ သူတို့ စွဲချင်လို့ စွဲသွားတယ်၊ သူတို့ ဘယ်လိုလုပ်မလဲဆိုတာ အန်တီတို့လဲ မပြောတတ်ဘူးလေ။"

ဦးကျော်ဆန်းနှင့် တစ်ရက်တည်း ဖမ်းဆီးခံရသူ CRPP အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၏ အခြေအနေကိုမူ စုံစမ်းမေးမြန်း မရဖြစ်နေသည်။ ဂျပန်နိုင်ငံအခြေစိုက် မြန်မာနိုင်ငံသားများ ရှိဟင်ဂျာများ အသင်းကမူ ဦးကျော်မင်း အပါအဝင် မတရားဖမ်းဆီးထားသည့် CRPP အဖွဲ့ဝင် အားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန် နအဖ ကို တိုက်တွန်းတောင်း ဆိုထားသည်။

အစသို့

❖

## ကလေး ထောင်မှ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေဆိုးရွားနေ

*၂၉၊ မတ်၊ ၂၀၀၃*

စစ်ကိုင်းတိုင်း ကလေး ထောင်တွင် မတရားဖမ်းဆီးထောင်ချခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုစောဝင်း၏ ကျန်းမာရေး အခြေအနေ ဆိုးရွားနေကြောင်း သိရသည်။ ငှက်ဖျားရောဂါဝါတ်ခံရှိသည့် ကိုစောဝင်းသည် လတ်တလော ဆီးလမ်းကြောင်းတွင် ကျောက် တည်သောရောဂါ အပြင်းအထန် ခံစားနေရကြောင်း ယနေ့ ထောင်ဝင်စာတွေ့ရာမှ ပြန်လာသော မိသားစုဝင်တစ်ဦးမှ ပြောဆိုသည်။ ထောင်ဝင်စာတွေ့ရာတွင်လည်း လူနှစ်ယောက် တွဲထုတ်လာရပြီး ကြာရှည်စွာ ရပ်စကားပြောနိုင်ခြင်းမရှိကြောင်း ရှင်းလင်းပြောဆိုသွားသည်။

ရောဂါအပြင်းအထန်ခံစားနေရသော ကိုစောဝင်းမှာ ထောင်အာဏာပိုင်များထံတွင် ဆရာဝန်ပြပေးရန် အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း ရက်အတန်ကြာမှသာ ဆရာဝန်နှင့်ပြသခွင့်ပြုခဲ့သည်။ ယခု ဆီးလမ်းကြောင်းတွင် ကျောက် တည်သောရောဂါမှာ သက်သာခြင်းမရှိဘဲ ပိုမိုဆိုးရွားလာချိန်တွင် ထောင်အာဏာပိုင်များက ကိုစောဝင်းအား ဆရာဝန်နှင့် ဆေးကုသခွင့် ရပ်ဆိုင်းလိုက်သောကြောင့် ကျန်းမာရေးအတွက် အထူးစိုးရိမ်ရကြောင်း ယနေ့ထောင်ဝင်စာတွေ့ရာမှ ပြန်လာသော မိသားစုဝင်တစ်ဦးပြောကြားချက်အရသိရသည်။

ရန်ကုန်–ဒေါပုံ ဇာတိဖြစ်သော ကိုစောဝင်းအား နိုင်ငံရေး စာရွက်စာတမ်းများဖြန့်ဝေမှုနှင့် ၁၉၉၇ ခုနှစ်တွင် အာဏာပိုင်များက ဖမ်းဆီးကာ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ထားခြင်းဖြစ်သည်။

အစသို့

❖

## ဒီမိုကရေစီမျှော်လင့်ချက်တွေ နအဖ ဖျက်ဆီးနေ၊ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ဝေဖန်

*၃၀၊ မတ်၊ ၂၀၀၃*

မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြောင်းလဲမှုတွေ မြင်လာရမလားဆိုတဲ့ နိုင်ငံတကာရဲ့ မျှော်လင့်ချက်တွေကို နအဖ စစ်အစိုးရက ဖျက်ဆီးပစ်နေတယ်လို့ လူ့အခွင့်အရေးကိုယ်စားလှယ် ပေါ်ရှီဆာဂျို ပီညဲရိုးက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

ဂျီနီဗာမြို့မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးအတွင်း အခုလို ပြောဆိုသွားတာဖြစ်ပါတယ်။ နိုင်ငံရေးလှုပ်ရှားသူတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးထောင်ချနေတဲ့အချက်ဟာ ဒီမိုကရေစီမျှော်ငံ့ချက်တွေကို နအဖဖက်က ဖျက်ဆီးနေတယ်ဆိုတာ ကို ပြသတဲ့ အထောက်ထားတွေဖြစ်တယ်လို့လဲ ပီညဲရိုးက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသား ၁၃၀၀ ကျော်ကို မလွှတ်မချင်း၊ စစ်မှန်တဲ့ ဆွေးနွေးမှုတွေ မစမချင်း၊ တိုးတက်ဖြစ်ထွန်းမှုဆိုကို မြင်ရဖို့ မဖြစ်နိုင်ဘူးလို့လဲ ပီညဲရိုးက ပြောပါတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့စည်းတွေ အနေနဲ့ ရနိုင်တဲ့ နည်းလမ်းမှန်သမျှကို အသုံးချပြီး နအဖ စစ်အစိုးရကို စည်းရုံးနားချတာ၊ ဖိအားပေးတာ တွေကို အရှိန်မြှင့် လုပ်ဆောင်ဖို့ လိုနေပြီလို့ ပီညဲရိုးက တိုက်တွန်းသွားကြောင်း ဂျနီဗာ ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

အစသို့

❖